www.burmeseclassic.com

# ခိုင်ဇင်သက်

## မိုးရွာနေပူ . . .
## ချစ်သူရှိမယ်ဆို . . .



www.burmeseclassic.com

www.burmeseclassic.com

## မိုးရွာနေ၍ ချစ်သူရှိမယ်ဆို

ရင်ထဲ တထိတ်ထိတ်။

စိတ်ညစ်နေတာလား. . .။

ခဏနေရင် သမီးလာပါဦးလို့ ခေါ်တော့မည်။ ဘယ်လိုမျက်နှာအနေအထား ထားရမလဲ။ ပြီးတော့ ဘာတွေမေး ဘာတွေပြောရမှာလဲ. . .။ မေမေ့ကို စိတ်မညစ်စေချင်လို့ပါ။ ဒါပေမယ့်. . . ကျွန်မကတော့ စိတ်ညစ်ရမှာပါပဲ။

" သမီး . . . ခဏလောက် လာပါဦး . . . "

ခေါ်ပြီ။

အပြင်ဧည့်ခန်းကိုသာ ထွက်လာခဲ့ရတာ။

ခုချိန်ထိ မျက်ဝန်းတွေ ဟိုသည်မရွေ့ရဲ။

" နွယ်သမီးလေ ကိုဇော် . . . "

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးက လူနဲ့နာမည်လိုက်တာပဲ . . . ဒါကြောင့်လည်
သည်နာမည်လေး မှည့်ထားတာလား နွယ် . . ."

" နာမည်နဲ့လူလိုက်တယ် ဟုတ်လား ကိုဇော်. . .
ဘယ်ကလိုက်ရမှာလဲ . . . နာမည်ကသာ ယဉ်စစ . . . လူ
ပေါက်ကျော်မလေ . . . အိမ်ရှေ့က မာလကာပင်ပေါ်
တက်လွှန်းလို့ ဆူထားရတာ . . ."

" မျက်နှာလေးက ယဉ်တာပဲ . . ."

ဦးဇော်သင်းလှိုင်တဲ့။

မေမေလက်ထပ်တော့မည့်သူပါ။ မေမေလက်မထပ်
ဘူးလို့ မပြောရက်သည်က ယဉ်စစရဲ့ စာနာစိတ်လား။ ဒါပေ
ယဉ်စစ နှစ်သက်သည်မှ မဟုတ်တာ။ ယဉ်စစ လူမမယ်တည်း
ဖေဖေဆုံးသတဲ့။ ဖခင်ကို ချစ်တဲ့စိတ်တော့လည်း မရှိပါ
ဒါကြောင့်လည်း ဖေဖေနေရာအ ားထိုးမည်ဆို ဒေါသတ
စိတ်ဆိုးတာမျိုးတော့ မရှိဘူးလေ. . .။ ဒါပေမယ့်လို့ ချစ်
နှစ်သက်မှု ဘယ်လိုရှိမှာတဲ့လဲ. . .။

" သမီးနဲ့ယဉ်စစ အရွယ်တူလောက်ပါပဲ သူငယ်ချ
ရတာပေါ့ . . ."

ဦးဇော်သင်းလှိုင်မှာ သမီးရှိမှာပေါ့လေ။

မေမေနှင့်လည်း စိတ်ညစ်နေရတာနှင့် ဦးဇော်သင်းလှ
အကြောင်း မမေးမိပါဘူး။ မိန်းမဆုံးသွားပြီဆိုတာ သိပါတယ်





သားသမီးတွေဘယ်နှစ်ယောက်ရှိသလဲ၊ ဘယ်မှာနေသလဲ
ဆိုတာတွေ မေမေနှင့်လက်ထပ်ပြီးလျှင် ဘယ်ကို ပြောင်းရွှေ့
နေကြမှာလဲ ဒါမျိုးတွေကိုလည်း မမေးချင်တာနှင့် မမေးမိပါဘူး။

ယဉ်စစ ကိုယ်တိုင်တောင် မေမေစိတ်ညစ်မှာ စိုးရိမ်လို့
သာ ဘာမှမပြောတာ၊ ဦးဇော်သင်းလှိုင် အပေါ်မှာ ချစ်ခင်နှစ်လိုမှု
မရှိပါ။ ဦးဇော်သင်းလှိုင်ရဲ့ သမီးကရော. . . မေမေ့အပေါ်
ချစ်ခင်နှစ်လိုမှု ဘယ်လိုမှမရှိနိုင် . . .။

ဦးဇော်သင်းလှိုင်သာ နှုတ်ဆက်ပြန်သွားသည် ယဉ်စစ
နေရာမှ မထနိုင်သေး။

" သမီး . . ."

" ဟုတ်ကဲ့ "

" သမီး စိတ်ညစ်မယ်ဆိုတာ မေမေ နားလည်ပါတယ်"

ရင်ထဲမှာပဲ ပြောနေမိပါတယ် . . .

စိတ်ညစ်မယ်ဆိုတာ နားလည်ရင် အခုလို သားအမိ
နှစ်ယောက်ပဲ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်လား မေမေရယ်
လို့လေ . . .။

" မေမေ စီးပွားရေး ဦးမဆောင်နိုင်တော့ဘူး သမီး
. . . မေမေ မောနေပြီ. . . သည်အိမ်ကလည်း သမီး
တက္ကသိုလ်တက်နေတုန်း ပေါင်ရင်းက ဆုံးတော့မယ် . . .
မေမေတို့ ရေရှည် ရှေ့မဆက်နိုင်တော့ဘူးလေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ယဥ်စစ ဘွဲ့ရပြီဆိုတော့ အလုပ်တစ်ခုခုရှာပြ
မမေ့ကိုပြန်လုပ်ကျွေးပါမယ်လို့လည်း မပြောရဲ။ ယဥ်စ
ဘဝတစ်လျှောက်လုံး မမေ ကြိုးစားရှာဖွေကျွေးမွေးခဲ့ထ
သိနေတာပါပဲ။

" သမီးဘက်က မမေလက်ထပ်မှာကို မနှစ်သ
ပေမယ့် မဆန့်ကျင်လို့ ကျေးဇူးတင်တယ် သမီး . . . ကိုဇော်
မမေ့ ငယ်သူငယ်ချင်းပါ. . . သူတို့က ပြည့်စုံတယ် . .
လက်ထပ်ပြီးရင် ငွေဆိုတာ မမေတို့သားအမိအတွက် ပူစ
မရှိတော့ဘူး . . . "

မမေရယ် . . .

ငွေကြောင့် လက်ထပ်ရတယ်ဆိုတာ မကောင်းပါ
လေ။ ဦးဇော်သင်းလှိုင်တို့ဘက်ကရော ဘယ်လိုမြင်ကြမ
ဦးဇော်သင်းလှိုင်ရဲ့ ပြည့်စုံမှုကြောင့် မမေလက်ထပ်တယ်
မမြင်ပဲ နေပါ့မလား . . .။

" မမေတို့ လက်ထပ်ပြီးရင် ကိုဇော်ရဲ့ ငြိမ်းချမ်း မြိုင်
လိုက်နေကြမယ်. . . မနေချင်ပေမယ့်လည်း အဆင်ပြေအော
နေပါနော် သမီး . . . "

" သမီးတို့က လိုက်နေရမှာ "

" ဒါပေါ့ . . . "

" အဲသည့် အိမ်မှာ ရှိနေလက်စလူတွေကရော





သမီးတို့ကို နှစ်သက်မှာတဲ့လား . . . "

" မနှစ်သက်တော့ရော ဘာဖြစ်လဲ . . ? ဂရုစိုက်လို့
သမီးရယ် . . . ကိုဇော့်ကို မမေလက်ထပ်လိုက်ရင် မမေဟာ
ငြိမ်းချမ်းမြိုင်ရဲ့ အိမ်ရှင်မဖြစ်သွားပြီ သူတို့ မနှစ်သက်ရော
ဂရုစိုက်စရာလား . . . "

မမေ မမြင်အောင် သက်ပြင်းတွေရှိုက်ရတာ ယဥ်စစ
မောပါဘိ။ ယဥ်စစရဲ့ စိတ်ထဲမှာတော့ ဘယ်လိုပဲ အိမ်ရှင်မ
ဖြစ်ပါစေ ကိုယ့်ကိုမနှစ်သက်သော ဝန်းကျင်မှာ မနေလိုပါ
ဘူး. . .။ ဒါပေမယ့် မမေ့ကို ပြောလို့ဖြစ်မလား။
မမေကလည်း သူ့စိတ်နှင့် သူခံစားမှုပဲ။ ယဥ်စစကလည်း
ယဥ်စစ စိတ်ပေါ့လေ . . .။

" ဦးဇော်သင်းလှိုင်မှာ သမီးတစ်ယောက်ရှိသလား "

" သားသမီး သုံးယောက် ရှိတယ်တဲ့ "

" သုံးယောက်တောင် "

" သုံးယောက် ဘာဖြစ်လဲ . . . ဂရုစိုက်မနေပါနဲ့
သမီးရယ် . . . ပျော်သလိုသာနေ . . . "

" ပျော်သလို . . . "

ပျော်သလို ဘယ်လိုနေရမလဲ။

ယဥ်စစကတော့ ပျော်မည်လို့ကို မထင်။

" မမေတို့ ဘယ်တော့ လက်ထပ်မလဲ "



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



" လာမယ့် စနေ "

" ရှင် . . . စနေနေ့ . . . "

" ဟုတ်တယ်လေ. . . သည်အိမ်ကိုရောင်းဖို့ အကု[illegible] လုပ်ပြီးပြီ. . . စနေနေ့ ရွှေ့ကြတာပေါ့ . . . "

မေမေကတော့ ဦးဇော်သင်းလှိုင်နှင့် လက်ထပ်ရမည်ဆိုတာ ဘာမှ စိတ်ပူပန်ပုံမရ။ ခပ်အေးအေးပါလား။ လာမယ့် စနေဆိုတာ ဘာလိုတော့တာလိုက်လို့။ သည်နေ့က အင်္ဂ[illegible] ဗုဒ္ဓဟူး ကြာသာပတေး သောကြာ သုံးရက်ပြီးရင့်ရောက်တော့ မှာ။ ပစ္စည်းတွေသိမ်းရဦးမှာ။ ပစ္စည်းသာပြောဟယ်။ အိမ်မှာတ[illegible] အဖိုးတန်ပစ္စည်းဆိုလို့ မရှိသလောက်ဖြစ်နေပါပြီ။ တီဗွီရုပ်မြင်သံကြားတောင် ကျန်တဲ့လက မေမေရောင်းလ[illegible] လိုက်ပြီဆိုကတည်းက စဉ်းစားသာ ကြည့်တော့ . . .။

" သမီးအဝတ်အစားတွေ ထည့်ထားပေါ့ . . . ကျန်တာ ဘာရှိလို့လဲ . . . "

ယဉ်စစ မလိုက်ချင်ပါဘူး။

မလိုက်ချင်ပါဘူးဆို ဘယ်သွားနေရမလဲ။ နေစရာလည်း မရှိ။ ပြီးတော့ မေမေ့သံယောဇဉ်။ ယဉ်စစ အတွက် တစ်မျှင်တည်းသော သံယောဇဉ်ကြိုးပါ။ ခုချိန်ထိ မေမေနှင့် တစ်ခါမှလည်း မခွဲဖူး . . .။

" ဘာမှ စိတ်ပူစရာမရှိဘူး . . . သမီးဘက်မှာ





မေမေတစ်ယောက်လုံး ရှိတယ်။ ဘယ်သူမှ မကြောက်နဲ့ ကြားလား . . . ဘာပဲဖြစ်ဖြစ် မေမေ့ကိုပြန်ပြော. . . "

ဒါပဲရှိတော့တာပါ။

ယဉ်စစကတော့ ကြောက်သည်ဆိုသော ခံစားချက် မရှိစေကာမူ ပျော်ရွှင်မှုတော့ ရှိမည်မထင်ပါဘူးလေ။

✧ ✧ ✧ ✧ ✧

" ဒါငို့စရာလား . . . "

" ငိုစရာပေါ့ . . . "

ဟေမာဆိုတဲ့ ကောင်မလေးကတော့လေ။

ငိုလည်းငိုနိုင်လွန်းတဲ့ ကောင်မလေးပါပဲ။ အဲဒီ မျက်ရည်အလွန်ပေါသော ကောင်မလေးနှင့်မှ နှစ်များစွာ အချစ်ခင်ဆုံး သူငယ်ချင်းအနေနှင့် ပေါင်းမိပါသည်။

" အန်ကယ်လည်း အိမ်ရှင်မမှမရှိတာ တစ်ပင်လဲမှ တစ်ပင်ထူတာ အပြစ်မဟုတ်ပါဘူးဟာ. . . အန်တီဆုံးတာ လည်း နှစ်နှစ် ကျော်ပါပြီ "

" နှစ်နှစ်ဆိုတာ ဘာကြာလို့လဲ . . . ဒယ်လှောက်မှ မကြာသေးဘူး. . . မာမီ့ဟို ရင်ထဲကထုတ်ပြီး နောက်တစ် ယောက် ချစ်နိုင်တာများ အံ့ဩပါရဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" နင့်အဖေနော် အပြစ်သွားမတင်နဲ့ ငရဲကြီးမ... မငိုနေနဲ့ဟာ ခေါင်းကိုက်လာဦးမယ်. . . နင့်အစ်ကိုက... ဘာပြောလဲ "

" ကိုကို့အကြောင်းလည်း နင်သိသားနဲ့ ရေခဲတုံး... အေးစက်စက်ပေါ့ "

" ဒါဆို နင်လည်း ကိုမင်းမင်းလို အေးအေးနေ . . .

" နေပါတယ် ဒါပေမယ့် ငိုချင်တယ် . . . "

" မငိုနဲ့တော့ဟာ. . . ရော့ လက်ကိုင်ပဝါ . . . မိန်းကလေးဖြစ်ပြီး လက်ကိုင်ပဝါ ဘယ်တော့မှ မဆောင်ဘူ... ပြီးတော့ သူ့လောက်ငိုတာလည်းမရှိဘူး. . . ရော... နင့်မျက်ရည်တွေ နှပ်တွေ သည်လက်ကိုင်ပဝါနဲ့သုတ် ပြီး... နင့်ဘာသာ လျှော်ယူလိုက်တော့ . . . "

ဟေမာမြိုင်နှင့် ခင်မင်ခဲ့သမျှ သူငိုတိုင်းငိုတိုင်း... ရွှေမိုးညိုရဲ့ လက်ကိုင်ပဝါတွေသာ ပါပါသွားခဲ့ပါတယ်... ငိုလည်းငိုနိုင်လွန်းသူမို့ လက်ကိုင်ပဝါတွေ အချိုချိုပေးခဲ့ရပေါင်း များပါပြီ။

" ကိုညို "

" ဘာလဲ "

" မိထွေးဆိုတာ မကောင်းပါဘူး "

" နင် အဲလို တရားသေစွဲမနေနဲ့ ဟေမာ . . . "





" သူနဲ့ပါလာတဲ့ ကောင်မလေးလည်း ကောင်းမှာ ...တတ်ဘူး "

" ကြည့်ကြည့်ပါဦးဟာ ကြိုတင်ပြီး မကောင်းတာတွေ ...ခန့်မှန်းပါနဲ့ . . . "

" ငါ့မှာဖေချမ်းသာတာ မက်ပြီးယူမှ ဘယ်လိုကောင်းမှာ ...ခဲ့လဲ . . . "

" မဟုတ်နိုင်ပါဘူး "

ပြောမည့်သာပြောရ။

ဟေမာ့အဖေ သိပ်ချမ်းသာတယ်ဆိုတာ ရွှေမိုးညို ...သည်း မသိတာမှ မဟုတ်တာ။ ဟေမာနှင့် ခင်ခင်မင်မင် ...နေတာကိုပင် တချို့သူငယ်ချင်းတွေက ပစ္စည်းမက်တယ် ...ဆင်ချင်ကြသေးတာ။ ရွှေမိုးညို ဖေဖေနှင့်မေမေကလည်း ...အနည်းငယ်ပြည့်စုံလို့သာ တော်ပါတော့ရဲ့။

" ဒါဆိုရင် နင့်ကိုငါ တစ်ခုမေးမယ် ဟေမာ . . . နင့်တို့ ငါ ငယ်ကတည်းက ခင်ခဲ့တာ နင်ချမ်းသာလို့လား "

" ဘာဆိုင်လို့လဲ "

" အဲလိုပဲပေါ့ သူတို့လည်း ဒီလိုပဲ နေချင်နေမှာ "

" နင်က ငါ့ကို ခင်တာ ရိုးရိုးသားသားခင်တာ . . . နင့်ကိုငါယုံတာပဲ "

" သူတို့လည်း ယုံချင်ယုံရမှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" မထင်ပေါင် . . . "

" ထားပါတော့ဟာ အန်ကယ်ကိုစွ အန်ကယ်ဖြေရှင်းတတ်မှာပါ. . . ငါတို့လည်း ငါတို့ကိုစွ ငါတို့စဉ်းစားမယ် . . . နင်ရော ငါ့ကိုကြိုပို့လုပ်လိုက် မုန့်စားလိုက်နဲ့ ဘဝဆိုတာပြီးရောလား . . . "

ဟောမာ ရှစ်တန်းတက်ကတည်းက ခင်မင်ခဲ့တယ်။

ရွှေမိုးညိုဆယ်တန်းလည်းအောင်ရော မရွှေဟောမာက ဘယ်လိုဖြေဖြေ မအောင်တော့ပါဘူး စာကျက်ဆို မကျက်ချင်ဘူး ခေါင်းကိုက်လို့ မျက်စိမှုန်လို့နဲ့ အမျိုးမျိုးသောအကြောင်းတွေပြနေချိန်မှာ ရွှေမိုးညို ဘွဲ့ရသွားပြီ။ ဘွဲ့ရပြီး ဖေဖေရှယ်ယာပါသည့် ကုမ္ပဏီရဲ့ ကွန်ပျူတာဌာနမှာ ဝင်အလုပ်လုပ်နေလည်း ဟောမာနှင့်က အဆက်အသွယ် မပြတ်ပါဘူး။ ရွှေမိုးညို အလုပ်သွားဖို့ လာကြိုတယ် အပြန်ပို့ပေးတယ်။ အစား အသောက်ဆိုင် ကောင်းကောင်းဆို သွားစားတယ်။ ဘယ်နေရာမှာ ဆိုင်အသစ်ဖွင့်လို့ဆို ဟောမာအရင်ရောက်ပြီ။ ဒီလိုနှင့် အချိန်တွေဖြုန်းနေတာ ရွှေမိုးညိုမနှစ်သက်။

" ဈော်ပြီဂေါ့ ကိုညိုရာ. . . ငါက မိန်းကလေးပဲ အချိန်တန် ဒက်ဒီ့အမွေတွေလက်ခံ ချစ်တဲ့သူနဲ့ လက်ထပ် သားသမီးတွေထိန်း . . . ခုလိုပဲ ဟိုသွားဒီသွား ဘာလိုလို့လဲ "

ဟောမြိုင်ကျတော့လည်း ဘဝဆိုတာ ပေါ့ပေါ့လေး





လား။ ရွှေမိုးညိုကတော့ ကြိုးစားမှုနည်းလွန်းသည်လို့ င်တာပါပဲ. . .။ အလကားနေမယ့်အစား အင်္ဂလိပ်စာ ရှင်တက် စကားပြောသင်ဆိုတော့လည်း ပျင်းသတဲ့။ ငွေဆို တာလည်း လက်ဖြန့်လိုက်ရုံဆိုတော့ ရွှေမိုးညိုဘယ်လို ပြောပြော အရာမထင်တော့ပါလား . . .။

" နင်က ဃောက်ျားလေးလေ . . . နင်ကြိုးစားပေါ့ . . . နင် ကွန်ပျူတာတော်သလို အင်္ဂလိပ်စာလည်း တော်တယ် ခ်မ်းသာနေပြီပဲ ... . "

ပြောလိုက်ရင် သည်စကားမျိုးတွေချည်းပါပဲ။

ဖုန်းလာလို့ နားထောင်လိုက်တော့ . . . ဖိုးချို . . .။

မင်းရဲ့နှစ်ကိုယ့်တစ်စိတ်ကို ခွဲခွာနိုင်ရင် ငါဆီလာပါဦး။ စောင့်နေမယ့်တဲ့။ ပြုံးရင်းမှ လာခဲ့မယ်လို့ ပြောလိုက်ပါတယ်။

" ဖိုချိုမဟုတ်လား "

" အေး . . . ငါသွားမယ်. . . "

" မနက်ဖြန် အိမ်မှာ ထမင်းစား "

" အင်းပါ . . . "

" စနေနေ့ညကျရင် နင် ငါတို့အိမ်လိုက်ထမင်းစား . . . ါ ငွေမက်တို့ သားအမိကို ကြည့်ရအောင် . . . "

" နင်ကလည်းဟာ . . . သူများကို . . . "

ဟောမာ့ဒက်ဒီ ချမ်းသာတာတော့ ချမ်းသာတာပေါ့။

www.burmeseclassic.com



ဒါပေမယ့် လက်ထပ်တယ်ဆိုတိုင်းလည်း ငွေမက်လို့ ဟုတ်ချင်မှ ဟုတ်မှာပါ။ လူတစ်ယောက်နှင့်တစ်ယောက် လက်ထပ်တာ အကြောင်းအမျိုးမျိုးရှိမှာပေါ့ . . .။ ဟေမာထင်သလို ဟုတ်ချင်မှလည်း ဟုတ်မှာပါ။

ဟေမာတော့ ငိုလို့လည်း ဝသွားပြီထင်ပါရဲ့။

ပြီးတော့ . . . ငိုနေလို့ရော ရမှာတဲ့လား . . .။

ဖိုးချိုတို့အိမ်ကို သွားမယ် . . . ဟိုရောက်ရင် အိမ်ကိုပြန်ဖုန်းဆက်ရဦးမယ် . . . မေမေက ရွှေမိုးညို အိမ်ပြန်မိုးချုပ်တာ မကြိုက်။ မိုးနည်းနည်းချုပ်ရင် ဘယ်မှာ ရှိနေမည်ဆိုတာ ဖုန်းဆက်ပြောရတယ်။ အများကြီး နောက်ကျမည်ဆိုရင်တော့ ဒက်ဒီ လာကြိုဖို့သာ ပြင်ထား ပေတော့။ ဒီလောက်တော့ရှိမယ်လေ တစ်ဦးတည်းသော သားမဟုတ်လား။

✧ ✧ ✧ ✧ ✧

" သမီး ကားမောင်းတတ်လား "

" ဟင့်အင်း . . . မတတ်ပါဘူး "

" ဒါဆို သင်ပေးခိုင်းရမယ် . . . သမီးအတွက် ကားတစ်စီး ဝယ်ပေးမယ် . . . အိမ်မှာတော့ ဟေမာလည်း





ားတစ်စီးနဲ့ပဲ အပြင်သွားနေတာ "

" ဟေမာ . . . "

" အန်ကယ့်သမီး ဟေမာမြိုင်လေ . . . သားကြီး င်းသန့်မြိုင်လည်း ကားတစ်စီးရှိတာပဲ "

" ဟင့်အင်း ယဉ်စ မလိုချင် . . . "

" ဟုတ်တယ် ကောင်းတယ် . . . ဝယ်ပေးနော် ဆိုဇော် "

ယဉ်စစ စကားမဆုံးခင် မာမီက ဝယ်ပေးတဲ့။ မလိုချင် ပါဘူး။ ကားလည်း မမောင်းချင်ပါဘူး။ ယဉ်စသူငယ်ချင်း ဆွေသက်ကားနဲ့ သွားလို့ရနေတာပါပဲ။ ကားမောင်းရတာ ဘယ်လောက်စိတ်ပင်ပန်းတယ်ဆိုတာ ယဉ်စ သိနေတာပါပဲ။ မောင်းချင်ပါဘူး။ အခုချိန်မှာတော့ ငြိမ်းချမ်းမြိုင်ကို ဦးတည်ရာ ားပေါ်မှာ . . .။ မကြာခင် ငြိမ်းချမ်းမြိုင်ကို ယဉ်စ ရောက်ရ တော့မည်။ စိတ်ထဲမှာ နေရာသစ်အတွက် စိတ်ပျက်ခြင်း တွေသာ ရင်နှင့်အမျှ . . .။

" ယဉ်စက စာတော်တယ် ဘွဲ့ရပြီး ဟေမာက ာမကြိုးစားဘူး နွယ် ဘယ်လိုမှ ပြောမရဘူး "

" ဒီအကြောင်းကို အခုကားပေါ်မှာပဲ ပြောပါ အန်ကယ် အန်ကယ့်သမီးရှေ့မှာ မပြောပါနဲ့ . . . အခြောက်တိုက် ယဉ်စ အမြင်ကတ်မခံနိုင်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ ယဉ်စ ... "

" ဟုတ်တာပေါ့ ဟုတ်တာပေါ့ ... သမီးပြောတာ မှန်တာပဲ ... "

နဂိုရ်ကမှ မိထွေးနှင့်ပါလာသော သမီးဆိုတဲ့ အတွေးစနှင့် မကြည်လင်ဖို့များရတဲ့အထဲမှာ ... ခုလိုသာ ယဉ်စစပိုတော်တယ်ဆို ဘယ်လောက်ကြည့်မရလိုက်လေမလဲ။ ရေရှည်... သိပ်ကို စိတ်ညစ်ရမည်ထင်ပါတယ်။

" ငြိမ်းချမ်းမြိုင်ရောက်ပြီ နွယ် ... "

မေမေ့ကြည့်ရတာလည်း အခုမှသာ ငြိမ်းချမ်းမြိုင်ကို ရောက်ဖူးပုံပါပဲ။ ယဉ်စစိတ်မှာ တုန်လှုပ်မှုတွေရှိပါတယ်။ လက်ရှိရှိနေတဲ့ အိမ်သားတွေက မချေမငံဆက်ဆံရင်။ ယဉ်စ ဘယ်အတိုင်းအတာအထိ သည်းခံရမှာလဲ ...။ မေမေကရော ဘယ်လိုတုံ့ပြန်မှုတွေရှိမလဲ ...။

ငြိမ်းချမ်းမြိုင်ဟာ ယဉ်စကို ရုတ်ခြည်း ဖမ်းစားနိုင်လွန်းပါလား။

တကယ့်ခြံကျယ်ကြီးပါပဲ ...။

စနစ်တကျ စိုက်ပျိုးထားတဲ့ သစ်ခွရုံတွေ သဇင်တိုင်တွေ တစ်ဘက် ...။ လှလိုက်တဲ့ မြက်ခင်းစိမ်း။ တမင် မွေးမြူထားရတဲ့ မြက်ခင်းပြင် စိမ်းစိမ်းဟာ ယဉ်စကို ရွှင်လန်းစေပါလား။ အဲဒီ မြက်ခင်းပြင်မှာ ယဉ်စ ပြေးလွှား ပျော်ရွှင်ချင်ပါသီ။





သာသော ညတွေမှာ မြက်ခင်းပြင်ပေါ် အိပ်ရင်း ဖိုးလမင်းကို ကြည့်ခွင့်ရမည်။

" ကောင်းလိုက်တဲ့ ခြံပါပဲ ကိုဇော် ... သန့်ရှင်းတဲ့လေ ပြည့်အဝရတယ် ... "

" တိုက်ကိုရော နွယ်မကြိုက်ဘူးလား "

" တိုက်ကတော့ ... အင်း ႏ .. ရှေးရိုးပုံဆိုပေမယ့် ကြီးမားခိုင်ခံ့တာက ခံ့ညားပါတယ် "

မေမေပြောတာ ဟုတ်ပါတယ်

ငြိမ်းချမ်းမြိုင်တိုက်ကြီးဟာ ပုံစံရိုးပေမယ့် ကြီးမားခိုင်ခံ့ ခံ့ညားထည်ဝါလွန်းပါတယ်။ မီးခိုးရင့်ရင့်နှင့် ကြက်ဥနှစ်ရောင်တို့ သူ့အကန့်နှင့်သူ လှပစွာ ဆေးသုတ်ထားရှိလည်း သစ်လွင် လှပမှု ရှိပါတယ်။

ယဉ်စ နှစ်သက်တာကတော့ ဆင်ဝင်ကြီးနှင့်အတူ တွယ်တက်နေသော ဆောင်တော်ကူးရုံတွေပါပဲ...။ ဆောင်းတွင်း နှင်းတွေကျရင် ဘယ်လောက်လှလိုက်မလဲ။ ဘယ်လောက်မွှေးလိုက်မလဲ...။

သည်မျှ နှစ်သက်စရာကောင်းသော ငြိမ်းချမ်းမြိုင်ကို ယဉ်စဘယ်လိုနှစ်သက်ပါစေ...ဘယ်သူတွေက ဘယ်လို အနေအထားနှင့် ကြိုဆိုကြမှာတဲ့လဲ။

" လာ. နွယ် လာ. သမီး "



www.burmeseclassic.com

www.burmeseclassic.com



ဇည့်ခန်းထဲရောက်ပါပြီ။

လူရိပ်လူယောင်မတွေ့ရ။

ပထမဦးဆုံး ကြိုဆိုမှုက ခြောက်ကပ်နေတာပါလား။ ရုတ်တရက် အတွင်းမှ ထွက်လာသော လူရိပ်တစ်ခုကို မြင်တာနှင့်. . .။

" ဒေါ်ဒေါ်နီ . . . ဟေမာတို့ မင်းမင်းတို့ရော "

" မရှိကြဘူး မောင်ဇော် . . . "

" အသေအချာစောင့်နေပါ ပြောထားရက်နဲ့ "

" ဟေမာကတော့ မောင်ညီနဲ့ ထမင်းစားချိန် ပြန်လာမယ် ပြောပါတယ်။ မင်းမင်းကတော့ စာမေးပွဲရှိလို့ ဆိုလား မောင်မောင်နိုင်နဲ့ပါသွားတာ . . . "

" နွယ် . . . ဒါက ဒေါ်ဒေါ်နီတဲ့ ကိုဇော့် အဒေါ်ဝမ်းကွဲ ဒီအိမ်ကို ဒေါ်ဒေါ်နီပဲ စီမံအုပ်ချုပ်တာ ဒေါ်ဒေါ်နီ ကျွန်တော့် ဇနီး နွယ်. . . သမီးက ယဉ်စစတဲ့ "

မေမေပြုံးနေပေမယ့် ရင်ထဲဘယ်လိုနေမလဲ ယဉ်စဖြင့် ပြုံးတောင် မပြုံးနိုင်ပါဘူး။ ဒေါ်ဒေါ်နီကလည်း ခေါင်းသာ ညိတ်တာ အပြုံးတစ်စမှမရှိ။ ဦးဇော်သင်းလှိုင်ရဲ့ သားနဲ့သမီး အမြင်ထွက်သွားကြတာကလည်း သူတို့အဖေ လက်ထပ်တာကို မပြောရဲလို့သာ. . . မကျေနပ်လို့ တိတ်တဆိတ်မကျေနပ် ကြောင်း သိစေချင်ပုံ ရပါလား။ မတတ်နိုင်တော့. . .





မေမေကလည်း လက်ထပ်ပြီးပြီ ယဉ်စတို့လည်း ငြိမ်းချမ်းမြိုင်ကို ရောက်လာခဲ့ပါပြီ. . .။

" ပုပု. . . ဒီအစ်မကို ပြင်ထားတဲ့အခန်း ပို့ပေးလိုက် "

ပုပုဆိုမှ တွေ့ရတာ။

တံခါးအကွယ်မှာ ရပ်နေရာက ဖျတ်ဆိုထွက်လာတာ။

နာမည်နဲ့လူ လိုက်တာပဲ။

တကယ်ပုပုလေး။

မျက်နှာလေးကတော့ ချစ်စရာလေးပါလား။

မေမေ့ကို လှမ်းကြည့်တော့ ယဉ်စကိုပြုံးပြပြီး ဦးဇော်သင်းလှိုင်နှင့် ထွက်သွားပြီ။ အားလုံးက အိမ်အပေါ်ထပ် တွေမှာ နေကြတာလား. . .။

" အစ်မအခန်းလေ. . . အစ်မ အစ်မလို့ ခေါ်လို့ ရမလား "

" အစ်မနာမည် ယဉ်စစတဲ့ ခေါ်ချင်သလိုခေါ်ပေါ့ နာမည် ခေါ်ချင်လည်း ရပါတယ် "

" အစ်မ ယဉ်စစ. . . အစ်မနာမည် လှတယ် "

" လူရော မလှဘူးလား "

" လူကတော့ လူကတော့ . . . "

" လူကတော့ ဘာဖြစ်လဲ "

" လူကတော့ မဟေမာလောက် မလှဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား "

အံ့သြဖွယ်ရာပဲ။

အမှန်ပဲလား။ ယဉ်စစဆိုတာ ဟေမာမြိုင့်လော မလှဘူးတဲ့ အမှန်ဖြစ်မှာပါ။ ဒါပေမယ့် မိန်းမတစ်ယောက်ဓိ ကိုယ့်ထက် လှတယ်ဆိုသူကိုတော့ စိတ်ဝင်စားစွာ တွေ့ချင်သွ သလိုပါပဲ။

" မဟေမာတို့အမေက သိပ်လှတာ ဒါကြော သူတို့မောင်နှမတွေ သိပ်လှကြတယ် . . . အစ်မယဉ် အမေကမှ မလှတာပဲ "

" ဪ . . . "

ပြောပြီးတာနှင့် အခန်းထဲက ထွက်သွားပြီ။

ယဉ်စမှာသာ အတွေးများနှင့် ကျန်ရစ်ပေါ့ . . .။

ဒါပေမယ့် ကျယ်ဝန်းသော အခန်းမှာ နှစ်သက်စရာ ကောင်းလွန်းသည့်မှို့ ကျန်တာတွေမေ့ပြီး ဖိုသည် ကြည့်မိတ အခါမှာ . . .။ ထံခါးပိတ်ထားတာ ဖွင့်လိုက်တယ်။ ဟယ် လှလိုက်တဲ့ဝရံတာလေး . . .။ ဝရံတာလေးကနေ ထွက်ကြည့် တဲ့ အခါမှာ ရေကူးကန်ကို မြင်ရပါတယ်။ ရေကူးကန်လေးက လှလိုက်တာ. . .။ ပြည့်စုံလွန်းသော ငြိမ်းချမ်းမြိုင်ပါလား။

" အစ်မ ယဉ်စ "

" အမလေး "





ရုတ်တရက် အနောက်ကခေါ်လိုက်တော့ လန့်သွား တာပါပဲ။ ဘယ်လိုပြန်ဝင်လာသည် ယဉ်စမှ မသိလိုက်တာ။

" ညနေ ခြောက်နာရီမှာ ထမင်းစားမယ် ထမင်းစား ခန်းကို လာခဲ့ပါ ဒီမှာ ညနေခြောက်နာရီ ထမင်းစု စားရတယ်"

" ဪ အင်း . . . "

ပုပု ပြန်ထွက်သွားပြီ။ သည်တစ်ခါတော့ တံခါး သေချာပိတ်ပြီး နှစ်သက်စရာ ပန်းရောင် အပြင်အဆင်တွေနှင့် အိပ်ရာပေါ် လှဲချ ငြိမ်သက်စွာ မျက်ဝန်းတွေ မှိတ်လိုက်ပေါ့။ ရုပ်ဝတ္ထုတွေရဲ့ ပြည့်စုံမှုကတော့ နှစ်သက်စရာပါပဲ။ ဒါပေမယ့် ယဉ်စ စိတ်ချမ်းသာချင်ပါတယ်။

စိတ်ဆင်းရဲမှာကို အကြောက်ဆုံး။

✧ ✧ ✧ ✧ ✧

" ငါ ဒီညနေတော့ မလိုက်တော့ဘူး ဟေမာ နောက်လိုက်ပါမယ် တွေ့ရဦးမှာပါ. . . ဒီနေ့တော့ ခွင့်လွှတ် "

" ကိုညိုကလည်း လိုက်ခဲ့ပါ ဒီမိန်းမတွေကို ဟေမာ မတွေ့ချင်ပါဘူး ဘယ်လိုဆိုဆို ဒီညနေခြောက်နာရီ ထမင်းဝိုင်း မှာ တွေ့ရမှာပဲ. . . ဒက်ဒီ့စိတ်ကို ဟေမာသိတယ် . . . သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကလန်ကဆန်လုပ်ရင် ပြတ်တော့မှာ. . . ဟေမာရမ ပစ္စည်းတွေ ဒီမိန်းမတွေ ပိုင်သွားမှာပေါ့ . . .”

ခက်ပါလား။

ဟေမာ စိတ်မကောင်းဖြစ်တာကို စာနာပေးနိုင်ပေမယ့် အဲသည့်ရွှေငွေစည်းစိမ်တွေကို မက်မောနေကြတာတော့ . . . တကယ် စိတ်ပျက်မိပါတယ်။ ရွှေမိုးညို ဖေဖေနှင့်မေမေ ဆုံးမမှုက တစ်မျိုး။ စိတ်ချမ်းသာဖို့ စိတ်ထားကောင်း စိတ်ထားဖြူစင်ဖို့ ဒါတွေ ပထမထားခိုင်းခဲ့တာ။

“ မလိုက်တော့ဘူး ဟေမာ. . . နင့်ကို အခင်ဆုံး သူငယ်ချင်းအနေနဲ့ ငါတစ်ခုတော့မှာမယ် အန်ကယ်လ် စိတ်မဆင်းရဲပါစေနဲ့ . . . မိဘဆိုတာ မှုတစ္စာမြင်တတ်ပါတယ်”

“ မှုတစ္စာကြည့်ရသေးတာပေါ့ ကိုညိုရယ် . . . ”

နောက်ရက်တွေမှာ ဟေမာနှင့်အတူ ငြိမ်းချမ်းမြိုင်ကို ရောက်ဦးမှာပါ။ ဒါပေမယ့် ဒီနေ့တော့ မလိုက်ချင်။ ဒါကြောင့် ဖိုးချိုဆိုင်မှာပဲ ဆင်းနေခဲ့ပါတယ်။ ဖိုးချိုရဲ့လျှပ်စစ်ပစ္စည်းတွေ အရောင်းဆိုင်မှာ အပေါင်းတွေလည်း ပြင်တာမို့ အတုန်ရှုပ် ပွလို့ပါ။ မြင်နေကျ မြင်းကွင်းမို့ ရိုးနေပြီလေ။

“ ဖိုးချို ”

“ ဩော် . . . ကိုရွှေမိုးညို . . . နှစ်ကိုယ့်တစ်စိတ်ရော မပါပါလား ”





“ မင်းကလည်းလေ ဟေမာပြန်သွားပါပြီ . . . ”

“ မင်းကိုအံ့လည်းအံ့သြတယ်. . . သည်ကောင်မလေးနဲ့တတွဲတွဲ . . . ချစ်သူလည်းမဟုတ် အင်းလေ တစ်နေ့ ဟုတ်ချင်တုတ်သွားမှာပါ . . . ”

“ လာပြန်ပြီ ဘာတစ်နေ့လဲ ဟေမာနဲ့က အခင်မင်ဆုံး ငယ်သူငယ်ချင်းပါလို့ မင်းကို ဘယ်နှစ်ခါပြောရမလဲ . . . ဘာမှ ချစ်သူဖြစ်စရာမရှိဘူး ”

“ ကြည့်ရသေးတာပေါ့ . . . နောက်မှ ငယ်သူငယ်ချင်း လေးကိုသာ တစ်ထောင့်ငါးရာအချစ်တွေနဲ့ ချစ်မိပါပြီဆို . . . ”

ဖိုးချိုမှ မဟုတ်ပါဘူးလေ။

ပတ်ဝန်းကျင်မှာ ရှိသမျှ ရွှေမိုးညိုတို့နှစ်ယောက်ကို ချစ်သူလို့ထင်ကြသေးတာ။ အခင်မင်ဆုံး အချစ်ဆုံး သူငယ်ချင်းတွေဆိုတော့ အမြဲလို ခင်မင်သွားလာနေတာကြောင့် သံယောဇဉ်ဆိုတာတော့ ရှိပါတယ်။ ဒါပေမယ့် ဒါဟာ အချစ်လို့တော့ ရွှေမိုးညို မထင်မိ။

“ ဟေမာတော့ အိမ်ပြန်လေရဲ့ . . . ”

အန်ကယ်လ်ဦးဇော်သင်းလှိုင် လက်ထပ်လိုက်တာရယ် သူ့အမျိုးသမီးမှာ သမီးတစ်ယောက်လည်းပါပြီး အတူလာနေကြမှာမို့ စိတ်ညစ်ပြီး ငိုသေးတဲ့အကြောင်း ပြောပြမိပါတယ်။

“ ခက်ပါတယ်ကွာ. . . ခုမှတွေ့ရမယ့် မိသားစုနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို တည့်မှာလဲ ပြီးတော့ နောက်အိမ်ထောင်ဆိုတဲ့ မကျေနပ်ချက်တွေ ရှိနေပြန်တော့ ပိုပြီး နားမလည်နိုင်ကြဘူး

" ဒါတော့ ဒါပေါ့ ဒါပေမယ့် မိဘနဲ့သားသမီး... ဘာမှမဝေဖန်တာ ကောင်းပါတယ်... အန်ကယ်လ်ရှာဖွေ ကျွေးနေတာပဲ ..."

" မင်း တွေ့ဖူးပြီလား "

" ဟင့်အင်း... ထမင်းလိုက်စားဖို့ခေါ်ပါတယ် ဒေါ်လည်း မျက်နှာပူသလိုပဲ တော်ကြာ ဒေါ်ဒေါ်နီကသည်း မကျေနပ်ရင် ဘယ်လိုစကားပြောမလဲ "

" ဘာပြောလို့ရမှာလဲ ရွှေမိုးညိုရာ... ဒေါ်ဒေါ် ဆိုတာလည်း ဦးဇော်သင်းလှိုင်က ကြည့်ရှု ကျွေးမွေးထားတာ အဒေါ်ဝမ်းကွဲသာဆို ဆွေမျိုးနီးစပ်ပဲ ရှိတယ်ဆို မင်းပဲပြောတာ

" ဒါတော့ဟုတ်ပါတယ် ခုချိန် ဟေမာတစ်ယောက် တော့ ထမင်းဝိုင်းမှာ မျက်ရည်ကျနေမလား "

" မင်းကိုက ဒီရွှေမျက်ရည်ကို သတိရနေတာ... ရွှေမျက်ရည်နဲ့ ရွှေမိုးညို လိုက်ဖက်ညီပါပေတယ်... "

ဖိုချိုအပြောကြောင့် ရယ်ရတယ်။

ဘယ်သူတွေ ဘယ်လိုပြောပြော နှစ်ရှည်ကြာ ခိုင်မြဲသော ငယ်သူငယ်ချင်းတွေပါပဲလေ။ ဟေမာ ငိုတတ်လွန်း လို့လည်း ခုချိန် ငိုများနေမလား သတိရနေတာပေါ့ ...။





" ကိုကြီးဖိုးချို... ဒီမီးပူပျက်နေလို့ "

" ဟဲ့ မိငယ် ထားခဲ့ဦးဟာ... ဒီမီးဖိုပြင်ပေးရဦးမှာ ပြီးရင် နင့်မီးပူပြင်ပေးမယ် ..."

" ငါပြန်ဦးမယ် "

" မင်းကလည်း ငါနဲ့ဆို ကြာကြာမနေဘူး ငါကဆိုင်ရှိလို့ ထွက်မရလို့ကို... "

" မေမေ မျှော်နေမှာ "

" ငါနဲ့ကျ မေမေမျှော်နေမှာပေါ့ ရွှေမျက်ရည်နဲ့ကျတော့ မမျှော်ဘူးလား ..."

" ဟေမာနဲ့ဆို နောက်ကျနေတတ်လို့ ဒီနေ့စော ပြန်ပါရစေကွာ ..."

အိမ်ပြန်ရောက်ပြီး ညကျရင်တော့ ဟေမာ့ဆီ ဖုန်းဆက်ဦးမည်။ သူတို့မိသားစုရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဆိုပေမယ့် ဘာတွေဖြစ်နေမည်လဲ ရွှေမိုးညိုကိုယ်တိုင် သိချင်နေပြန်ပါတယ်။ အိမ်ရောက်တော့ မေမေကတောင်မှ။

" ထူးထူးဆန်းဆန်းပါလား သားလေးရယ်... ဒီလောက် စောပုံထောက်ရင် ဟေမာနဲ့ စိတ်ကောက်ထားလား ရန်ဖြစ်ထားလား..."

" မဟုတ်ပါဘူး မေမေရယ်... ဒီနေ့ ဟေမာပြိုင် တစ်ယောက် သနားစရာကောင်းစွာ ရွှေမျက်ရည်ကျနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့. . . ”

“ အင်းလေ. . .ဖြစ်သမျှအကြောင်း အကောင်းလို မှတ်ရုံပေါ့. . . မင်းနော် မိစုံဖစုံနေရတာ ဘယ်လောက် ကုသိုလ်ကံကောင်းတယ်မှတ်လဲ. . . ဒါပေမယ့် အဖေအမေ တန်ဖိုး မသိဘူး ”

“ ဘယ်နှယ့်မသိရမှာလဲ မေမေရယ်. . . သိပ်သိတာ ပေါ့ မေမေ့တန်ဖိုး ပိုတောင်သိသေး မေမေ့ကြောင့် သားသား လေး နေ့တိုင်း ဟင်းကောင်းတွေ စားနေရတယ်ဆိုတာ သိတာပေါ့. . . ”

မေမေ့ကိုယ်ခန္ဓာ ဝဝတုတ်တုတ်ကြီးကို နောက်မှ သိမ်းကြုံးဖက်ပြီး သည်လိုပြောလိုက်ရင် မေမေ့ မျက်စောင်းမှာ ပီတိတွေ ဝေနေတော့တာပါပဲ။ တကယ်ပြောတာပါ ဖေဖေ မေမေနှင့် ပြည့်စုံခြင်းရဲ့ ပျော်ရွှင်မှုကို ရွှေမိုးညိုမသိ နေပါ့မလား။

✧ ✧ ✧ ✧ ✧





စိတ်အညစ်ရဆုံး ခြောက်နာရီပါပဲ။

ဦးဇော်သင်းလှိုင်က ထမင်းဝိုင်းမှာတော့ မိသားစု င်တာကို နှစ်သက်သည်လို့ ပြောထားပြီ။ ရှေ့လျှောက်လည်း တွေ့ဆုံရမှာ ရှောင်နေဖို့တော့ မဖြစ်နိုင်။ ဒါကြောင့် ခြောက်နာရီမှာ ထမင်းစားခန်းရှိနိုင်သော အောက်ထပ်ကို င်းလာခဲ့ပါတယ်။ မှန်းဆလာတဲ့နေရာမှာ တကယ်ပဲ မင်းစားခန်းရှိနေခဲ့တာ. . . ဦးဇော်သင်းလှိုင်နှင့် မေမေသာ တာ လူတော်တော်စုံနေပါပြီ။

“ သမီး မလာတတ်ဘူးလားလို့. . . လာတောင် ါမလို့ ထိုင်လေ. . . ”

ဦးဇော်သင်းလှိုင်က ယဉ်စ ထိုင်ဖို့ ညွှန်ပြသောခုံမှာ င်ထိုင်လိုက်ပါတယ်။

“ ဒေါ်ဒေါ်နီကိုတော့ နွယ်တို့သိပြီ. . . သူက ို့ဇော့်သမီးလေ. . . ဟေမာမြိုင်တဲ့. . . သူက သားကြီး င်းသန့်မြိုင်. . . သားကြီးနဲ့သမီး အန်တီဒေါ်နွယ်နွယ်နော် ူလည်း ဒက်ဒီ့သမီးပဲပေါ့ ယဉ်စတဲ့ . . . ”

ဖျတ်ခနဲမော့ကြည့်လိုက်တဲ့အခါ စူးရှရှမျက်ဝန်း စ်စုံကို အရင်ဆုံးမြင်ရတယ်။ ဟုတ်ပါလား။ မုပုပြောတာ န်တယ်. . .။ ဟေမာမြိုင်ဟာ သိပ်ကိုလှတာပါလား။ ဉ်စတာမှ မလှတာပဲ။ ဒါပေမယ့် ဟေမာမြိုင့်အလှမှာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တွေရှိနေတယ်။ ရေရှည် ခင်မင်ဖို့ မလွယ်ပါ။ မင်းသန့်မြိုင်ဆီ မျက်ဝန်းရောက်တဲ့အခါမှာတော့ သူတို့မောင်နှမတွေဟာ လုပ်ပဲလုပ်နိုင်ကြပါရဲ့လို့တောင် ပြောရမလိုပါ။ ဦးဇော်သင်းလှိုင်က ယောကျ်ားပီသတဲ့ ရုပ်ရည်ရှိပေမယ့် ချောမောလှပလွန်း သူမဟုတ်ပါပဲ သူ့သားသမီးတွေကတော့ ချောလွန်း လှလွန်း ပါလား။ သူတို့အမေနှင့်များ တူကြလေသလား။

" သားတို့သမီးတို့ ချစ်ချစ်ခင်ခင် ရှိကြတာပဲ ဒက်ဒီမြင်ချင်တယ် ဘယ်လိုအကြောင်းကြောင့်မှ ရန်ဖြစ်တယ် ဆိုတာ ဒက်ဒီမကြားချင်ဘူး . . . ကြားတယ်နော် ဟေမာ . . .

ပြုံးသနာပဲ။

ရန်မဖြစ်နဲ့ဆိုပြီးရင်တော်သေး။ ခုတော့ ဟေမာမြိုင့်ကို တိုက်ရိုက်မေးနေလေတော့ . . . ဘယ်နှစ်သက်နိုင်မှာလဲ။ ရုတ်တရက် အဖြေမရ။

" ဟေမာ "

" ဟုတ်ကဲ့ ကြားပါတယ် ဒက်ဒီ "

သူတို့ကိုကြည့်ရတာ ဦးဇော်သင်းလှိုင်ကို လေးစား ကြောက်ရွံ့ရတယ် ထင်ပါရဲ့။ သည်လိုဆိုရင် ငြိမ်းချမ်းမြိုင်မှာ နေရတာ အနည်းငယ်တော့ အသက်ရှူချောင်နိုင်ပါတယ်။

" ယခုခ်စ သမီးလည်း ကိုယ့်မောင်နှမအရင်းတွေလိုနေပါ အခက်အခဲရှိရင် ဒက်ဒီ့ကို ပြော "





" ဟုတ်ကဲ့ "

ထမင်းဟင်း ချက်ထားတာက လက်ရာအကောင်းကြီး ဟုတ်ပါဘူး။ မေမေ့လက်ရာကောင်းကောင်းကို စားနေရတဲ့ ခဲ့စအတွက်တော့ ဟင်းချက်ညံ့တယ်လို့ ရင်ထဲကပဲ ပြောရဲ တယ်။ ဘယ်သူဟင်းချက်မှန်းမှ မသိတာ။ ဘာပဲပြောပြော ထမင်းတစ်နပ်ဟင်းတစ်နပ်အတွက် မာမီ ပင်ပန်းလွန်းရတာ ဖြစ်နေလေတော့လည်း လက်ရာမကောင်းစေကာမူ စားရတော့ မှာပါပဲ။

" ထမင်းဟင်းကျတော့ ဘယ်သူချက်လဲ ကိုဇော် "

" ဒေါ်ဒေါ်နီက ညွှန်ကြားတာပေါ့ . . . ချက်တာတော့ သူတို့ နုနုတို့ ညီအစ်မ ချက်ကြတယ် ဘာလို့လဲ နွယ် . . . "

" ဟင်းချက် သိပ်မကောင်းဘူးနော် "

" ဟာ မေမေ "

မေမေကလည်းလေ။

ဟုတ်တော့ ဟုတ်တာပေါ့။

ဒါပေမယ့် ဘာဖြစ်လို့ ချက်ချင်းကြီးပြောရတာလဲ။ ဒေါ်ဒေါ်နီဆိုတဲ့အဒေါ် မျက်နှာပျက်သွားတာက အသိသာကြီး။ ဒါလည်း ရောက်လာသေးတယ့် ပြောချင်ရာပြောနေတယ်ဆိုပြီး စိုးရိမ်ကြည်လင်ရသည့်အထဲမှာ . . . ။ ဦးဇော်သင်းလှိုင် ကတော့ ရယ်နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



" နွယ်ရယ်. . . နွယ့်လက်ရာကိုတော့ ဘယ်မိကြပ်မလဲ. . . ကိုဇော်တို့အိမ်မှာတော့ နုနုတို့လက်ရာကိုပဲ အကောင်းဆုံးလုပ်ပြီး စားနေရတာ သည်နေ့ကစပြီး နွယ်ဟာ ငြိမ်းချမ်းမြိုင်ရဲ့ အိမ်ရှင်မပဲဟာ. . . နွယ့်စိတ်ကြိုက် ချက်ပေါ့ကွယ် . . . "

" အမလေး ချက်ပါ ချက်ပါ မရွှေနုတို့က အကြိုက်ပေါ့ ချက်မယ့်လူမရှိလို့သာ ချက်နေရတာ. . . ချက်ပါ "

ဒေါ်ဒေါ်နီ့ကိုကြည့်ရတာ မေမေ ထမင်းဟင်း ဝင်ချက်မှာကို နှစ်သက်တာ ရင်ထဲကမှ ဟုတ်ရဲ့လား။ အိမ်ရဲ့စီမံအုပ်ချုပ်သူနေရာကို ဒေါ်ဒေါ်နီဆီမှနေ မေမေလွှဲယူမယ်ဆို ဘယ်လိုနှစ်သက်မှာတဲ့လဲ။

" နွယ်က ဟင်းချက်တာ လက်ရာသိပ်ကောင်းတယ် မမနီ. . . စားကြည့်ကြပါဦး. . . နွယ်က စီမံပေါ့ နုနုတို့ ချက်ခိုင်းပါ နွယ် ပင်ပန်းပါတယ် . . . "

ထမင်းဝိုင်းမှာ ဦးဇော်သင်းလှိုင်နှင့် မေမေ့အသံပဲ ကြားနေရပါတယ်။ ဟေမာမြိုင့်အသံ မကြားရပါဘူး။ မင်းသန့်မြိုင်ကတော့ ထမင်းဝိုင်းမှနေ အမြန်ဆုံးစားပြီး အလုပ်ရှိလို့ပါဆို ခွင့်တောင်းထွက်သွားပါတယ်။

" မေမေ. . . ခြံထဲ လျှောက်ကြည့်မလို့ . . . "

ယဉ်စလည်း ခြံထဲဆင်းလာခဲ့ပါတယ်။





အခန်းဝရံတာမှကြည့်လျှင် မြင်ရသော ရေကူးကန်ရှိရာဘက် လျှောက်လာခဲ့ပါတယ်။ ခြံကြီးကတော့ တကယ်တောင်းပြီး တကယ်ပြည့်စုံလွန်းပါတယ်။ ဒါပေမယ့် စိတ်မှာ ကျဉ်းကျပ်နေသလို ခံစားရပါလား။ အထူးသဖြင့် အဲသည့် ညနေစာ ထမင်းဝိုင်းတွေကို ဘယ်အချိန်ထိများ စိတ်အနှောက်အယှက်ဖြစ်စွာ စားနေရဦးမည်မသိပါ . . .။

ရေကူးကန်လေးဘေးမှာ ထိုင်နေမိတယ်။ လှပလိုက်တာ။ သည်ငြိမ်းချမ်းမြိုင်ဟာ ပြည့်စုံလှပမှုတွေတော့ အပြည့်အဝပါပဲ။ ရေကူးကန်လည်းရှိတယ်။ ယဉ်စလည်း ရေကူးတတ်ပါတယ်။ ဒါပေမယ့် ပိုင်ရှင်တွေက နှစ်သက်ပါ့မလား။ ဦးဇော်သင်းလှိုင်က သူ့ကိုသူ ဒက်ဒီလို့ ပြောပေမယ့် ယဉ်စ ရုတ်တရက် မခေါ်ရဲပါဘူး။

အပြင်မှာ မှောင်စပြုလာပါပြီ။ ကောင်းကင်ပြာမှာ လခြမ်းပဲ့လေး ရှိနေပါလား။ အမှောင်ထု ပိုပြီးပိပြင်လာရင် လရဲ့အရောင်လေးများ တွေ့ရမလား။ မဖြစ်နိုင်. . .။ လရဲ့ ပြည့်ဝမှု အများကြီး လိုအပ်နေသေးတာပဲ။ လပြည့်လာရင်တော့ ငြိမ်းချမ်းမြိုင်ဟာ သိပ်ကို လှပလာမှာပါပဲ။

အဲသည့် လပြည့်ညတွေကိုတော့ ယဉ်စတွေ့ချင်စိတ်တွေ ရှိနေပါတယ်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



" သွားပြီ ကိုညို သွားပြီ ငြိမ်းချမ်းမြိုင်ဟာ ဒေါ်နွယ်နွယ့် လက်ထဲ လုံးဝရောက်သွားပါပြီ . . . ရုပ်ကလည်းမလှပါဘူး မာမီ ဘယ်လောက်လှတယ်ဆိုတာ ကိုညိုလည်း မြင်ဖူးတာပဲ မာမီ့ ခြေဖျားတောင် မမီပဲနဲ့ . . . သူ့သမီးကလည်း . . . ရုပ်က ကုပ်ချောင်းချောင်း . . . နာမည်ကလည်း ယဉ်စစတဲ့ . . . "

" ယဉ်စစ "

နာမည်လေးက နှစ်သက်စရာပါပဲ။

အဲလိုပြောလိုက်ရင် မရွှေမျက်ရည်ရဲ့ မျက်စောင်းက ရွှေမိုးညိုဆီ ချက်ချင်းရောက်လာပါလိမ့်မယ် . . . ။ ဒါကြောင့် ရင်ထဲမှာပဲ ပြောမိတာပါ။ ယဉ်စစတဲ့ . . . လူကရော နာမည်နဲ့ လိုက်ရဲ့လား . . . ။

" ဒေါ်ဒေါ်နို့နေရာတော့ ရွှေ့လျားသွားပြီ ကိုညို ဒီမနက်ကစပြီး ဒေါ်နွယ်နွယ် မီးဖိုဆောင်အပိုင်ယူသွားပြီ သူ့ကိုယ်သူလည်း ညွှန်းလိုက်တာ . . . ဟင်းချက်သိပ်ကောင်း ဆိုပဲ ဒါကြောင့် ဒီနေ့ညနေ ကိုညို့ကို ခေါ်သွားမှာ လိုက်ခဲ့နော်"

" အင်း . . . လိုက်မယ် "

" တစ်ခုတော့ ကြိုမှာမယ် ယဉ်စစဆိုတဲ့ မိန်းမကို မကြည့်ရဘူး "

" ဟာ တွေ့ဖူးအောင်တော့ ကြည့်ရဦးမှာပဲ . . . အငမ်းမရ ကြည့်နေတာမျိုးမဟုတ်ရင် ပြီးရောပေါ့ "





" မလှပါဘူးဆို "

" ငါကြည့်ပါရစေဦး ဟေမာရယ် "

ဒေါ်နွယ်နွယ်ရဲ့ လက်ရာ . . . ထမင်းဟင်းတွေ ာင်းမကောင်းကျတော့ လိုက်စားကြည့်ရမတဲ့။ ဒေါ်နွယ်နွယ့် မီး ယဉ်စစကိုတော့ မကြည့်ရဘူးတဲ့လေ . . . ။

" ကိုမင်းမင်းကရော ဘာပြောလဲဟင် "

" ကိုကိုလားပြောမှာ . . . ထုံးစံအတိုင်း အေးစက်စက် ီးပေါ့ . . . ရင်ထဲဘာရှိရှိ ငြိမ်ငြိမ်သက်သက်ပေါ့ . . . "

" နင်လည်း သူ့လိုနေပေါ့ "

" နေနိုင်ပါဘူး "

ဟေမာနှင့် လိုက်သွားရလွန်းလို့လည်း ငြိမ်းချမ်းမြိုင်ဟာ ွှေမိုးညိုအတွက် မစိမ်းတော့ပါဘူး။ အခုလည်း ငြိမ်းချမ်းမြိုင်ကို ရောက်ရပြန်ပါပြီ။ အိမ်ရှေ့ဧည့်ခန်းမှာတော့ ဘယ်သူမှ ှိနေပါဘူး။ အားလုံး ထမင်းစားပွဲ ရောက်တုန်ကြပြီထင်ပါရဲ့ ထမင်းဝိုင်းကိုလည်း ရောက်ရော။

" မောင်ညိုပါ ပါလာတာလား အတော်ပဲ လာ ဝင်စား"

" အန်ကယ်လ် နေကောင်းပါရဲ့လား "

"ကောင်းပါတယ် . . . မင်း ခုတလော ပျောက်နေ ိုတောင် ဟေမာနဲ့ စိတ်ဆိုးထားလား မေးနေရသေးတယ် "

" မဆိုးပါဘူး အန်ကယ်လ် ကျွန်တော်အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ပါ ”

“ နွယ် . . . ဟေမာ့သူငယ်ချင်းလို့သာပြောတာ
မောင်ညိုက ဒီအိမ်ရဲ့ မိသားစုလိုဖြစ်နေပါပြီ မောင်ရွှေမိုးညို
မောင်ညိုရေ အန်ကယ့်ဇနီး ဒေါ်နွယ်နွယ်နဲ့ သမီး ယဉ်စစလေ

“ ဟုတ်ကဲ့ ”

မဟေမာမြိုင်ကတော့ ကြည့်ပြီးရင်း မကြည့်ရဘူးတဲ့
ဒါကြောင့် တစ်ခါတော့ ကြည့်လိုက်ပါရစေ။

ဟုတ်တော့ ဟုတ်တယ်။

ဟေမာမြိုင်လို မလှပါဘူး။ ဒါပေမယ့် ကောင်မလေး
မှာ ရိုးသားဖြူစင်မှုတွေ ရှိနေသလိုပါပဲ။ ရွှေမိုးညိုကို မရယ်မပြုံ
ခပ်တည်တည်လေး တစ်ချက်ကြည့်ပြီး ထမင်းပဲစားနေပါတယ်
ဒေါ်နွယ်နွယ်ကလည်း ပြုံးနေတာတောင် ကြည့်ပျော်ရှုပျော်
အလှလောက်ပဲရှိပါလား . . . ။

“ စားကြလေ . . . ”

ဟေမာမြိုင်တို့အိမ်က စားအိမ်သောက်အိမ်ပဲ . . . ။

ရွှေမိုးညိုအတွက် စားချင်ရာစားလို့ရနေတာ . . . ။

“ ကြက်သားဟင်းကို ကိုဇော့်အကြိုက် အစပ်ကဲပြီ
ချက်လိုက်မိတယ် ကျန်တဲ့ကလေးတွေ အစပ် စားနိုင် မစားနိုင်
နွယ်မမေးမိဘူး . . . ”

“ ရတယ် စားနိုင်ကြပါတယ် . . . ”





ကြက်သားဟင်းက အစပ်များတယ်ဆိုပေမယ့်
စားလို့တော့ တကယ်အရသာရှိပါလား . . . ။ အစိမ်းကြော်တို့
အသုပ်တို့ ဟင်းချိုတို့ ဘယ်ဟင်းကိုပဲစားစား အားလုံးဟာ
အရသာတစ်မျိုးစီ ထူးကဲစွာရှိကြပါတယ်။ ဒါဟာ ဒေါ်နွယ်နွယ်ရဲ့
ဟင်းချက်ကောင်းခြင်း သာဓကပဲ နေမှာပါ။

“ ဘယ်လိုလဲ ဒေါ်ဒေါ်နီ . . . နွယ့်လက်ရာကို ဝေဖန်ဦး
လေပေါ့ ”

“ ဝေဖန်စရာတောင်မလိုပါဘူး မောင်ဇော် . . .
ဟင်းချက် တကယ်ကောင်းပါတယ် ”

“ နွယ်က ဟင်းချက် ဝါသနာကို ပါတာပါ . . .
မီးဖိုထဲအလုပ်ရှုပ်နေရတာကို အနှစ်သက်ဆုံး . . . ”

အန်ကယ်လ်ကတော့ ဒေါ်နွယ်နွယ့် ဟင်းချက်
လက်ရာကို ချီးမွမ်းမဆုံး။ ဟေမာမြိုင်ကတော့ စားသာစားတာ
စိတ်ထဲက ကြည်လင်ပုံမရ။

“ ကိုညိုရေ . . . လာပါဟာ . . . ခြံထဲဆင်း အချိုပွဲ
သွားစားမယ် . . . ”

ခုံကလေးချထားပြီး အချိုပွဲရှိသမျှ အသီးအနှံတွေ
ယူလာခဲ့တယ်။

“ ဘယ်လိုလဲ ဘယ်လိုနေလဲ ”

“ ဟင်းချက်တော့ တကယ်ကောင်းတာ ”



www.burmeseclassic.com

www.burmeseclassic.com



" အင်းလေ ဟင်းချက်ကောင်းတာ အကြောင်းပြ
မီးဖိုအသုံးစရိတ်အားလုံး ဒေါ်ဒေါ်နီလက်က လုသွားပြီ သူ့သ
မခုတ်တတ်တဲ့ ကြောင်လေးကရော . . . "

" ဒီလိုပါပဲ "

" ဘာ ဒီလိုလဲ "

" မိန်းကလေးတစ်ယောက်ပဲပေါ့ ဘာထူးခြားလို့လဲ

" ဟေမာနဲ့ ဘယ်သူပိုလှလဲ "

" မေးဖို့လိုသေးလို့လားဟေမာရယ် . . . နင်
လှတာပေါ့. . . "

ဒီလိုကျတော့ ကျေကျေနပ်နပ်ရယ်လို့ . . .။

ရွှေမိုးညိုရဲ့ မျက်လုံးတွေက ဖျတ်ဆို အိမ်မကြီးဘ
လှမ်းမြင်လိုက်ရတဲ့ အခါ။ ခန်းဆီအစိမ်းလေးဖျတ်ခ
ပြုတ်ကျသွားတာ မြင်ရပါတယ်။ ဒီအိမ်ကလူတွေကတော့
ရွှေမိုးညိုနှင့် ဟေမာမြိုင့်ကို အထူးအဆန်းအဖြစ် ဘယ်သူ
ချောင်းကြည့်မည်မဟုတ်ပါ။

ယဉ်စစဆိုတဲ့ ကောင်မလေးများလား။

✧ ✧ ✧ ✧ ✧





ရွှေမိုးညိုတဲ့။

ဟေမာမြိုင့် သူငယ်ချင်းလို့ဆိုပါတယ်။ သူငယ်ချင်းလို့သာပြော ဒီလောက် ခင်မင်ဝင်ထွက်နေပုံအရဆို ချစ်သူတွေများလား။ သူတို့ဘာသာ ဘာပဲဖြစ်ဖြစ် ယဉ်စနှင့် မဆိုင်ပါဘူးလေ။ အခန်းပြန်လာခဲ့ရတယ် ပထမတော့ ခြံထဲဆင်းမလို့ပါ။ ခြံထဲမှာ ရွှေမိုးညိုနှင့် ဟေမာ ရှိနေမှာ။ ဘယ်နား သွားကြသည်မသိပါပဲ သူတို့ကို အနှောက်အယှက် ပေးသလိုဖြစ်ရင် ဘယ်ကောင်းမလဲ။

" အန်တီနွယ့်လက်ရာ အရမ်းကောင်းတယ်နော် မမနု"

" အင်း "

" နောက်ဆို ဟင်းချက်လက်ရာကောင်း အမြဲစားရမှာ"

" အင်း "

" မမနုကလည်း တအင်းအင်းနဲ့ ဘာဖြစ်နေရတာလဲ"

" ဟင်းချက်တော့ကောင်းပါရဲ့. . . မီးဖိုဆောင်ကုန်ကျစရိတ်အားလုံး သူကိုင်လိုက်ပြီဟဲ့ ဒေါ်ဒေါ်နီ သနားပါတယ်. . . ဒေါ်ဒေါ်နီ အရင်ကရနေတဲ့ အခွင့်အရေးအားလုံး မရတော့ဘူးပေါ့ တစ်အိမ်လုံး အမိုင်စီးနေပြီပဲလေ "

တကယ်ဆို နုနုနှင့်ပုပုတို့ စကားတွေမကြားရလည်း ယဉ်စသိပြီးပါပြီ။ မေမေက မီးဖိုဆောင်အသုံးစရိတ်ငွေ ဘယ်လိုပေးတာလဲလို့ အန်ကယ်လ့်ကိုမေးပြီး သူထိန်းသိမ်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြောနေတုန်း ယဉ်စကြားခဲ့ပြီးပြီပဲ။ မေမေဟင်းချက်တော်တာ ကောင်းပေမယ့် ဒေါ်ဒေါ်နီတို့ သူ့နေရာနဲ့သူ နေပါစေလား။ အခုဆို ဒေါ်ဒေါ်နီ့စိတ်ထဲရော ကောင်းပါ့မလား။ နုနုကတောင် မကြည်မလင်ဖြစ်နေသေးတာ. . .။

အခန်းကိုပြန်ရောက်တော့ ထမင်းစားပြီးစမို့ စာဖတ်ဦးမည်ဆို ဝရန်တာဘက်အထွက်မှာ။

ရေကူးကန်လေးရှိရာကို ပီပီပြင်ပြင် မြင်နေရတာပဲ။

ရွှေမိုးညိုနှင့် ဟေမာမြိုင် ဒီကိုရောက်နေကြတာပါလား။ ယဉ်စကို မြင်သွားရင် မကောင်းပါဘူးလေဆိုပြီး အခန်းထဲပြန်ဝင်ရပြန်ပါတယ်။ ပန်းကန်တွေ ပြုတ်ကျသံကိုကြားရတယ်လေ။ အိမ်အပေါ်ထပ်မှာ ဘာတွေ ပြုတ်ကျကုန်တာလဲ။ ယဉ်စ စပ်စုသည်ပြောပြော အခန်း တံခါးကို ဟပြီး ခေါင်းလေးပြူထွက် ချောင်းကြည့်တဲ့အခါ . . ။ ဟိုးအရှေ့ဘက်အခန်းကထွက်လာတဲ့ လူရိပ်ကြောင့် အခန်းထဲ အသာပြန်ဝင်ပြီး တံခါးလေး ဟ ထားမိတယ်။

“ အမြဲတမ်းဒေါသဖြစ်နေတာ. . . သူတို့ဘာသာ ထမင်းကျွေးကြပါလား ငါပဲ ထမင်းကျွေးရကယ် ငါပဲ ဒုက္ခရောက်ရတယ်. . . ”

ပုပုအသံပဲ။

အခန်းထဲကထွက်ကြည့်တော့ လင်ပန်းတစ်ချပ်မပြီး





ထွက်သွားတဲ့ ပုပုကိုတွေ့ရပြီ။ ဘယ်သူနေမကောင်းလို့ပါလိမ့်။ နေမကောင်းဘူးလို့လည်း တစ်ယောက်မှ ပြောသံမကြားပါဘူး။

“ သမီး ယဉ်စ ”

“ မေမေ. . . လာပါဦး ”

မေမေ့ကို အခန်းထဲ အတင်းဆွဲခေါ်ခဲ့ရတယ်။

“ ဘာလဲသမီးရယ် ”

“ ဟိုအရှေ့ကအခန်းမှာ နေမကောင်းတဲ့ လူတစ်ယောက် ရှိသလားမေမေ. . . ဘယ်သူလဲ . . . ”

“ ကိုဇော့်သမီး အငယ်ဆုံးလေးပါ ”

“ သမီး အငယ်ဆုံးလေး ”

အံ့ဩရပါရော။

ယဉ်စစိတ်မှာ သားသမီးသုံးယောက်ရှိတယ်လည်းဆိုသေး နှစ်ယောက်ပဲ တွေ့နေရတာဆိုတော့ အကြီးဆုံးတစ်ယောက်ဟာ အိမ်ထောင်ကျပြီး အိမ်ထောင်ခွဲသွားပြီထင်နေခဲ့မိတယ်။ အခုတော့ အငယ်ဆုံးသမီးတဲ့။ မထင်ခဲ့မိဘူး။

“ သူဘာဖြစ်နေလဲ ”

“ သမီးကြောက်မှာစိုးလို့ မေမေ မပြောခဲ့တာ ကိုဇော့်ဇနီးက ကားမှောက်ပြီး ဆုံးသွားတာ အဲ့ဒီကားပေါ်မှာပါလာတဲ့ ငြိမ်းချမ်းမြိုင်ဟာ လမ်းလည်းမလျှောက်နိုင်တော့ဘူး စကားလည်းမပြောနိုင်တော့ဘူး . . . ဒေါသတွေနဲ့ အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲနေတယ် "

" ရှင် "

" သူ ဘယ်အရွယ်လဲဟင်. . . "

" ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လို့ပြောတာပဲ မေမေလည်း တစ်ခါမှ မတွေ့ဖူးဘူး "

ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ဆိုတာ ငယ်ငယ်လေးပဲ။ ယဉ်စ စိတ်ဝင်စားလာပါပြီ။ ယဉ်စတွဲရပြီးတော့ လုပ်အားပေး ဆရာမလေး လုပ်ဖူးသေးတယ်။ နောက်မှာ မေမေက အတင်းပြန်ခေါ်လို့။ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ဆိုတာ ချစ်စရာကောင်းတဲ့ အရွယ်ပဲ။

" ယဉ်စ သွားကြည့်ချင်တယ် "

" ဟယ် ဘာလုပ်ဖို့လဲ . . . စိတ်ပျက်စရာတွေ သွားမကြည့်နေနဲ့ . . . "

မေမေကလည်းလေ ပြောတော့ဖြင့် ငြိမ်းချမ်းမြိုင်ရဲ့ အိမ်ရှင်မတဲ့။ ငြိမ်းချမ်းမြိုင်မှာ နေမကောင်းဖြစ်နေတဲ့ လူတစ်ယောက်ကိုတော့ ဂရုစိုက်ထားချင်တာပါလား။ ယဉ်စကတော့ မေမေဘာပြောပြော တစ်ရက်တော့ သွားကြည့်ဖြစ်အောင် ကြည့်မည်။

✧ ✧ ✧ ✧ ✧





ယဉ်စစတဲ့လား. . . နာမည်ကတော့ စိတ်ဝင်စားစရာပါပဲ ဘယ်လိုလဲ ဟေမာနဲ့ ဘယ်လိုနေလဲ "

" ဟေမာ့အလှတော့ မီမလား ဟေမာဘယ်လောက်လှတယ်ဆိုတာ မင်းလည်းမြင်ဖူးနေတာ ဖိုးချိုရာ ဒါပေမယ့် တောင်မလေးက နာမည်နဲ့လိုက်အောင် ယဉ်ယဉ်လေးပါပဲ. . . အဝတ်အစားဝတ်တာလည်း ရိုးသားပုံရတယ် ဂျင်းဘောင်းဘီနဲ့ ရှပ်အကျီလေးပဲ ဝတ်ထားတယ်. . . "

ဖိုးချိုနှင့်နှစ်ယောက် ဒေါ်နွယ်နွယ့် ဟင်းချက်လက်ရာ အကြောင်းပြောရင်း ယဉ်စစရဲ့အကြောင်းပါ ပြောမိပါတယ်။ အပေါ်ယံ ရုပ်ရည်ကြည့်ရုံနှင့် ရင်ထဲက ခံစားချက်တွေကို မပြောနိုင်ဘူးဆိုပေမယ့် ယဉ်စစရဲ့ မျက်နှာမှာတော့ ရိုးသားဖြူစင်မှုတွေပဲ ရှိတယ်လို့ ရွှေမိုးညိုထင်ပါတယ်။

" ဒေါ်နွယ်နွယ့်မျက်နှာမှာမှ မာန်တက်နေတဲ့ ပုံစံမျိုးတွေရသေးတယ်။ ယဉ်စစက ခပ်အေးအေး ရိုးသားပုံရပါတယ်"

" ယဉ်စစကို အကောင်းမြင်ရင် ဟေမာနဲ့မင်း ထိပ်တိုက်ရင်ဆိုင်ရမှာနော် "

" ဘာဖြစ်လဲ အမှန်အတိုင်းပဲပေါ့. . . "

တယ်လီဖုန်းမြည်တာနှင့် ဖိုးချိုက နှစ်ကိုယ့်တစ်စိတ်မင်းကိုခေါ်ပြီထင်တယ်ဟဲ့။ ထင်တဲ့အတိုင်း ဟေမာပါပဲ။ အိမ်မှာလည်း မရှိဘူး ဘယ်သွားနေလဲ ကိုညိုတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချိုဆိုင်မှာပါဆိုတော့ လာခေါ်မယ်တဲ့။ လာမခေါ်နဲ့ ဟေမာ ဖိုးချိုဆိုင်ကို ကိုဝေလွင်လာကူတာနဲ့ အပြင်သွားမှာဆိုတော့ မကြည်လင်ချင်ဘူးလေ။ တခြားသူငယ်ချင်းတွေပြောတာလည်း မှန်နေပြီပဲ။ အချိန်တိုင်းလို ဟေမာနဲ့သာ အနီးကပ်ရှိနေမိတာ တခြားသူငယ်ချင်းတွေကို မေ့ထားသလိုဖြစ်နေပြီ။

ဒါတောင်မှ။

" မရဘူးကိုညို လာခေါ်မှာပဲ ဟေမာ အပြင်မှာ ထမင်းသွားစားချင်လို့ပါ . . . "

" လာမခေါ်နဲ့ဟေမာ. . . အခုပဲသွားမှာ "

ဖိုးချိုကတောင် ရွှေမိုးညိုတစ်ယောက် ဟေမာမြှို့ငှ် အကြိုက်မလိုက်တော့ပါလား ဘယ်ကဆန့်ကျင်ရဲတဲ့ သတ္တိတွေ ရလာသလဲတဲ့။

" ယဉ်စစပေးတဲ့စွမ်းအားတွေတော့ မဟုတ်ပါဘူးနော်"

" ဟာ ဘာဆိုင်လဲ. . . "

" မသိဘူးလေ. . . ဟေမာ့အကြိုက် အမြဲလိုက်နေတဲ့ ရွှေမိုးညိုဆီမှာ ခုလိုမျိုး ငြင်းဆန်သံတွေကြားလာရတာ ယဉ်စစ ပေးတဲ့စွမ်းအားများလားလို့ . . . "

" မဟုတ်ပါဘူး ယဉ်စစနဲ့ ဘာဆိုင်လဲ. . . ယဉ်စစက သူ့ဘာသာသူနေတာပါ. . . အပြုံးကလေးတောင် တစ်ပွင့် မရှိပါဘူး. . . "





" ယဉ်စစအပြုံးကိုများ လိုချင်နေတာလား ရွှေမိုးညို "

" မဟုတ်ပါဘူး ဖိုးချိုရာ မင်းနဲ့ပြောရင်း ရှုပ်နေတာက အရေးမကြီးဘူး. . . ဟေမာရောက်မလာခင် သွားကြရအောင်"

" ငါ့ဆိုင်မှာ ကိုဝေလွင်မှ မလာသေးတာ "

" ဒါဆိုငါသွားပြီ ဟေမာရောက်လာရင် မင်းကြည့် ရှင်းလိုက်တော့. . . "

တကယ်တော့ ဟေမာနှင့် အပြင်ထွက် ထမင်းမစားချင် တာတစ်ခုပါပဲ။ ဘယ်သွားရမှန်းလည်း မသိတာနှင့် အိမ်ပဲ ပြန်လာခဲ့ပါတယ်။ မေမေကတောင် ဘယ်လိုဖြစ်လာပြန်သလဲ တို့ရွှေမိုးညို စောလှချည်လားတဲ့။ မင်း အခန်းထဲမဝင်ခင် ဖေဖေ စာကြည့်ခန်းထဲမှာ ဘာခိုင်းမလို့ဆိုလဲ ဝင်ကြည့်လိုက်ဦးတဲ့။

" မေမေ. . . ဟေမာ့ဆီက ဖုန်းလာရင် သား ပြန်မရောက်သေးဘူးလို့ ပြောပေးပါ "

" ဘာဖြစ်ကြပြန်ပြီလဲ စိတ်ဆိုးနေသလား "

" မဆိုးပါဘူး မေမေရယ်. . . တစ်ချိန်လုံး သူ့အလုပ် ရှုပ်သမျှ အဖော်လိုက်နေရတာ စိတ်ရှုပ်လာလို့ . . . "

" စိတ်ရှုပ်လာတယ်. . . အင်း. . . သားနဲ့ မေမေလည်း စကားအေးအေးဆေးဆေး ပြောကြရအောင် "

" အခုတော့ ဖေဖေ့ကို ကူလိုက်ဦးမယ် မေမေ . . . ပြီးမှပြောကြရအောင်နော်. . . "



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတောင်မှ စောပြန်လာတာ ထူးဆန်းနေပါလား။ သားရောက်လာမှတော့ အတော်ပဲ ဖေဖေ့အလုပ်တွေကူပါဦးကွာတဲ့. . .။ အလုပ်ထဲ စိတ်နှစ်ထားရင် အရာအားလုံး မေ့သွားနိုင်တာပဲလေ. . .။ ဖေဖေနှင့်အတူ အလုပ်ကူလုပ်ရင်း နောက်တစ်ပတ်ထဲမှာ နိုင်ငံခြားသား ဧည့်သည်တွေလာမယ့်အကြောင်း. . . အလုပ်တွေ နောက်ထပ်တိုးချဲ့ဖို့ ဖေဖေ့သူငယ်ချင်း အန်ကယ်လ် အောင်ကျော်ဇောတို့နှင့် တိုင်ပင်ထားသည့်အကြောင်းတွေ ရွှေမိုးညိုကို ပြောပြနေပါတယ်။

" ဖေဖေ. . . ဒီစာတွေ မနက်က ရိုက်ပြီးသား မဟုတ်လား. . . သောင်းသောင်းဆွေရိုက်နေတာ သားတွေလိုက်ပါတယ် "

" အဲဒီကောင်မလေးကို ယုံကြည်မိလို့ပေါ့. . . အမှားတွေပါတယ်သားရဲ့. . . အောင်ကျော်ဇော်တူမဆိုခန့်ထားတာ ကောင်မလေးက အလုပ်စိတ်မဝင်စားပါဘူး။ အလုပ်လုပ်တာပဲ သုံးလေးလရှိနေပြီ အမြဲမှားနေတာပဲ ဖေဖေ လူတစ်ယောက်ရှာခိုင်းထားတယ်။ အင်္ဂလိပ်စာလေးလည်း တော်ဦးမှပေါ့. . . ပြီးတော့ ကိုယ်က ကွန်ပျူတာ ရိုက်တယ်ဆိုတာ သူများရေးပေးတာ ဖတ်ရိုက်ရုံမဟုတ်ဘူး အလုပ်ကို စိတ်ဝင်စားဖို့လည်း လိုတယ်. . . "





ဖေဖေနှင့် အလုပ်လုပ်နေလိုက်တော့ ပတ်ဝန်းကျင် ရာအားလုံးကို မေ့သွားပါတယ်။ မေမေက ထမင်းစား ခေါ်မှ ဖေဖေနှင့် အလုပ်နားပြီး ထမင်းစားဖို့ပြင်ကြတယ်။

" သား. . . ဟေမာ ဖုန်းဆက်တယ်. . . မင်းက ရောက်သေးဘူးပြောပါဆိုလို့သာပြောရတာ. . . ညာမပြော င်ဘူး "

" သူကအလုပ်အားနေတော့ သွားလေရာ သားကို ဖော်ခေါ်နေတော့တာ ကြာတော့ မလိုက်ချင်တော့ဘူးမေမေ ခုလည်း အပြင်မှာ ထမင်းစားမယ်တဲ့ အဲဒါမစားချင်လို့ သာလေးပြန်လာတာ . . . "

" ဟေမာလေးက စိတ်ဓာတ်တော့မဆိုးပါဘူး ဒါပေမယ့် ငွေကြေးပြည့်စုံတယ်ဆိုပြီး အလုပ်မလုပ်ချင်ပဲနေတာဆိုးတယ် "

" ဖေဖေကတော့ မကြိုက်ဘူး သူ့အဖေလည်း သွားရေးလုပ်ငန်းတွေအများကြီးရှိတာ ဝင်လုပ်ပါလား ညာလည်း ကောင်းကောင်းမသင် အလုပ်လည်းမလုပ်ချင် စ်နေ့တစ်နေ့ ကားတစ်စီးနဲ့. . . ဖေဖေ ဒီလို အချိန်ကို န်ဖိုးမထားတဲ့ မိန်းကလေး မကြိုက်ဘူး. . . သားရဲ့ ယ်သူငယ်ချင်းလည်းဖြစ် ခင်မင်နေလို့သာ ဘာမှမပြောတာ ငွေကြေးချမ်းသာတိုင်း နေချင်သလို နေရင် ဘဝက ယ်လေးနက်ပါတော့မလဲ သားရယ် . . . "

www.burmeseclassic.com



ဖေဖေ့စိတ်မှာ ဟောမာ့အပေါ် အမြင်မကြည်လင်တာ
ရွှေမိုးညိုသိပါတယ်။ ဟောမာ့ကိုပြောလည်း ပြောလို့မှမရတာ
ဒါကြောင့်လည်း ဟောမာနှင့် ခင်ခင်မင်မင်သာနေတာ
အိမ်ကိုတစ်ခါတစ်ရံတောင် မခေါ်ခဲ့ပါဘူး။ ဖေဖေရှိနေ
အချိန်နှင့်တိုးလျှင်. . . ဖေဖေက ဆုံးမစကားတွေပြောမည်
ဟောမာက ကောင်းကောင်းနားထောင်ရင် ကောင်းပါရဲ့. . .
သူ့အဖေကို ပြောသလို ပြန်ပြီးပြောလိုက်လို့ကတော့ မလွယ်

" ဒီမိန်းကလေးနဲ့မင်း သိပ်တွဲလွန်းတာလည်း မကော
ဘူးသား. . . ချစ်သူတွေလည်း မဟုတ်ပဲ ပတ်ဝန်းကျင်
အမြင်လွဲတယ်. . . နောက်ဆို တတွဲတွဲမနေပဲ ဆင်ခြင်. . .

" ဟောမာနဲ့ ချစ်သူဖြစ်သွားတော့ရော ဘာဖြစ်
အစ်ကိုရယ်. . . "

" ငွေကြေးပြည့်စုံတယ်ဆိုတာနဲ့ မင်းက ချွေးမတော်
စဉ်းစားနေတာလားခင်. . . အစ်ကိုတော့ မကြိုက်ဘူး. . .
သားလည်း ကလေးမဟုတ်တော့လို့ သိပ်မချုပ်ချယ်ချင်တာ
မပြောပဲနေခဲ့တာ. . . "

" ဟုတ်ကဲ့ပါ ဖေဖေ. . . ဖေဖေ ပြောတာရော မေ
ပြောတာပါ သားနားလည်ပါတယ်. . . ဟောမာ့ကို သူငယ်ချ
တစ်ယောက်မို့ ခင်ခင်မင်မင်နေတာပဲရှိတာပါ. . . နောက်
သားဆင်ခြင်ပါမယ်. . . "

❦ ရန်ပိုင်ဦးစာပေ ❦

ဖေဖေကလည်းပြောပြီ ဖိုးချိုလည်းပြောတယ်။
သူတွေ မဟုတ်ပါပဲ တပူးတွဲတွဲရှိနေတာ အားလုံးရဲ့အမြင်
ကြည်လင်းဘူးဆိုပဲ။ ခင်မင်မှုအပေါ်မှာ ဆင်ခြင်ဦးမှပါ။
ရွှေမျက်ရည်ကိုတော့ ချက်ချင်းဘာမှမပြောရဲပါဘူး။ ငိုဖို့က
စ်ရာရာခိုင်နှုန်းလောက် သေချာပါတယ်။

" သားက လိမ်မာတယ် "

" မေမေ့သားပဲလေ . . . "

ထမင်းစားလို့မှ ပြီးရုံရှိသေး။ ဟောမာ့ဆီက ဖုန်းလာ
နိုပါပြီ။

" ကိုညို . . . ခုထိ ဟောမာ ထမင်းမစားရသေးဘူး
ကိုညို့ကို လာခေါ်မယ် "

" မခေါ်နဲ့တော့ ဟောမာ. . . ဖေဖေ မေမေတို့နဲ့ အခုပဲ
ထမင်းစားလိုက်တယ်။ အခုလည်း ဖေဖေနဲ့ ကွန်ပျူတာရိုက်
ရာတွေရှိ . . . "

ဖုန်းပြတ်သွားပြီ။ ဟောမာက သူ့အလိုမကျရင် ခုလိုမျိုး
တ်ကောက်တတ်တာလည်းရှိသေး။ ခင်မင်လို့ရယ် နားအေး
စေဆို အလိုလိုက်ခဲ့သမျှ မလွယ်ပါလား။ ဖေဖေပြောသလို
ဆင်ခြင်မှ ဖြစ်တော့မည်ထင်ပါရဲ့။

✧ ✧ ✧ ✧ ✧

❦ ရန်ပိုင်ဦးစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



“ ပုပု. . . ပုပု ”

ပုပုတစ်ယောက် ထမင်းဟင်းတွေပြင်ဆင်
ဗန်းကလေးကိုင်လာတဲ့အချိန်ကို ယဉ်စစ မရအရ
နေရတာ။ ငြိမ်းချမ်းမြိုင်ဆိုသော အိမ်ကြီးမှ ငြိမ်းချမ်းမြိုင်ဆို
ကောင်မလေးကို ယဉ်စ တွေ့ချင်တယ်လေ . . .။

“ ဘာလို့လဲ အစ်မယဉ်စ ”

“ ပုပု အခု ထမင်းသွားပို့မှာ မဟုတ်လား. .
ယဉ်စလည်း လိုက်ခဲ့ချင်တယ် ”

“ ဟာ ဘာလုပ်မလို့လဲ ”

“ ငြိမ်းချမ်းမြိုင်ကို တွေ့ဖူးချင်လို့ပါ ”

“ ဒါဆိုဒီလိုလုပ်ပါလား ဒီထမင်းဟင်းတွေ အစ်မယ
သွားပို့လိုက်. . . ဒေါ်သတော့ကြီးတယ်နော် သတိထ
သူဘေးခုံပေါ်မှာ တင်ထားပြီး ပြန်ထွက်လာခဲ့ . . . သွားရဲလ

“ အင်း သွားရဲတယ် ”

ပုပုဆီက ထမင်းဗန်းကို လက်လွှဲယူခဲ့တယ်။

ဘယ်လိုပဲ ဒေါ်သကြီးကြီး. . . ငြိမ်းချမ်းမြိုင်ဆို
ဆယ့်နှစ်နှစ်လောက်ပဲ ရှိသေးတဲ့ အိပ်ရာပေါ်မှ မထနိုင်သေ
ကလေးမလေးတစ်ယောက်ပဲ။ ကြောက်စရာတော့မရှိပါဘူ
တံခါးဝမှာ ငုံ့ပြီး အတွင်းကို ကြည့်လိုက်တယ်. . .။

အိပ်ရာပေါ်မှာ ပုံလျှက်သားလေး လဲနေတာပါလာ





သူတတော့ ထမင်းဗန်းကို ဘေးခုံမှာထားခဲ့တဲ့။ ဒီအတိုင်း
ထားခဲ့ပြီး ထွက်လာရမှာလား။ ငြိမ်းချမ်းမြိုင်ကို တွေ့ချင်လို့ပါဆို။
ကြည့်ရဦးမယ် စကားပြောလို့ရရင်လည်း ပြောရဦးမယ်လေ။
ထမင်းဗန်းကို တင်ထားပြီးတော့ အိပ်ရာပေါ် လှမ်းကြည့်
လိုက်တယ်။

ဘုရားရေ။

သူကလည်း ယဉ်စကိုကြည့်နေတာပါလား။

အေးစက်စက်မျက်လုံးလေးတွေနှင့် အပြုံးတစ်စမရှိ။
အသားအရည်ဖြူဖပ်ဖြူရော်နှင့် တကယ့်လူမမာလေး
တစ်ယောက်ပါ။ ဆိုးဝါးနေတာက ဆံပင်ပါပဲ။ ကတုံးရှည်စ
ဆံပင်တွေကြောင့် ကလေးမလေးရဲ့ ချစ်စရာအလှတောင်
ပျောက်နေသလိုပါပဲ။

“ ငြိမ်းချမ်း. . . အစ်မနာမည်က ယဉ်စစတဲ့
မှတ်ထားနော် ”

မလှုပ်ပါဘူး။

ကြည့်နေသည့် မျက်ဝန်းတွေကိုတောင် မှိတ်ပစ်လိုက်
သေးတယ်။ ခင်မင်လိုသည့် အရိပ်အယောင် လုံးဝမရှိ။
ဒါတတော့ ခုမှတွေ့ဖူးတာ။ မျက်ဝန်းစုံမှိတ်ထားသော
ကောင်မလေးကို ယဉ်စရပ်ကြည့်နေမိဆဲ။

“ ထွက်သွား ”



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မျက်လုံးစုံမှိတ် အသံကုန်အော်လိုက်တာ
ယဉ်စလန့်သွားလိုက်တာ။ အခန်းပြင်ကိုပင် ဘယ်လိုက ဘယ်
ရောက်သွားသည်မသိ။ ရင်တွေတုန်လိုက်တာ။ အခန်းအပြ
မှာတော့ ပုပုက ယဉ်စကို မျက်လုံးကြီးပြူးလို့ ကြည့်နေလေ

" လန့်လိုက်တာ ပုပုရယ် . . . "

" အစ်မယဉ်စ ဘာသွားပြောလိုက်တာလဲဟင် . .
ငြိမ်းချမ်းက စကားမပြောတာကြာလှပြီ . . . အခု အကျယ်ကြ
အော်လိုက်တာ . . . ပုပုတောင် အပြင်က ကြားတယ် . . .

" သူစကားမပြောတာ ကြာလှပြီ ဟုတ်လား "

" ဟုတ်တယ် ဘယ်သူက ဘာပြောပြော တစ်ခွန်းမှ
မပြောတာ . . . "

ပုပုတော့ပြေးထွက်သွားပြီ။

ယဉ်စမှာသာ အခန်းထဲပြန်လာပြီး ကုတင်ပေါ်မှ
ထိုင်နေမိပါတယ်။ တံခါးခေါက်သံကြောင့် ဖွင့်ကြည့်လိုက်
အခါမှာ မေမေနှင့်အတူ အန်ကယ်လ်ဇော်သင်းလှိုင်
တွေ့ရပါတယ်။ ဒက်ဒီလို့ ခေါ်ခိုင်းပေမယ့် ယဉ်စ မခေါ်
သေးပါဘူး။

" သမီး ဘာလို့ ငြိမ်းချမ်းမြိုင်အခန်းထဲ သွားရတာလဲ

" နွယ် . . . ယဉ်စကို မဆူပါနဲ့ သွားပါစေ ဘာဖြစ်
ယဉ်စလည်း ဒီအိမ်ရဲ့ အိမ်သားတစ်ယောက်ပဲ ငြိမ်းချမ်း





တွေ့ဖူးချင်မှာပါ . . . တွေ့လိုက်တော့ကောင်းပါတယ်
လို့ဆိုတော့ နှစ်နှစ်ကျော် စကားလုံးဝမပြောတော့တဲ့
ချမ်းဟာ ယဉ်စကိုမြင်မှ ဘာလို့အသံထွက်လာရတာလဲ
တော့ ထူးဆန်းတာပေါ့ . . . "

" ယဉ်စ ဘာမှမပြောပါဘူး . . . အစ်မနာမည်
ဉ်စပေါ မှတ်ထားနော်လို့ပဲ ပြောမိတာပါ . . . သူက
တ်သွားလို့ တအားအော်လိုက်တော့ ယဉ်စ အရမ်းလန့်
းတာပါပဲ . . . "

" သမီးငယ်လေးက သနားစရာကောင်းပါတယ် . . .
အမေလည်းဆုံး သူလည်း ခုလို အိပ်ရာပေါ် လဲသွားခဲ့တာ
ပါပြီ စကားဆို တစ်ခွန်းမှမပြောဘူး . . . ဒက်ဒီကလည်း
လုပ်ကိစ္စတွေထဲနစ်နေလေတော့ . . . တစ်နေ့တစ်ခေါက်
ကြည့်ရုံပါပဲ . . . အစ်ကို အစ်မကလည်း ဂရုမစိုက် . . . "

" ယဉ်စ . . . သူ့ကို သဘောကျပါတယ် . . .
ဉ်စလည်း လောလောဆယ် အလုပ်မှမရှိတာ . . . သူ့ကို
ဖော်အဖြစ် နေပေးချင်ပါတယ် "

" စိတ်ကူးမယဉ်စမ်းနဲ့ ယဉ်စ . . . "

မေမေကမနှစ်သက်ပါဘူး။ ယဉ်စကတော့ အန်ကယ်လ်
ပြသမျှမှာ ငြိမ်းချမ်းမြိုင်ကို သနားမိပါတယ်။ သူ့အမေကို
ရှုံးလိုက်ရတယ် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ဆော့ကစား



www.burmeseclassic.com

www.burmeseclassic.com



နေရမယ့်အရွယ်မှာ အိပ်ရာပေါ် လဲနေခဲ့ရတယ်။ ပြီးတော့ အနားမှာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေပေးမယ့်သူ မရှိဘူး ခုနကတော့ စိတ်မှာ ငြိမ်းချမ်းမြိုင်ကို မြင်ဖူးချင်တဲ့စိတ် ရှိပါတယ်။ အခုချိန်မှာတော့ ကြင်နာသနားစိတ်တွေ ရှိနေခဲ့ပါပြီ။

" သမီးငယ်လေးကိုသာ ယဉ်စ ဂရုစိုက်ပေးမယ် ဒက်ဒီ အရမ်းဝမ်းသာရမှာပါ. . . သူက ဒေါသတကြီး ဆက်ဆံတော့ အနားမှာ ဘယ်သူကမှလည်း မကပ်ချင်ဘူးလေ ပုပုဆို ထမင်းတစ်ခါပို့ရရင်တောင် စိတ်ရှုပ်နေတာ. . . "

" ယဉ်စ ကြိုးစားဂရုစိုက်ကြည့်မယ်. . . "

မေမေ မနှစ်သက်တာသိပါတယ်။

ဒါပေမယ့် မေမေက အန်ကယ်လ်ရှေ့မှာမို့ ဘာမှတော့ မပြောပါဘူး။ လုံးဝစကားမပြောပါ နှစ်နှစ်ကျော်နေတဲ့လူ ယဉ်စကိုကျမှ ထွက်သွားလို့ ဘာလို့ အော်ရပါလိမ့်. . . နေနှင့်ဦးပေါ့. . .။ ဒေါသတွေ မကျေနပ်စိတ်တွေရှိနေ ငြိမ်းချမ်းမြိုင်ကို ယဉ်စ မရရအောင် ခေါ်ပြမယ်. . . ဒါကလည်း မေတ္တာတရားနှင့်ဆိုင်မှာပါ။ ယဉ်စဘက်က တကယ့်မေတ္တာစစ်နှင့် ခေါ်ပြောဆက်ဆံတယ်ဆို ငြိမ်းချမ်းဘက် ကလည်း တုံ့ပြန်မှု ဘာလို့မရှိရမှာလဲ။

✧ ✧ ✧ ✧ ✧





" မနက်က ဘာလို့ အန်ကယ်လ့်ကားနဲ့ လိုက်သွား တာလဲ ကိုညို. . . ဟေမာ အမြဲလာကြိုမှန်း သိပါလျက်နဲ့ "

" ဟေမာ လာကြိုမယ်မှန်းသိပါတယ် ဖေဖေတာ မရဘူး ခုတလော အလုပ်များတယ်. . . ဖေဖေနဲ့အတူ မင်း တစ်ခါတည်းလိုက်ရမယ် ညနေကျမှ အတူမပြန်ချင် နေတဲ့. . . ကြောင့် မနက်လာမကြိုနဲ့တော့နော် ဟေမာ. . . "

" အခုရော ပြန်ကြရအောင်လေ "

" ပြန်လို့မရသေးဘူးဟေမာ. . . အလုပ်တွေပေးရမှာ ကျန်းထားတယ်. . . ဒီတော့ ဟေမာနဲ့ အအေးတစ်ခွက် သောက်မယ် ပြီးရင် ပြန်တော့နော်. . . "

ရွှေမျက်ရည်တစ်ယောက် ရွှေမျက်ရည်ဝဲနေပြီ ဆိုတာသိပါလျက် မသိချင်ယောင်ဆောင်မှပါ။ ရှေ့ဆက် ခုလို အမြဲ တပူးတွဲတွဲနေလို့မဖြစ်။ ဖေဖေကလည်း ဘာမှမပြောခဲ့တာ ရွှေမိုးညိုကို ယုံကြည်လို့သာ။ ဟေမာ့လို ဘာအလုပ်မှ မလုပ်ပဲ အားလပ်နေတဲ့သူနဲ့တော့ ပြိုင်လို့မဖြစ်။ ရွှေမိုးညိုမှာက အလုပ်တွေရှိနေတယ်လေ။

" အဲဒီအလုပ်တွေ မလုပ်ပါနဲ့လား ကိုညိုရယ် "

" အလုပ်မလုပ်လို့ ဖြစ်မလား ဟေမာရဲ့. . . "

" အချိန်တိုင်း မတွေ့ရဘူးပေါ့. . . "

" အလုပ်ရှိတဲ့အချိန် ဘယ်တွေ့လို့ရမလဲ ကဲပါ



www.burmeseclassic.com

www.burmeseclassic.com



ဘာအအေးသောက်မလဲ. မှာ. ငါမှာအချိန်မရဘူး. . . "

" ကိုညိုကလည်း စကားပြောတာ စိမ်းလိုက်တာ

" ဘာစိမ်းလို့လဲ ဟေမာ. . . နင့်မှာသာအလုပ်မရှိ
ငါမှာ အလုပ်တွေရှိတယ်လေ. . . ခုတလော ဖေဖေ
သူ့ဘာသာ စီးပွားရေးတွေ ပိုလုပ်ဖို့ပြင်ဆင်နေတယ်. .
အဲဒီအတွက် ငါ့ကို အလုပ်တွေ ပိုခိုင်းလာတာ. . . "

" ကိုညို့ဖေဖေခိုင်းတာဆိုတော့ လုပ်ရမှာပေါ့လေ . .
အိမ်မှာလည်း စိတ်ရှုပ်လို့ အပြင်ထွက်ပါတယ် ကိုညို့လ
အဖော်ခေါ်မရနဲ့ တော်ပါပြီ ဇီဇဝါဆီပဲ သွားမယ် "

" သွားပေါ့ ဇီဇဝါလည်း ဟေမာ့လိုပဲ အလုပ်လ
ရကောင်းမှန်းမှမသိတာ. . . "

" အိမ်မှာ အမေကလည်း ဖိုထဲကအစ အပိုင်စီးနေ
သမီးကလည်း ဒက်ဒီအကြိုက် လိုက်နေပြီလေ "

" ဘာတွေပြောနေတာလဲ. . . ဘယ်သူလဲ "

" ဒေါ်နွယ်နွယ်နဲ့ ယဉ်စစပေါ့ "

ဟေမာနဲ့လည်း ခက်ပါတယ်။

ဒေါ်နွယ်နွယ့်ကို မချစ်လည်း အခုဆို အိမ်ရောက်နေပြီ
အန်ကယ်လ်ဖော်ကိုယ်တိုင်က ချစ်ခင်လို့ လက်ထပ်ခဲ့ပြီး
မကောင်းမြင်နေလည်း စိတ်ညစ်ရုံရှိမှာပေါ့။ တစ်ခါတည်
မြင်ဖူးသေးတော ဒေါ်နွယ်နွယ်နဲ့ ယဉ်စစရဲ့ စိတ်ဓာတ်



တွေတော့ ရွှေမိုးညို မခန့်မှန်းနိုင်ပါဘူး။ ဒါပေမယ့် စိတ်ညစ်နေ
သို့လည်း မရနိုင်တော့သည့်အတူတူ ပတ်ဝန်းကျင်နှင့်
ကိုက်လျော်ညီထွေ နေသင့်ပါတယ်။

" ယဉ်စစလည်း အိမ်မှာ နေရာယူနေပါပြီ ကိုညိုရာ
ငြိမ်းချမ်းအခန်းထဲဝင်တယ်. . . ပုပု ထမင်းမို့တာ
သူကဝင်ပို့တယ်တဲ့. . . ဒါပေမယ့် အံ့သြစရာကောင်းတာက
ဖြစ်ကတည်းက စကားမပြောတော့တဲ့ ငြိမ်းချမ်း
အော်လိုက်တာ ထွက်သွားတဲ့ "

" ဟုတ်လား "

ငြိမ်းချမ်းလေးကတော့ သနားစရာ ကောင်းလွန်း
ပါတယ်။ ဒါကြောင့်လည်း ဟေမာတို့အိမ်ရောက်ရင် ငြိမ်းချမ်းကို
ရွှေမိုးညို ဝင်ကြည့်မိမြဲ။ အဲဒီအခါတိုင်း အိပ်ရာပေါ်မှာ
လဲနေရာက အေးစက်တဲ့ မျက်ဝန်းတွေနှင့် ရွှေမိုးညိုကို တစ်ချက်
တလေကြည့်ပြီး မျက်ဝန်းတွေ ပိတ်ထားတတ်ပြန်ပါတယ်။

" ငြိမ်းချမ်း စကားပြောတယ်ဆို ကောင်းတာပေါ့ "

" သူက ဘယ်လိုအကြံနဲ့ ငြိမ်းချမ်းအခန်းထဲ ဝင်တာ
လဲမှ မသိတာ "

" ဟေမာရယ် နင်မလည်း ကိုယ့်ညီမလေးကို
ကိုယ်တိုင်လည်း ဂရုမစိုက်ဘူး. . . သူများက ဂရုစိုက်တာလည်း
မြစ်ချင်ဖြစ်မှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" သူက ဂရုစိုက်တာ. . . မထင်ပါဘူး "

" ဒါဆိုလည်း ထင်ချင်ရာသာထင်ပေတော့ ဟေမာ ငါလည်း အလုပ်ထဲ ပြန်ဝင်တော့မယ် "

" သွားမယ် ကိုညို. . . မနက်တော့ လာကြို ကြည့်ဦးမယ်. . . "

" ပင်ပန်းမခံနဲ့ဟေမာ. . . ဖေဖေနဲ့ အစောကြီး လိုက်သွားရမှာ. . . "

ဟေမာ စိတ်ဆိုးပြီး မျက်ရည်ဝဲသွားတာသိပါတယ်။

ဒါပေမယ့် သိပ်လိုက်လျှောညီထွေ မနေချင်တော့ ပါဘူး။ ဟေမာနှင့်ဆို ဈေးပေါင်းစုံ၊ ဆိုင်ပေါင်းစုံ ဒါတွေမှာပဲ နစ်မျောနေရဦးမှာ။ စိတ်မှာတော့ ဟေမာဆိုတာ အခင်မင်ဆုံး ငယ်သူငယ်ချင်းအဖြစ် ရှိနေဆဲပါ။

" အလုပ်အားတာနဲ့ ဖုန်းဆက်မယ် ဟေမာ. . . စားစရာဆိုင်ကောင်းကောင်းတွေရင် ခဏမှတ်ထားဦး. . . "

ခုလိုကျတော့ နည်းနည်းကျေနပ်စွာ ခေါင်းညိတ်သွားပြီး ဖိုးချိုသီရင်ပြောဦးမည်။ ဟေမာမြိုင်ရဲ့ မျက်ရည်ဝဲနေတဲ့ ပုံစံကို မင်း မလွန်ဆန်ရက်ပါဘူးကွာလို့လေ ဘာပဲပြောပြော နှစ်ရှည်ကြာခဲ့သော ခင်မင်မှုဆိုတော့လည်း သံယောဇဉ် တစ်မျှင်တော့ ရှိနိုင်ပါတယ်။

✧ ✧ ✧ ✧ ✧





ငြိမ်းချမ်းမြိုင်. . . ဒီတစ်ခါလည်း ထွက်သွားလို့ အောင် ချင်အောင် ဒါမှမဟုတ်လည်း အောင်ချင်သလိုသာအောင်တော့. . . ခင်တွေ့ရဦးမည်။ မတွေ့ပါပဲနှင့် ယဉ်စတို့ ဘယ်လိုရင်းနှီးမှုကို ရှာတဲ့လဲ. . .။ ဒါကြောင့် ငြိမ်းချမ်းရဲ့ အခန်းထဲကို ချောင်းကြည့်လိုက်ပါတယ်။ အိပ်ရာပေါ်မှာ ခွေခွေလေး အိပ်နေတာပါပဲ။ ဒီပုံစံလေးနဲ့ပဲ အမြဲနေနေရတာ သနားစရာ ကောင်းလိုက်တာ။

" ငြိမ်းချမ်း. . . "

မျက်ဝန်းအေးစိမ့်စိမ့်တွေက ယဉ်စဆီ ရောက်ရှိလာ ပြန်ပါပြီ။

ကြည့်နေတယ်။

ကြည့်လေ။ ကြည့်ပါ။

ယဉ်စစကို ကြည့်မှ ယဉ်စစကိုမြင်ရမယ်. . . စားပုံတောင်ရှိသေးတာ။

မြင်ပါများရင်ခင်. . .

ခင်ပါများရင် ချစ်သတဲ့လေ. . .။

ခင်မင်လာဖို့ များများမြင်သင့်တာပေါ့။ ငြိမ်းချမ်းမြိုင် ဘာကြိုက်သလဲဆိုတာ ဦးဇော်သင်းလှိုင်ကို မေးသေးတယ်. ပုပုကို မေးတယ်. . .။

" ငြိမ်းချမ်း. . . မင်းကြိုက်သလားလို့ အစ်မယဉ်စ



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပန်းတွေယူလာတယ် ဒီခုံပေါ်တင်ထားမယ်နော်... ဒီနေ့ ထမင်းကိုလည်း အစ်မယဉ်စပဲ ယူလာပေးမယ်... လိုချင်တာရှိရင် အစ်မယဉ်စကိုပဲ ပြောနော်..."

အနှစ်အရသာကင်းမဲ့လိုက်တာ။

ကြည့်သာနေတာ။ အရင်တစ်ခါလို အော်လည်းမအော် ပြီးတော့... ဘာမှလည်းလိုချင်ပုံမရ။

" ငြိမ်းချမ်းခုလိုနေရတာ မပျင်းဘူးလား... အစ်မယဉ်စ ငြိမ်းချမ်းကို ပန်းချီဆွဲပြရမလား "

ဒီတစ်ခါမှာ ငြိမ်းချမ်းရဲ့ နှုတ်ခမ်းလေးတွေ လှုပ်ရှားသွားတာ ယဉ်စမြင်ရတယ်။ ပန်းချီလို့ ရွတ်လိုက်တာနေမှာ။ ငြိမ်းချမ်းမြိုင်ဟာ ပန်းချီဆွဲရတာကို နှစ်သက်တယ်တဲ့။ ယဉ်စလည်း ပန်းချီဆွဲသင်ခဲ့မိတာကိုပဲ ကျေးဇူးတင် နှစ်သက်ရမလိုဖြစ်နေပြီ။

" ထမင်းစားချိန်ကျရင် အစ်မလာခဲ့မယ်... ငြိမ်းချမ်းကို ပန်းချီဆွဲပြမယ်နော် "

အခန်းပြင် ပြန်ထွက်ခဲ့တယ်လေ။

" ဒီမှာ ဘာလာလုပ်တာလဲ "

" ဩော် ဟေမာ... "

" ဘာလာလုပ်တာလဲ "

" ငြိမ်းချမ်းဆီ လာတာပါ "





" အပိုတွေလုပ်မနေနဲ့ ယဉ်စစ... ငြိမ်းချမ်းနဲ့ မင်း ဘာမှပတ်သက်မှုမရှိဘူး... ဒက်ဒီ့ရှေ့မှာ စားကောင်းအောင် လုပ်မနေပါနဲ့..."

စိတ်မှာ ရှက်ခြည်း ဒေါသဖြစ်ရပါတယ်။

ယဉ်စက စားကောင်းအောင် ဟန်ဆောင်နေတာတဲ့လား။ ငြိမ်းချမ်းကိုသနားမိလို့သာ တကယ့်စိတ်ရင်းနှင့် ခင်မင်အောင် ပြုနေမိတာပါ။ ဒီလိုမလုပ်လည်း... ငြိမ်းချမ်းမြိုင်အိမ်မှာ ယဉ်စစ နေလို့ရနေတာပါပဲ။ မေမေကဆို အိမ်တစ်အိမ်မှာ ဦးထောင်ဦးစီးပြီးရင် အိမ်ရှင်မက အမိကပဲ ဆိုတဲ့ ပုံစံနဲ့နေတာ။ ယဉ်စစိတ်မှာသာ ငြိမ်းချမ်းမြိုင်ဆိုတာ ခိုမှရောက်ရတဲ့ အိမ်တစ်အိမ်အဖြစ် စိမ်းနေတာပါ။

" မင်း ထင်ချင်သလို ထင်လို့ရတယ် ဟေမာမြိုင် "

" ဒါပေါ့ အမှန်တွေပဲဟာ "

တွေလား စကားပြောတာဘယ်လောက် အသည်းယားစရာကောင်းသလဲ။ စိတ်ရှိတိုင်းသာဆို အလွန်လှပတဲ့မျက်နှာကို ဆွဲကုတ်ပစ်ဖို့ကောင်းလိုက်တာ။

" ငြိမ်းချမ်းကို အိပ်ရာလေးတစ်ခုပေါ်မှာ ဘဝအဆုံး သေတ်စေချင်လို့ ငါ ဂရုစိုက်တာ ဟေမာ မင်းဟာ သူ့ရဲ့အစ်မ အရင်းပဲ တကယ်ဆို သူ့ကို မင်းဂရုစိုက်ရမှာ... အခုတော့ ကိုယ်တိုင်ကလည်း ဂရုမစိုက်နိုင်ဘူး သူများဂရုစိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့လည်း ထင်ရာတွေ လျှောက်ပြောနေသေးတယ်. . .
ဟုတ်တယ်။ ဒက်ဒီ့ရှေ့မှာ စားကောင်းအောင်လုပ်တယ်
ဘာဖြစ်လဲ အဲဒီ့တော့ရော မင်း ဘာတတ်နိုင်သလဲ. . . ”

အံ့ဩဖွယ်ရာပါပဲ။

ရုပ်ကလေးလှသလောက် စိတ်ထားမလှလိုက်တာ။

ဖြေဆောင့်ပြီးလှည့်ထွက်သွားချိန်မှာ နှုတ်ဖျား
မကျေနပ်သော စကားတွေကို ရွတ်ဆိုသွားသေးတယ်လေ
ထင်ချင်ရာထင် ပြောချင်ရာပြော။ ယဥ်စစိတ်ကို ယဥ်စ
အသိဆုံးပေါ့။ ဒါပေမယ့် ဒီအိမ်ကို ရောက်ပြီးတည်းက ယဥ်
စိတ်အဝင်စားဆုံးသော့အရာကို ရခဲ့ပါတယ်။

အဲဒါကတော့ အိပ်ရာပေါ် လဲနေသော ငြိမ်းချမ်းပါပဲ

ခုချိန် ဒီအိမ်မှာ နေရတာကို ယဥ်စ နှစ်သက်လာသ
ခံစားရပါတယ်။ ငြိမ်းချမ်းကို ယဥ်စ စိတ်ဝင်စားနေပြီလေ။

“ သမီး. . . မနက်စာ လာမစားပဲ အခန်းထဲ
ဘာလုပ်နေတာလဲ ”

မေမေကတော့ မီးဖိုထဲမှာ မနက်တို့နှင့် စားစရာချက်
ဖို့လောက်ပဲ အလုပ်များနေတော့တာ။ မနက်ဆို မီးဖိုထဲချက်
ပြုတ်ရေး ဈေးသွားဖို့အရေးနှင့် မေမေ မအားနိုင်
ဦးဇော်သင်းလှိုင် အလုပ်သွားပြီဆို မေမေတစ်ယော
ရှိသမျှဆိုင်တွေ လျှောက်ပြီး ပစ္စည်းဝယ်မည်။ မေမေ





ပျော်ရွှင်နေတာပါလား။

“ ဟဲ့ မေးနေတယ် ယဥ်စ. . . အခန်းထဲပဲ နေမနေနဲ့
ဒီနေ့ မေမေ ဈေးဝယ်ထွက်ရင် လိုက်ခဲ့ ”

“ မလိုက်ချင်ဘူး မေမေ. . . ယဥ်စ မအားဘူး. . .
အင်္ဂလိပ်စာတွေ ဖတ်နေရတယ် အလုပ်တစ်ခုခု လုပ်မလားလို့”

“ အလုပ်. . . အံ့ပါရဲ့ ယဥ်စရယ်. . . ဒီလောက်
ပြည့်စုံနေတာ ဘာအလုပ်လုပ်ချင်ပြန်သလဲ. . . ဟောမှာကို
ကြည့် ဘယ်လောက်ကောင်းလဲ ဘာအလုပ်မှ လုပ်စရာမလိုဘူး
ပြည့်စုံပျော်ရွှင်လို့. . . သွားလိုက် စားလိုက်နဲ့ ”

“ ယဥ်စက အဲလိုမနေချင်ဘူး. . . ”

မေမေဆူတော့မှာမို့ စားပွဲပေါ်တွေ့သည့် ပေါင်မုန့်
ထောပတ်သုတ်တစ်ချပ်နှင့် ကော်ဖီတစ်ခွက်ကို အမြန်ဆုံး
စားလိုက်တယ်။ ပြီးတာနှင့် အခန်းဆီ ပြန်ပြေးလာခဲ့ရတယ်။

ဒီအိမ်မှာ ဒီအခန်းတစ်ခန်းရတာကိုလည်း ယဥ်စ
ကျေးဇူးတင်ပါတယ်။

ဝရံတာလေးထွက်လိုက်တာနှင့် မြင်ရသည့် ရှုခင်း
တွေဟာ ယဥ်စစိတ်ကို လွတ်လပ်ပေါ့ပါးသွားစေတာပါပဲ။
ရေကူးကန်မှာ ကိုမင်းသန့် ရေကူးနေပါလား။ မကောင်းပါဘူး
ယောကျာ်းလေးတစ်ယောက် ရှိနေတာ ယဥ်စစတမင်
လှမ်းကြည့်တယ်ထင်သွားရင် မကောင်း. . .။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ပြန်ဝင်လာခဲ့ပါတယ်။

ဩော် မေ့နေလိုက်တာ။

ငြိမ်းချမ်းကို ပန်းချီဆွဲပြမည် ပြောထားတာ. . . ဘာတွေဆွဲပြရမလဲ။

" အစ်မယဉ်စ "

" ပုပုလား ဝင်ခဲ့လေ . . . "

" အစ်မယဉ်စမေမေက ဈေးဝယ်ထွက်ရမ အင်္ကျီလဲပြီး ဆင်းခဲ့ပါတဲ့ "

" ဟင် "

မေမေကလည်း ယဉ်စမလိုက်ပါဘူးဆိုမှ။

မလိုက်ဘူးဆို ဆင်းပြောလိုက်ရင်လည်း. . . မေမေ ဆူမှာ။ ဘယ်သူရှိရှိ ဆူတော့မှာ. . .။ ဒါကြောင့် အဝတ်အစ အသင့်အတင့်လဲပြီး ဆင်းလာခဲ့ရတယ်. . . ဒီလောပ ဈေးဝယ်စေချင်နေရင် ဝယ်လိုက်မယ်။ အထူးသဖြ ပန်းချီပြန်ဆွဲဖို့ ပစ္စည်းတွေဝယ်မယ်. . .။

ထွက်သွားလို့အော်တဲ့ ကောင်မလေးဆီက ထွက်မသွားပါပဲ တ[illegible]ည်းဖြည်း အနားတိုးကပ်ခွင့်ရအော ယဉ်စစ ကြိ[illegible]ယ။ မေမေကတော့ ယဉ်စကို မကြိုက်တ ကား[illegible]ဘားတစ်စီးလိုချင်တယ် မပူဆာလို့တဲ့လေ. . . ဦးဇော်သင်းလှိုင် ဝယ်ပေးမည်ပြောပြီးတည်းက မေ





င်နေပြီ။ ယဉ်စမှ မလိုချင်တာ. . .။

" သမီးကို မေမေက ဟေမာ့လိုဘဝမျိုး ရစေချင်တာ ဘဝမျိုးရဖို့ လွယ်တာမှ မဟုတ်တာကွယ်. . . နေခွင့်ရခိုက် တရ လွတ်လပ်ပျော်ရွှင်စွာ နေစမ်းပါ. . . မေမေပေးတဲ့ တွေလည်း သုံးလေ. . . "

မေမေက ယဉ်စကို ခုတလော ငွေတွေအများကြီး ဆိုင်းလို ပေးပါတယ်။ ဒါပေမယ့် ယဉ်စစိတ်မှာတော့ တွေဟာ ပျော်ရွှင်စရာမဟုတ်ပါ။

အေးမြတဲ့ သစ်ရိပ်တစ်ခုမှာ ပန်းချီကားတစ်ချပ်ထဲ နှစ်နေရတဲ့ အချိန်မျိုးကို ယဉ်စ ပိုပြီး လိုချင်ပါတယ်။

မေမေ့ကို ပြောပြန်ရင် ညည်းအဖေလေသံတွေနဲ့ ပြောမနေနဲ့ ညည်းအဖေကို ငါ ဒါတွေ ကြည့်မရတာလို့ ဦးတော့မှာ။ သက်ပြင်းတစ်ချက်တော့ ဖွဖွရှိုက်မိပါပေ့။

✧ ✧ ✧ ✧ ✧

" အေးပါ ဟေမာရာ ငါသိပါတယ် ငါ တကယ် လို့ပါ. . . လာခဲ့ပါမယ်. . . "

သုံးရက်လောက် ဟေမာနှင့်မတွေ့တဲ့အခါ မျက်ရည် နှင့် ဖုန်းဆက်လာပါပြီ။ ဒီလောက် မစိမ်းကားပါနဲ့ ကိုသို့



www.burmeseclassic.com

www.burmeseclassic.com



ဟေမာနှင့်ဆို မေမေက သဘောတူထားတယ် ဆိုပေ
ဖေဖေမနှစ်သက်တာလည်း သူသိနေတယ်။ ပြီးတေ
နှစ်ရှည်ကြာ အတူခင်မင်နေတာနဲ့ အချစ်ဖြစ်ရောလား။

" သား သွားစရာရှိရင်သွားပြီး မြန်မြန်တော့ပြ
ဖေဖေသားကို စာတွေရေးခိုင်းစရာရှိတယ် "

" ဟုတ်ကဲ့ပါ. . . ဟေမာထမင်းစားခေါ်
သူတို့အိမ်တင်ပါ. . . "

ငြိမ်းချမ်းမြိုင်နှင့် စိမ်းတာမှ မဟုတ်တာ။ အ
သူဝင်ထွက်ခင်မင်နေတာပါ။ ဟိုတုန်းက ဟေမာ့မာမီရှိစဉ်
ရွှေမိုးညိုကို ဟေမာ့သူငယ်ချင်းလိုတောင် မဆက်ဆံ။ ကိုမ
လိုပင် တန်းတူချစ်ခင်ခဲ့တာပဲလေ။ ဒေါ်နွယ်နွယ်ကျတော့

ဒေါ်နွယ်နွယ်ဆိုမှ ယဉ်စစဆိုသော ကောင်မလေး
သတိရသွားပါရော။

အငမ်းမရ မကြည့်ရတဲ့။

ရွှေမိုးညို ပြုံးရတယ်။

" ကိုညိုရယ်. . . ဟေမာ လာခေါ်ဆို ရပါလျက်နဲ့
အငှားကားနဲ့လာတာပေါ့ ဟုတ်လား "

" ဟင့်အင်း ဘတ်စ်ကားစီးလာတာ "

" ဒါဆိုလမ်းထဲရောက်ဖို့ အဝေးကြီးလျှောက်ရမှာ
ကိုညို့ဖေဖေက ကိုညို့ကို ကားတစ်စီးတောင် ဝယ်မပေးဘူ





တမာဝယ်ပေးမယ် "

" ဘာပြောတယ် "

ဒီလိုတော့လည်း ရွှေမိုးညို စိတ်ဆိုးမှာကို ဟေမာ
ကြောက်တယ်လေ။ စကားဆက်မပြောတော့ပါဘူး။ သူ့ဘာသာ
ဘယ်လောက် ချမ်းသာချမ်းသာ ကားဝယ်ပေးရလောက်အောင်
ရွှေမိုးညို မညံ့သေးပါဘူး။

" ကိုညို. . . ဒေါ်နွယ်နွယ်ကတော့ အကြိုက်တွေ့
သွားပြီ. . . နေ့တိုင်း ဈေးဝယ်ထွက်တယ် "

" ဒါကတော့ သူက အိမ်ရှင်မလေ. . . အိမ်ရဲ့
လိုအပ်ချက်မှန်သမျှ သူဖြည့်ဆည်းရမှာပေါ့ "

" ဘာလို့ အကောင်းတွေပဲ မြင်ပေးနေရလဲ. . .
သူဈေးဝယ်ထွက်တာ သူ့စိတ်ကြိုက်ချည်းဝယ်တာ ကိုညို့ရဲ့. . .
ဒီရောက်တာ ဘယ်နှစ်လမှမရှိသေးဘူး. . .စိန်တွေ ဝယ်တယ်
ဒတ်ဒီကိုယ်တိုင် လိုက်ဝယ်ပေးတာ. . . "

ဟေမာတော့ခက်ပြီ. . .။

သူ့ည်အိမ်မှာ အန်ကယ်လ်ဖော်စီးပွားရှာနေတာ။
အန်ကယ်လ်ဖော် နှစ်သက်သူကို နှစ်သက်သလို ပေးနိုင်တာပေါ့။
ဒါတွေအပေါ် လိုက်မြင်နေရင် မြင်တဲ့သူပဲ စိတ်ဆင်းရဲရမှာပေါ့။

" သူတို့သားအမိ သိပ်လည်တယ် "

" ဟေမာလည်း ဒါပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဒါပဲပေါ့ကိုညို ရဲ့. . . ဒက်ဒီကျေနပ်အော
ဘယ်လိုလုပ်ရမယ် သူတို့သိပ်ဒါကြတယ် အမေကတစ်မျိုး
သမီးကတစ်မျိုး. . . "

" ဟေမာ. . . သူတို့အကြောင်းပဲ ပြောမနေနဲ့ဟာ
အိမ်ထဲရောက်လာပြီ ကြားသွားရင် ငါမျက်နှာပူတယ်. . .
အန်ကယ်လ်နဲ့ ကိုမင်းရှိလား "

" မရှိဘူး "

" ဒါဆို ထမင်းစားဖို့ကကော "

" ဟေမာနဲ့ကိုညိုပဲ စားမှာ. . . "

ရွှေမိုးညိုဆိုတာ အိမ်ရှေ့ဧည့်ခန်းမှာပဲ ထိုင်နေတတ်တဲ့
ဧည့်သည်မှ မဟုတ်ပဲ ဟိုးအရင်ထဲက ဒီအိမ်မှာ ဝင်ထွက်
စားသောက်နေတာ။ အရင်အတိုင်း မီးဖိုဘက် ဝင်လာခဲ့ပါတယ်
ဒေါ်နွယ်နွယ်ရှိနေပါလား။

" အန်တီ နေကောင်းပါရဲ့လား "

" ဩော် မောင်ရွှေမိုးညို. . . "

" ဟေမာ ထမင်းစားခေါ်လို့ လိုက်လာတာ အန်တီနွယ်"

" ကောင်းတာပေါ့ ဒီနေ့ အန်တီနွယ်က မင်းတို့
အန်ကယ်အကြိုက် ငါးဆုပ်ချက်တယ် အန်တီ့လက်ရာ
စားကြည့်ပါဦး "

ဒေါ်နွယ်နွယ်နှင့် စကားပြောရတာ မဆိုးပါဘူး။





ဟန်ဆောင်ထားတယ်ဆိုလည်း ဟန်ဆောင်တော်တယ်
ပြောရမည်။ လိုက်လှဲဖော်ရွေနေတာပါပဲ။ အန်ကယ့်
အကြိုက်တွေပဲလို့ ပြောလိုက်တဲ့အခါ ဟေမာ နှာခေါင်းရှုံ့တာ
ရွှေမိုးညိုမြင်ရတယ်လေ။ အမြင်မကြည်လင်တော့ဘူးဆိုမှ
ဘယ်လို အကောင်းမြင်နိုင်ပါတော့မလဲ။

ဟေမာပြောလို့သာ။

ရွှေမိုးညိုက စိန်တွေ ရွှေတွေ သိပ်မြင်တတ်တာမဟုတ်။
ဒေါ်နွယ်နွယ်ရဲ့ စိန်နားကပ်တွေ စိန်လော့ကတ်တွေ
စိန်လက်စွပ်တွေကို ဟေမာက တိုးတိုးလေးပြောနေမြန်ပါတယ်။

" ဟေမာ ပြောချင်ရင်နောက်မှပြော ကြားသွားလို့ဟာ"

ဒေါ်နွယ်နွယ့်လက်ရာ အလွန်ကောင်းသော
ဟင်းတွေကို စားရတာတော့ ကောင်းပါတယ်။

" ပုပု. . . ထမင်းသွားပို့လေ ငြိမ်းချမ်းဆာရောပေါ့ "

" အစ်မယဉ်စ သွားပို့တယ်. . . "

" အပိုတွေ. . . "

" ဟယ် ဟေမာ. . . "

ဒေါ်နွယ်နွယ် မလှမ်းမကမ်းမှာရှိနေတော့ ရွှေမိုးညို
စားနေသွားသလိုပါပဲ။ ထမင်းစားပြီးတော့ ငါပြန်မယ်ဟာလို့ပဲ
ခပ်မြန်မြန်ဖို့ပြင်ရတယ်။

" လာ ကိုညို. . . ငြိမ်းချမ်းအခန်း သွားကြည့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်ရပြန်တာလဲ ဟေမာ. . . "

" ထမင်းပို့ရတာနဲ့ အခန်းထဲဝင်ရတာနဲ့. . . သိပ်ပိုနေလို့ သွားကြည့်ရအောင် ပြောတာ. . . "

ငြိမ်းချမ်းဆီကိုတော့ ရွှေမိုးညို ခဏခဏ ဝင်ကြ... နေတာပါ။ ရွှေမိုးညိုကိုတွေ့ရင်လည်း စကားတစ်ခွန်း မပြေ... တစ်ခါတလေ ငေးကြည့်တယ်။ တစ်ခါတလေ မျက်လုံးမေ... မှိတ်ပစ်တယ်။ သည်သို့သော ငြိမ်းချမ်း။

ငြိမ်းချမ်း အခန်းထဲကိုလည်း ကြည့်လိုက်ရော။

" နင် ဒီမှာ ဘာလုပ်နေတာလဲ "

" ပန်းချီဆွဲနေတာလေ မမြင်ဘူးလား "

ယဉ်စစက သေချာကို ပန်းချီဆွဲနေတာ။

အိပ်ရာပေါ်ကိုလည်း ကြည့်လိုက်ရော ငြိမ်းချမ်း... ပန်းချီကားကို ကြည့်နေတာပါလား။

" နင့်ကို ပန်းချီဘယ်သူဆွဲခိုင်းလဲ အလက... ငြိမ်းချမ်းအခန်းကို ဝင်ချင်တာနဲ့ "

" ဒီမှာ ဟေမာမြိုင် ငြိမ်းချမ်းကို စိတ်ချမ်းသာအော... ဂရုစိုက်ဖို့ ဒက်ဒီနဲ့ ပြောပြီးသား. . . ရှင်လည်း ဂရုမစိုက်နိုင်ဘဲ...

ဟေမာစိတ်ဆိုးနေပေမယ့် ပြန်မပြောတတ်တော့... ထင်ပါရဲ့ လာ ကိုညိုသွားမယ်ဆို သူ့လက်ကိုဆွဲပြီး ထွက်... ခဲ့ပါတယ်။





" ဟေမာ. . . နင့်အပြစ်ပဲသိလား. . . သူပြောတာ ...တ်တယ် နင်လည်း ငြိမ်းချမ်းကို ဂရုစိုက်နိုင်တာမဟုတ်ဘူး ...ချမ်း အိပ်ရာပေါ်လဲခဲ့တဲ့ နှစ်နှစ်ကျော်အတွင်း နင်ဘယ်နှစ်ခါ ...ဂရုတစိုက်ရှိလဲ. . . သူ့ဘာသာသူ နေပါစေ. . . "

" သူတို့က ဟန်ဆောင်ကောင်းကြတယ် ကိုညိုရဲ့ ...တို့ရဲ့ ငွေမက်ပြီး ဒီကို ရောက်လာတဲ့ စိတ်ယုတ်မာတွေကို ...နိုင်ကြတယ်. . . အမေကလည်း ဟင်းချက်ကောင်းတယ် ...ခ်မှုကိုစွတော်တယ်ဆို တစ်အိမ်လုံးအပိုင်စီးနေပြီ. . . ...ဓိးတလည်း. . . "

" တော်ပါတော့ ဟေမာရာ နင်ခုလိုသာ ဒေါသတွေ ...ားနေရင် စိတ်ဒုက္ခရောက်နေမှာပေါ့ သူတို့ရောက်လာပြီးပြီ ...င်ဒက်ဒီကိုယ်တိုင်က ကျေနပ်စွာ ပျော်ရွှင်နေပြီ. . . သူတို့ကို ...ရုစိုက်ပြီး နင့်ကို အရင်လိုမဆက်ဆံတာမှ မဟုတ်တာ. . . ...ကောင်းမြင်လိုက် နင်စိတ်ချမ်းသာသွားရော. . . "

" အကောင်းမြင်ရမယ် တော်စမ်းပါကိုညိုရာ ...ာအကောင်းမှ မမြင်နိုင်ပါဘူး. . . မကောင်းတာတွေကို ...အကောင်းမြင်ရအောင် ဟေမာအရူးလား သူတို့ကို ...ဟေမာမုန်းတယ်. . . "

ခက်တော့နေပြီ။

ဘယ်လိုမှ ဖျောင်းဖျမရလည်းနေ။ ကိုယ့်စိတ်ဒုက္ခ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာရှာတာလောက် စိတ်ညစ်ဖို့ကောင်းတာမ
ဟေမာ့အပေါ် အခင်မင်ရဆုံးသူငယ်ချင်းတစ်ယောက်အ
စိတ်မညစ်စေချင်လို့သာ ပြောနေတာ။ နားလည်မှုကိုမရှိ။

ယဉ်စစဆိုတဲ့ ကောင်မလေးက ကြည့်တော့
ငြိမ်သက်သက်လေးနဲ့။ ဟေမာ့ကို ပြန်ပြောရဲတဲ့ သတ္တိ
နည်းလား။ သူမှန်တယ်ထင်ရင် သူလုပ်မယ့် ကောင်မလေ
ပြီးတော့ ပန်းချီဆွဲနေတာက တကယ် ဝါသနာပါပုံရပါတ
ငြိမ်းချမ်းအကြိုက် လိုက်ဆွဲနေတာမျိုးမဟုတ်ဘူး. .
ဟေမာနားလည်သင့်တာက ဘယ်သူပဲ ဂရုစိုက် ဂရုစို
ငြိမ်းချမ်းနေကောင်းလာမည်ဆို ဝမ်းသာစရာပဲပေါ့. .
မဟုတ်ဘူးလား ။

✧ ✧ ✧ ✧ ✧

ဒီအိမ်မှာ ဟေမာတစ်ယောက်နှင့်တော့ အဆင်
မည်ပုံ မရှိပါဘူး။ သူ့စိတ်မှာ သူ့ဒက်ဒီရဲ့ ငွေတွေကြောင့် ယဉ်စ
ဒီအိမ်ရောက်လာတယ်လို့ တွက်ဆထားပုံရပါတယ်။

ဟုတ်သလား။

မဟုတ်လို့လား . . . ။

ငွေအကြောင်းစဉ်းစားမိရင် ယဉ်စကိုယ်တိုင်တော





သက်ပြင်းတွေ အခါခါရှိုက်ရပါတယ်။ မေမေ့ရဲ့ ဘဝအမောတွေ
ကိုတော့ ယဉ်စ နားလည်ခွင့်လွှတ်ရမှာပါပဲ။ ဦးဇော်သင်းလှိုင်
အပေါ် ငယ်ငယ်ကထားဖူးတဲ့ သံယောဇဉ်ကြောင့်လည်း
. . . ယ်။ ဒါပေမယ့် ပြည့်စုံကြွယ်ဝမှုကြောင့်လည်း ပါပါတယ်။
အားလုံးရဲ့ အမြင်မှာ. . . ပြည့်စုံကြွယ်ဝမှုကြောင့်လို့ပဲ ထင်မှာပါ။
ဒါကို မေမေနှင့်လည်း စကားပြောဖူးခဲ့ပြီ။

" သူများထင်ခံရမှာတွေ **ကြောက်စရာမလိုပါဘူး** . . .
မေမေတို့ဘဝကို မေမေတို့ဘာသာ **ဖန်တီးရတာ** ကိုဇော့်မှာ
**လက်ရှိ** အိမ်ထောင်ရှိပါလျက် မေမေလုယူတာမျိုးမှ မဟုတ်တာ
**သူ**လည်းလွတ်လပ် မေမေလည်း လွတ်လပ်နေတာ. . .
**ပြောချင်ရာပြော**ပါစေ မေမေလျှောက်တဲ့လမ်းကို **မေမေ**
**ကျေနပ်ရင်** ပြီးတာပဲ. . . "

မေမေကတော့ သူပြောသလိုပဲ ငြိမ်းချမ်းမြိုင်မှာ
**ကျေကျေနပ်**နပ်နဲ့ အိမ်ရှင်မဘဝကို ခံယူနေတော့တာ။

**ငြိမ်း**ချမ်းကို ပန်းချီဆွဲပြမိတယ်။

ထူးခြားတယ်လို့ဆိုရမယ့်တစ်ခုက ယဉ်စရဲ့
**ပန်းချီ**ကားပေါ်မှာ ငြိမ်းချမ်းစိတ်ဝင်စားမှုရှိတယ်ဆိုတာ
**ထိ**သာလို့ပါပဲ။ ယဉ်စကိုတော့ ဂရုမစိုက်သလိုနေပါတယ်။ ရှိပါစေ
ဒါကလည်း ခုမှ အစကို။ နောက် တစ်စစနှင့် ရင်းနှီး
**ကျွမ်း**ဝင်လာနိုင်တာပဲ မဟုတ်လား. . .။ အခုတော့င်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလို့လည်း မအော်တော့ပါပဲ ယဉ်စကို မြင်ရင် ကြည့်နေတတ်တာပဲ။

ဟောမာမြိုင်တိုတော့ ယဉ်စ မနှစ်သက်ပါဘူး။

ယဉ်စအပေါ် ရိုင်းတယ်လို့ပဲမြင်နေတယ်။ ...

တကယ်တမ်းစဉ်းစားမယ်ဆို ငြိမ်းချမ်းဟာ သူတို့ရဲ့ ညီမအငယ်လေးပဲ. . . အမေကြောင့် စိတ်ထိခိုက်ဖြီး အိပ်ရာပေါ်လဲနေတဲ့ စိတ်ဒုက္ခတွေပြည့်နေသော ကလေး သာသာ လူတစ်ယောက်ပါ။ အကြင်နာဝံရှထားတွေနဲ့ ပြုစုစောင့်ရှောက် အဖော်ပြုသင့်ပါလျက်. . .။

ရွှေမိုးညိုဆိုတဲ့ လူတစ်ယောက်နှင့်ကျတော့ တတွဲတွဲလို မြင်ရတယ်။

ရွှေမိုးညိုဆိုတာကရော. . . အဲဒါ ဟေမာ့ ချစ်သူလား

" ပန်းပင်တွေကို စိတ်ဝင်စားလား "

နောက်မှ မေးလိုက်တဲ့အသံကြောင့် ယဉ်စ လှည့်ကြည့် မိတယ်။ ကိုမင်းသန့်မြိုင်ပါလား။ သူကတော့ ယဉ်စတို့သားအမိ အပေါ် အကောင်း အဆိုးဘယ်သို့ရှိမည် မသိရလောက်အောင် ခပ်အေးအေးနေသူပါပဲ။

" ဟုတ်ကဲ့ ယဉ်စ ပန်းပင်တွေကို စိတ်ဝင်စားပါတယ် ပန်းပွင့်လေးတွေ ပွင့်လာရင် ပျော်သလိုပဲ. . . ယဉ်စတို့ အရင်ခြံကလေးမှာ ပန်းပင်တော်တော်များများ ရှိပါတယ်





...ကတော့ ရှားပါးလှပတဲ့ သစ်ခွတွေလည်းရှိတယ်နော် . . . "

" ဟုတ်တယ် . . . မာမီလည်း ပန်းတွေကို ...သက်တယ် "

" ကိုမင်းသန့်တို့အမေ ပြုစုခဲ့တဲ့ ပန်းပင်တွေလား "

" ဟုတ်တယ်. . . "

" ယဉ်စ မေမေကတော့ ပန်းပင်တွေကို မနှစ်သက်ဘူး ...မေက ခြံထဲမှာထက် မီးဖိုထဲ ဟင်းချက်နေချင်တာ "

" လူတစ်ယောက် ဝါသနာတစ်မျိုးပေါ့. . . ဒါနဲ့ ယဉ်စစ ...န်းချီဆွဲတတ်တယ်ဆို. . . "

" ဟုတ်ကဲ့ အနည်းအပါးပေါ့. . . "

သစ်ခွစင်တွေကြားမှာ ကိုမင်းသန့်မြိုင်နှင့်အတူ လျှောက်လာခဲ့ပါတယ်။ ယဉ်စလိုချင်ရင် ပန်းခူးချင်ခူးပါလို့ သူကဆိုတယ်။ ပန်းကလေးတွေဆိုတာ သူ့အပင်ပေါ်မှာသူ လှနေတာက ပိုကောင်းပါတယ်။ ဘုရားတင်ဖို့ ခူးရမယ် ဆိုရင်တော့ ခူးမှာပါလို့ပဲ ဖြေလိုက်တယ်။

" ငြိမ်းချမ်းကို ယဉ်စစ သနားနေတာလား "

" ဟုတ်တယ် သူ့ကို ယဉ်စ သနားတယ် သူ့အရွယ်က လွတ်လပ်ပျော်ရွှင်စွာ နေရမယ့်အရွယ်. . . ကျောင်းတက် စာကျက် ဝါသနာပါရာ ပန်းချီဆွဲချင်ဆွဲ ဒီလိုမနေရရှာဘဲ အိပ်ရာပေါ်မှာ. . . "



www.burmeseclassic.com

www.burmeseclassic.com



“ မာမီဆုံးပြီး ငြိမ်းချမ်းအိပ်ရာပေါ်လဲသွားကာ
စကတော့ ခုထက် ပိုဂရုစိုက်နိုင်ကြပါတယ်။ နောက်တော့
သူ့ကလည်း ဒေါသတွေနဲ့ဆက်ဆံတယ် စကားတစ်ခွန်း
မပြောဘူး စိတ်မထင်ရင် အနားရှိတာတွေနဲ့ ပေါက်ချ
ပေါက်ပစ်တာ။ ဒီတော့ ဟေမာက ရှောင်သွားရော
ကျွန်တော်ကလည်း အလုပ်ထဲဝင်လိုက်တော့ သူ့ကို တစ်ရေ
တစ်ခေါက်လောက်ပဲ ကြည့်နိုင်တော့တာ. . . သူဘယ်လို
အခြေအနေ မတိုးတက်ဘူးပေါ့ ”

“ အမှန်က သူ့ကို ခင်မင်ကြင်နာ ဂရုစိုက်ပြီး
အဖော်ပြုပေးနိုင်မယ့် အထူးဆရာမလို အထူးသူနာပြုလို
ငှားထားသင့်တယ် ”

“ ဖြစ်ကာစက ဒက်ဒီငှားပါသေးတယ်. . . သူက
ပေတေအိပ်ချင်အိပ်ပြီး ဒေါသကြီးချင် ချက်ချင်း. . .
ကြာလာတော့ ဆရာမတွေ တစ်ယောက်ပြီးတစ်ယောက်
ပြောင်းနဲ့ နောက်ဆုံး ပုပုတစ်ယောက်ပဲ ဂရုစိုက်ခိုင်းရတာ ”

“ ပုပုက ဘာဂရုစိုက်လို့လဲ ”

အဝတ်အစားလဲ ရေပတ်တိုက်နဲ့ ပုပုမြုံစုရင်တော့
တစ်ခါတစ်ရံ ဒေါသနှင့် တွန်းထုတ်ပစ်တာမျိုးတွေ ပုပုကလည်း
စိတ်မရှည်ချင်တော့ဘူးလေ။

“ ဟိုးရှေ့က မြက်ခင်းပြင်ဟာ ဘယ်လောက်လှလဲ . . .





လိုမြက်ခင်းပြင်မှာ ငြိမ်းချမ်းပြေးလွှားပျော်ရွှင်နေတာ ယဉ်စ
င်ချင်ပါတယ်. . . ယဉ်စရဲ့ အတွေးဟာ ရယ်စရာဖြစ်ချင်
မှာပါ။ ယဉ်စကြောင့် လူတစ်ယောက် အဲလို ပျော်ရွှင်နေရင်
ကောင်းမှာလို့တွေးမိတယ် ”

“ ကျေးဇူးတင်ပါတယ် ယဉ်စုစရယ်. . . ငြိမ်းချမ်းကို
စိုက်ပြီး နေပေးဖော်ရတာ ကျေးဇူးတင်ပါတယ်. . . ”

မင်းသန့်မြိုင်နဲ့ စကားပြောရတာ မဆိုးလှပါဘူး။
တော့ ယောကျ်ားလေးတစ်ယောက်ပဲလေ. . .။

“ ယဉ်စစ ဘွဲ့ရပြီးသားဆို ”

“ ဟုတ်ကဲ့. . . မနှစ်ကရတာပါ. . . အလုပ်တစ်ခု
တော့ ရှာဦးမယ် မရခင်စပ်ကြားတော့ ငြိမ်းချမ်းနဲ့ အချိန်ဖြည့်
ပေးပါမယ်. . . ”

“ အလုပ်လည်းလုပ်မနေပါနဲ့ ဒက်ဒီ့ကို ကိုယ်ပြောပေး
ယ်လေ. . . ငြိမ်းချမ်းနဲ့သာ အတူနေပေးပါလား. . .
းချမ်းရဲ့ဆရာမပေါ့. . . ”

“ မပြောပါနဲ့ ငွေကြေးကြောင့်လည်း အလုပ်လုပ်
တာ မဟုတ်ပါဘူး. . . ”

“ လခလိုသဘော ဘယ်ဟုတ်ပါ့မလဲ ယဉ်စလည်း
ဒီ့သမီးပါပဲ. . . သမီးတစ်ယောက်အနေနဲ့ မုန့်ဖိုးပေး
မျိုးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကိုမင်းသန့်ရယ်. . ."

မင်းသန့်မြိုင်နှင့် အိပ်ဘက်ပြန်လမ်းလျှော
လာတဲ့အခါမှာ ကားဝင်လာတာ မြင်ရပြီး မေမေ့
တွေ့ရပါတယ်။ ခုတလော မေမေ့အတွက် ကားတစ်
ဒရိုင်ဘာတစ်ယောက် စီစဉ်ပေးထားတော့ အဆင်
နေတာပေါ့လေ။ ဒါတောင်မှ ယဉ်စစအတွက် ကားတစ်စီး
ပေးနိုင်းဦးမည်တဲ့လေ။ အဲဒါတော့ ယဉ်စ မနှစ်သက်ပါ
ရလေလိုလေဖြစ်နေတတ်သော လောဘတရားများကို
ယဉ်စ စိတ်ရှုပ်ထွေးလွန်းပေမယ့် မေမေ့ကိုတော့ ဘယ်
ပြောလို့ရမည် မထင်။

✧ ✧ ✧ ✧ ✧

"ဟေမာ့ မိထွေးက ဟင်းချက်အတော်ကောင်းတာ

"မေမေက ဘယ်လိုသိလဲ. . ."

"ဟေမာ မနက်က ဟင်းချိုင့်လာပို့တယ်. .
သားနဲ့ဖေဖေမရှိတော့ မေမေတစ်ယောက်တည်း စားရတာ
ဒါတောင် ချဉ်ပေါင်ကြော်ကို သားကြိုက်လို့ ချန်ထား သေးတ
ဟေမာကတော့လေ. . .။

အင်းလေ. . . ရွှေမိုးညိုနှင့်ဟေမာ ခင်မင်ခဲ့





နှစ်တွေကြာခဲ့ပြီပဲ။ ဖေဖေ့မျက်စိရှေ့မှာသာ ဟေမာ့ကို
အိမ်မခေါ်ခဲ့တာ။ မေမေနှင့်ကတော့ ဖေဖေအလုပ်သွား
နေချိန်တွေမှာ ရင်းနှီးခင်မင်စွာ နေခဲ့ကြတာပဲ။

"ဒေါ်နွယ်နွယ်ကိုကျတော့ မကောင်းကြောင်းတွေ
ပြောတယ် ဒေါ်နွယ်နွယ်ချက်တဲ့ ဟင်းတွေတော့ လျှောက်ပေး
တတ်သလား. . . ဘာတွေပြောသွားသေးလဲ မေမေ"

"သားက အရင်လို သူ့ကို မခင်တော့ဘူးဆိုတာတွေပေါ့
သူနဲ့ အလုပ်အတူမသွား အတူမပြန်ဘူးတို့ စုံလို့ပေါ့. . ."

"မေမေ ဘာပြောလိုက်လဲ"

"မေမေက ပြောလိုက်ပါတယ် သားဖေဖေက အလုပ်
ကြိုးစားမှ ကြိုက်တဲ့အကြောင်း၊ ခုတလော သူ့စီးပွားရေး
လုပ်ငန်းခဲ့တော့ သားကိုလည်း အလုပ်တွေ အများကြီး
ခိုင်းတယ်ဆိုတဲ့ အကြောင်းတွေ ပြောလိုက်ပါတယ်. . .
မေမေ့ကိုတော့ ပြန်မပြောဘူးပေါ့. . . ဒါပေမယ့် ငြိမ်နေတယ်
သူတို့ကတော့ ရှိတဲ့ပိုက်ဆံ ထိုင်သုံးနေနိုင်တာကိုး. . ."

"အန်ကယ်လ်ကတော့ အလုပ်ကြိုးစားပါတယ်
မေမေရာ ဟေမာတစ်ယောက်ပဲဖြစ်နေတာပါ ကိုမင်းမင်းလည်း
အလုပ်လုပ်တာပဲဟာ. . ."

"ဒါကလည်း ဦးဇော်သင်းလှိုင်က မပြောလို့ပေါ့
ပြောရမှာပေါ့. . . မိန်းကလေးပဲ အပြင်ထွက် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်လည်း အိမ်မှာ ဝါသနာပါတဲ့ လုပ်ငန်းတစ်ခုခုလုပ် အိမ်မှုကိစ္စတွေလုပ် ဟောမာကတော့ ဘာမှမလုပ်ပဲ ကားတစ်စီးနဲ့ အပြင်ထွက်နေတာကိုး သားရဲ့ မင်းကလည်း ကိုယ့်သူငယ်ချင်းဝဲ နားလည်အောင်ပြောပါလား. . . ”

ဟောမာ့ကို ပြောရမည်တဲ့။

ပြောလို့ရပါ့မလား။ ပြောခဲ့ဖူးပါပြီ။ လက်မခံကတည်းက နောက်ထပ်မပြောတော့ပါဘူး။ သုံးချင်တိုင်းသုံးနိုင်နေသော ပြည့်စုံမှုပေါ်မှာ ဘယ်လိုပြောလို့ရမှာလဲ။

“ မမေကတော့ ဟောမာ့ကို ခင်ပါတယ်. . . ချွေးမတော်ရမယ်ဆိုလည်း ဝန်မလေးပါဘူး ”

“ ဟာ မမေကလည်း မဟုတ်တာ သားက သူ့ကို သူငယ်ချင်းလိုပဲခင်ပါတယ်. . . ”

“ ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောသင့်ပြောနော် ဟောမာ့ကြည့်ရတာ သားကို မျှော်လင့်နေသလိုပါပဲ. . . မတော်တဆ သားမှာ ချစ်သူတွေလာရင် မကောင်းဘူးနော် ဖေဖေပြောတာ မှန်တယ် မချစ်နိုင်ဘူးဆိုရင် တွဲတွဲမနေနဲ့”

“ ဟုတ်ကဲ့ပါ ”

ဖေဖေက ဒီနေ့ ညစာစားပွဲရှိတာမို့ သားအမိ နှစ်ယောက်ဘည်းပဲ ထမင်းစားကြရတယ်။ ဒေါ်နွယ်နွယ့် လက်ရာကောင်းကြောင်း မမေက ထပ်ခါတလဲ ပြောပါတယ်။





[illegible]နွယ်နွယ် မီးဖိုချောင်ကအစ အိမ်တစ်အိမ်လုံး အပိုင်စီး [illegible]တဲ့အကြောင်း. . . ဟောမာက ခဏခဏပြောတာ [illegible]မေ့ကို ပြောပြမိတာပေါ့။

“ အဲဒါပေါ့သားရဲ့. . . ဒေါ်နွယ်နွယ်က မိန်းမ [illegible]တယ် အိမ်မှုကိစ္စနိုင်တော့ အိမ်တစ်အိမ်လုံး ထိန်းနိုင်တာနဲ့ [illegible]လိုလို ပိုင်သွားတာမျိုးပေါ့. . . ဒါဖြစ်သင့်တာပေါ့. . . [illegible]ရှင်မ ဖြစ်နိုင်လို့ဖြစ်တာ. . . ”

“ ဟောမာကတော့ မမေ့လိုမမြင်ဘူး မမေ. . . [illegible]ချမ်းမြိုင်ကို အပိုင်စီးလိုက်ပြီဆိုပြီးတော့ ဒေါသတွေနဲ့ [illegible]ကောင်းတစ်ခုမှ မမြင်တော့ဘူး. . . ”

“ ဒါမှားတာပေါ့. . . အိမ်တစ်အိမ်မှာ အိမ်ရှင်မ [illegible]ကောင်းကောင်းလိုတယ် ”

“ ဒေါ်နွယ်နွယ်သုံးနေတာတွေအပေါ် စိတ်ဆိုးနေတာ”

“ ဒါကတော့ သားရယ်. . . တစ်အိမ်လုံး သူထိန်းမှ [illegible]တော့ သူငွေကိုင်ပြီပေါ့. . . ”

“ အဲဒီငွေကိုင်မှုအပေါ် မကြည်လင်တာ ”

“ ဟောမာ့ကိုလည်း သူ့အဖေက သုံးချင်တိုင်း [illegible]နိုင်အောင် ပေးနေတာပဲ. . . ဘာဖြစ်လဲ မပေးရင်တော့ [illegible]စ်မျိုးပေါ့ ”

“ မမေ့လို မမြင်နိုင်ဘူးလေ မမေရဲ့ . . . ”



www.burmeseclassic.com

www.burmeseclassic.com



" သားထမင်းစားပြီးရင် လမ်းထိပ်စတိုးမှာ ကော်ဖီမ
အထုပ်ကြီးတစ်ထုပ် သွားဝယ်ပေးပါလား. . . ကုန်နေတ
မေမေ မေ့နေလို့. . . "

" ဟုတ်ကဲ့ပါ. . . "

ထမင်းစားပြီး မေမေနှင့် ထမင်းဝိုင်း ကူသိမ်းရတယ်
မေမေဆေးတဲ့ပန်းကန်တွေ ကူသိမ်းပေးရတယ်။ ဖေဖေ
သားတစ်ယောက်တည်းရှိတာ မေမေ့အိမ်မှုကိစ္စတွေလည်း
ကူရမယ်ဆိုလို့ အမြဲကူညီပေးနေကျပါ။ ဟေမာနှင့်
အပြင်ထွက်လည်လို့ နောက်ကျလည်း အနည်းဆုံး ကိုယ်စား
ထမင်းဝိုင်းတော့ ကိုယ်သိမ်းရတာပါပဲ။

" သား. . . ထီးယူသွားပါလား မိုးရိပ်ရှိတယ်
ဒီနှစ်မိုးဦးစောတယ် "

မေမေ ထီးယူဆိုယူရတယ်။ ဖေဖေက ဖေဖေနှင့်
မေမေ့စကားကို အလေးအနက်မထားရင် မကြိုက်ပါဘူး
မိဘစကားမှ ဂရုမစိုက်ရင် မင်းဘယ်သူ့စကား နားထောင်မလဲ
တဲ့လေ။

ခြံရှေ့ရောက်မှ ကောင်းကင်ပြင်ကြီးကို မော့ကြည့်
မိတယ်။ ကြယ်ကလေးတွေ တစ်လုံးတလေမှမရှိ။ တကယ်
မိုးရွာဦးတော့မှာလား. . .။ တိုက်ခတ်လာသောလေမှာ
မိုးရနံ့ရသလိုပါပဲ. . .။





လမ်းမထိပ်ရောက်တယ်ဆို စတိုးဆိုင်ပိတ်ထားပါလား။
ဒီလိုလဲ ပိတ်ခဲပါတယ် အခုမှ အစောကြီးရှိသေးတာ။

" ကိုကြီးမိုးညို ဘယ်လဲ "

" နှုတ်ဆက်သံကြောင့် ကြည့်မိတာ။ ပြန်မပြော
ခဲ့ပါဘူး။ နှုတ်ဆက်လိုက်တဲ့ ကောင်မလေးဟာ ပိတ်ထားသော
စတိုးဆိုင်မှ နီနီအေးပါ။ ရွှေမိုးညိုနှင့် ခင်မင်နေတာ။ နီနီအေးကို
ချစ်ရလို့ ဘာမှ မထူးဆန်းပေမယ့် အနားမှာရပ်နေတဲ့သူကို
ချစ်ရတာကတော့ ထူးဆန်းနေတယ်လေ။

" ညည်းတို့စတိုးဆိုင်မှာ မေမေ ကော်ဖီမစ် ဝယ်ခိုင်းလို့
လာတာ. . . ယဉ်စစက ဘယ်လိုလုပ် ဒီရောက်နေတာလဲ "

" နီတို့အိမ်မှာ မနက်အရှက်ဆွမ်းကပ်မလို့ ဒီနေ့ဆိုင်ကို
တစ်ခင်းတည်းက ပိတ်ထားတာ ကိုကြီးမိုးညိုရဲ့. . .
ခုမယဉ်စက မမဝါရဲ့သူငယ်ချင်းပါ အလှူရှိလို့ အိမ်မှာ
လာအိပ်တာ ကော်ဖီမစ်လိုချင်ရင် လိုက်ယူလေ ဆိုင်ထဲက
ပေးမှာပေ့ါ. . . "

" ယဉ်စစက ဝါဝါ့သူငယ်ချင်းလား "

" ဟုတ်တယ်. . . "

" နီနီရေ. . . မလိုက်တော့ဘူးကွာ. . . မနက်မှ
မေမေ့သူ့ဘာသာဝယ်လိမ့်မယ်. . . ပြန်တော့မယ်. . .
နင်တော့်အိမ် ရှေ့နားလေးမှာ ယဉ်စစ. . . ဝါဝါတို့သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



လာလည်ရင်လည်း ရပါတယ်. . . ”

ရွှေမိုးညိုဒီလိုပြောတော့ ယဉ်စစပြုံးလိုက်တယ် အလင်းရောင်နည်းပေမယ့် အပြုံးတွေကို ပီပြင်စွာ တွေ့ရတာပဲလေ။ နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး ပြုံး အပြုံးကို မှတ်မိနေသလိုပါလား. . .။

“ ယဉ်စ မနက်ပဲ အိမ်ပြန်မှာပါ. . . နောက် ဦးမှာပေါ့ သွားရအောင်နီနီ. . . ”

“ သွားမယ်. . . ”

ရွှေမိုးညိုရပ်ကြည့်မိဆဲ။

ယဉ်စစတို့က ဆက်လျှောက်သွားပြီ။ ယဉ်စစ အပြုံးမှာ လှောင်ပြောင်မှုတွေ ပါသလိုလို ရွှေမိုးညို ခံစားရပါတယ်။ ဟေမာမြိုင့် သူငယ်ချင်းလေလို့ ပြောတည်း လှစ်ခနဲဆို အဲဒီအပြုံးကိုတွေ့ရတယ်။ ငြိမ်းချမ်းမြိုင် သူရောက်လို့ သူ့ကိုတွေ့တိုင်း ကြည့်တဲ့အကြည့်။

ပြုံးတဲ့အပြုံး. . .။

တစ်မျိုးပဲ။ လှောင်ပြောင်နေသလိုခံစားရတ အိမ်ဘက် ပြန်လျှောက်ခဲ့တယ်။ နှစ်ခြံသုံးခြံအလို မိုးပေါက်ကလေးတွေကျလာတာမို့ အပြေးလျှောက်ပေမ ခြံဝအရောက် မိုးပိုစိတ်လာပါတယ်။

အိမ်ထဲပြေးဝင်လာခဲ့ရင်း. . .





ယဉ်စစတို့တော့ မိုးမိနေပြီလား မိုးရွာမှာ မသိလို့ ဦးမယူမိရင်တော့ မိုးစိုတော့မည်လို့ တွေးမိပါတယ်။

ဘာဆိုင်လဲ။

ရွှေမိုးညိုနှင့်က ဘာဆိုင်လဲ။

သူဘာသာ မိုးမိမိ မမိမိ ရွှေမိုးညိုနှင့်မဆိုင်ပါဘူး။ ဘာလို့ အမှတ်တရ သတိတရရှိမှာလဲ။

ဒါပေမယ့် အပြင်မှာ မိုးသည်းနေပါရောလား။

✧ ✧ ✧ ✧ ✧

“ ဟယ် နေနိုင်လိုက်တာ ယဉ်စရယ်. . . ဝါ့ကိုတောင် အသိမပေးဘူး. . . ဝါကလေ အရင်အိမ်မှာပဲ အန်တီနဲ့ယဉ်စ နေနေတယ်လို့ထင်နေတာ. . . ”

“ ပြောမယ်ကြံလိုက် မပြောချင်လိုက်နဲ့. . . ယဉ်စရဲ့ အပူတွေ ဝါ့ကိုကူးပါတယ်ဆိုပြီး မပြောတာလည်း ပါပါတယ် ”

“ ဘယ်ဟုတ်ပါ့မလဲ သူငယ်ချင်းအရင်းတွေ အေးအတူ ပူသမျှပေါ့. . . ”

မေမေ အိမ်ထောင်ပြုလိုက်ပြီးတော့ ငြိမ်းချမ်းမြိုင်မှာ ယဉ်စတို့ လိုက်နေကြတာတွေ အခုမှ ဝါဝါ့ကိုပြောပြမိတယ်။

ခင်မင်တဲ့သူငယ်ချင်းဆိုပေမယ့် အပူတွေတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မကူးစေချင်ပါဘူး. . .။ ဘွဲ့ရသွားပြီးတော့ ဝါဝါက သူတို့ ဆိုင်ရှိတော့ ဆိုင်ထိုင်နေတာမှာ နည်းနည်းလည်း ဝေးသွား တာကိုး. . .။

" အဲဒီအိမ်မှာနေရတာ အဆင်ပြေရဲ့လား "

" ပြေတယ်ပဲပြောပါတော့ မမေကတော့ တကယ့် အိမ်ရှင်မလို နေလိုက်တာပဲ ယဉ်စကတော့ အစက မပျော်ဘူး ဒါပေမယ့် ခုတော့ စိတ်ဝင်စားစရာရှိလာခဲ့တယ်လေ. . . "

ငြိမ်းချမ်းကိုတွေ့လိုက်တာမှာတင် ယဉ်စအတွက် ငြိမ်းချမ်းမြိုင်ဟာ သက်ဝင်လှုပ်ရှားလာခဲ့တာမဟုတ်လား။

" ငြိမ်းချမ်းမြိုင် ဂေဟာတဲ့လား "

" ဟုတ်တယ်. . . ရွှေမိုးညိုကို ဝါသိတယ်ဆို "

" မိုးညို. . . မိုးညိုသိတာပေါ့ မိုးညိုက ငါ့သူငယ်ချင်းပဲ "

" ရွှေမိုးညိုရဲ့ချစ်သူထင်တာပဲ. . . ဟေမာမြိုင်ဟာ ဦးဇော်သင်းလှိုင်ရဲ့ သမီးအကြီးလေ "

" မိုးညိုရဲ့ချစ်သူ. . . ဪ သိပြီ သူနဲ့တွဲနေတဲ့ ပြိုင်ကားအဝါလေးမောင်းတဲ့ ကောင်မလေးသိပြီ. . . ချစ်သူလား သူငယ်ချင်းလား မသိပါဘူး ယဉ်စရယ်. . . တွေ့လိုက်ရင် နှစ်ယောက်တွဲနေတာများလို့ မိုးညိုကို မေးကြည့်ဖူးတယ်. . . ဝန်မခံချင်လို့လား တကယ်လားတော့ မသိပါဘူး. . . သူငယ်ချင်းလို့ မိုးညိုက ပြောတာပဲ. . . "





အပြင်မှာ မိုးသည်းနေပါလား။

ချစ်သူမဟုတ်ရင် ဒီလောက် တပူးတွဲတွဲရှိပါ့မလား။

အင်းလေ. . . ရွှေမိုးညိုနှင့် ဟေမာ ဘာတွေပဲ ဆက်သက်ပတ်သက် ယဉ်စနှင့်ဘာဆိုင်တာလိုက်လို့. . .။

" နို့ကို စာသင်ပေးမယ်ဆိုတာကိုတော့ မမေ့လိုက်ပါနဲ့ ယဉ်စရယ်. . . တစ်နှစ်လည်းကျပြီးနေပြီ. . . သူညံ့နေတာက အင်္ဂလိပ်စာလေ ဝါကလည်း နဂိုရ်ကတည်းက ကျက်စာတွေပဲ ကျက်ရင်း အောင်လာတာ. . . "

" စိတ်ချပါ ဝါ. . . နီနီ့ကို အင်္ဂလိပ်စာ လာသင် ပေးပါမယ်။ နေ့တိုင်းတော့ မလာနိုင်ဘူးပေါ့။ တစ်ပတ်မှာ သုံးရက်လောက်ဆို ရပါပြီ "

" စာလာသင်ရင် ဒီမှာပဲ အိပ်နော် အိမ်မှာ ဘယ်သူမှ လည်း မရှိပါဘူး ပြီးတော့ ဒါမှလည်း ငါနဲ့ယဉ်စ အေးအေး ဆေးဆေးတွေ့ရမှာ "

" အေးပါကွာ မမေ့ကိုပြောပြပြီး လာခဲ့ပါမယ်. . . "

သူငယ်ချင်းတောင်းသည့် အကူအညီကိုလည်း ပေးချင် နေပါတယ်။

မမေကလည်း စာလာသင်တယ်ဆိုရင် မငြင်းပါဘူး။ ပြီးတော့ ဝါဝါနှင့်ဆိုတာ တက္ကသိုလ်တစ်လျှောက်လုံး ခင်မင်ပြီး အိမ်မှာဝင်ထွက်နေကြတာဆိုတော့ ဘာမှပြောမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးလေ။

" ယဉ်စကိုတွေ့ချင်ရင် အဲဒီ ငြိမ်းချမ်းမြိုင်
လာလို့ရော ရပါ့မလား "

" ရပါတယ် ဘာဖြစ်လဲ. . . တွေ့ချင်ရင် ဖုန်းဆက်လ
ရတာပဲ. . . "

ငြိမ်းချမ်းမြိုင်ရဲ့ ခမ်းနားကြီးကျယ်မှုတွေ ဝါဝါ
ပြောပြမိပါတယ်။ မေမေ့ရဲ့ဘဝအမောတွေကြောင့်လ
ဦးဇော်သင်းလှိုင်ကို လက်ထပ်လိုက်တာပေါ့မှာ စိတ်အနှော
အယှက် မပေးရက်တော့တာတွေရောပေါ့။

" ဟုတ်ပါတယ်လေ အန်တီ့ခမျာလည်း ယဉ်စ
တစ်ယောက်တည်း လုပ်ကိုင်ကျွေးရတာမောရော့ပေါ့. .
ငါတို့ဆို ဖေဖေက အဝေးမှာ။လုပ်လုပ်ပြီး အိမ်ပြန်ပို့
ကာတောင် မေမေအိမ်ဆိုင်ဖွင့်ပြီး အလုပ်လုပ်ရသေးတာ . .
သူ့ခမျာ တစ်ယောက်တည်း ရှာရဖွေရ မောမှာပေါ့. . . "

" ဒါတွေကြောင့်လည်း ငြိမ်းချမ်းမြိုင်မှာ ယ
အဆင်ပြေအောင်နေပါတယ်. . . "

ဟေမာနဲ့တွေ့လိုက်တိုင်း မကြည်လင်သေ
အပြုအမူတွေ တစ်ခါတလေ အနားရောက်မှ မပြောသ
ပြောသလို စောင်းပြောတတ်တဲ့စကားတွေ တတ်
သလောက်တော့ မကြားချင် မမြင်ချင်ယောင် ဆော





နေခဲ့ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းအပေါ်ထားသည့် သနားတာတွေ စေတနာတွေကို စော်ကားလာရင်တော့ ယဉ်စမခံနိုင်။ အခုတောင် ဝါဝါတို့အိမ်မှာ တစ်ညလေး လာအိပ်တာ။ ညနေစာကို ပုပု ပို့ပေးမည်ဆို ငြိမ်းချမ်းဘယ်လို ခံစားနေမလဲ။

ယဉ်စလည်း အတွေးများနေပါပြီ။

ငြိမ်းချမ်းရှေ့ ယဉ်စရောက်လာတာ ဘယ်နှစ်ရက်မှ မရှိသေးပါဘူး။ ပုပုတို့က အမြဲဝင်ထွက်ကျွေးမွေးနေရတာ။

ယဉ်စမရှိလည်း ငြိမ်းချမ်းနေနေကျအတိုင်း နေနေမှာပါပဲလေ။

✧ ✧ ✧ ✧ ✧

အိမ်ပြန်ရောက်ရောက်ချင်းမှာ ပုပုကပြောပါတယ်။ မနေ့ညနေက ငြိမ်းချမ်း ထမင်းမစားပဲ ပုပုကို ခေါင်းအုံးနှင့် ပေါက်လိုက်ပြန်သတဲ့ မေမေက ငြိမ်းချမ်းနှင့် ယဉ်စ တတ်သက်နေတာ မကြိုက်ပေမယ့် ဘာမှတော့ မပြောပြန်ပါဘူး။ ဒါကြောင့် ချက်ချင်းဆိုသလို ငြိမ်းချမ်းအခန်းကို ယဉ်စ ဝင်သွားကြည့်မိပါတယ်။ ငြိမ်းချမ်းက ယဉ်စဝင်လာတာကို ဘတ်ခနဲ လှမ်းကြည့်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



" မနေ့ညက အစ်မယဉ်စ အလှူအိမ်သွားရယ် မလာရဘူး ငြိမ်းချမ်း. . . အခု မနက်စာကို အစ်မလာပို့တာ စားရအောင်လား "

ကုတင်ဘေးမှာဝင်ထိုင်ပြီး ဟောလစ်တစ်ခွက်ကို ကိုင်ထားရင်း ရင်ထဲတော့ အနည်းငယ် ထိတ်လန့်မှုရှိပါတယ် ဘယ်လိုများ ကြမ်းတမ်းစွာ တုံ့ပြန်မလဲလို့ ယဉ်စ စိတ် နေတယ်လေ။

" ဟောလစ်သောက်ရအောင် "

ဟောလစ်ခွက်ကို လှမ်းယူတယ်။

ယဉ်စ ရင်ထိတ်ဝမ်းသာရပြီ။

ခပ်နွေးနွေးဟောလစ်ကို တစ်ကျိုက်တည်း မော့ လိုက်တယ်လေ။ ပြီးတော့ ပန်းကန်ကို ယဉ်စ သွားထားချိန်မှာ

" ပန်းခူးပေး "

စကားလုံးလေးက သုံးလုံးတည်း။

ဒါပေမယ့် ယဉ်စ မျက်ရည်ဝဲသွားရလောက်အော ကြည်နူးရပါတယ်။ ပန်းခူးပေးတဲ့။ ငြိမ်းချမ်းဆိုတဲ့ ချာတိတ်မလေ ဟာ နေကောင်းနေတုန်းကတည်းက ပန်းတွေကို နှစ်သ သတဲ့လေ. . .။ ပန်းပင်တွေကြား ဟိုသည်ခူးယူပျော်ရွှ နေတတ်တယ်လို့ သိပြီးကတည်းက ငြိမ်းချမ်းပန်းကလေးတွေ အမြဲလာပို့ပေးခဲ့တာ။





" ဒါဆို အစ်မယဉ်စ ပန်းသွားခူးမယ်. . . ငြိမ်းချမ်းဘယ်ပန်းလိုချင်လဲ စံပယ်ပန်းလား. . . ခရေပန်းရော ယူမလား ခရေပန်းကတော့ ဟိုးခြံထောင့်ထိ သွားကောက်ရမှာ"

ယဉ်စဝမ်းသာလွန်းစွာ ပန်းသွားကောက်ဖို့ ခန်းပြင်အထွက် . . .

" အစ်မ. . . "

ငြိမ်းချမ်းရဲ့ခေါ်လိုက်သံ။

ယဉ်စအံ့ဩရပြန်ပါပြီ။

လှည့်ကြည့်မိတဲ့အခါ ငြိမ်းချမ်း ကြည့်နေပါလား။

" ဘာလိုချင်လို့လဲ ငြိမ်းချမ်း ဘာလိုချင်လဲဟင်. . . "

ဒီအခါမှာ မွေ့ရာအောက်မှ စက္ကူတစ်ချပ်ကို ယူပြပါတယ်။

" နှင်းဆီပန်း. . . ငြိမ်းချမ်းက နှင်းဆီပန်း ချင်တာလား. . . ဒီနှင်းဆီပန်းပုံလေးက ခဲပန်းချီလေး . . . ဆောင်းလိုက်တာ ဘယ်သူဆွဲတာလဲ ငြိမ်းချမ်းဆွဲတာလား "

ဒီလိုမေးတော့ ခေါင်းညိတ်ပြပါတယ်။

နှင်းဆီပန်းလိုချင်တယ်လို့လည်း ပြောချင်သလို . . .။

ပန်းချီကားကိုလည်း ပြချင်တယ်ထင်ပါရဲ့ . . .။

" ဒါဆိုရင် အစ်မ [illegible] ဘမှာ နှင်းဆီပန်းသွားခူးမယ် . . . ငြိမ်းချမ်းအတွက် ပန်းအိုးလေးနဲ့ တင်ပေးထားမယ် . . . ဇာဒို



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းအိုးလေးကို အစ်မတို့ ပန်းချီဆွဲကြမယ် ဟုတ်လား

ယဉ်စတကယ်ဝမ်းသာရပါပြီ။

ဒါကြောင့် လှေကားကပြေးဆင်းခဲ့တာပါ။

မမျှော်လင့်ပါပဲ. . . ဝင်တိုက်မိပြီလို့ သိပေမ

ကိုယ်ရှိန်မသတ်နိုင်လိုက်ပါ။

" ဟင် . . . မမြင်ဘူးလား . . . နင့်မှာ မျက်စိမပါ

လား အိမ်ထဲမှာ ပြေးလွှားနေရလောက်အောင် တော်တော်

ဟောမာ့အသံ စူးရှရှကိုကြားရပြီ။

တကယ်ဆို တကယ်ကို မမြင်လိုက်လို့ပါ။

မြင်ပေမယ့်လည်း အရှိန်မထိန်းနိုင်တာ ပါပါတယ်

ယဉ်စစိတ်မှာတော့ ငြိမ်းချမ်းနှင့် အဆင်ပြေသွား

အတွက် ပျော်ရွှင်ရခြင်းလည်း ပါပါတယ်လေ။

" ဆောရီး တကယ်မမြင်လိုက်လို့ပါ. . . "

ရုပ်ကလေးကလှပါတယ်။

ဟောမာက သူတို့မောင်နှမသုံးယောက်မှာ အလှ

ပြောရပါမည်။ ဒါပေမယ့် ရုပ်လှသလောက် နှုတ်ထွက်စကာ

ကျတော့ မချိုသာပါလား။ ယဉ်စကို အမျိုးမျိုးအပြစ်

ပြောနေတာကြားပါတယ်။ သူ့ကိုမှ ဝင်တိုက်မိသည်

ယဉ်စအပြစ်လိုဖြစ်သွားပြီမို့ မကြားချင်ယောင်ဆော

ထွက်ခဲ့ပေမယ့်. . . စိတ်ထဲမှာတော့ ဒေါသတနုံ့နုံ့ ဖြစ်ရပ





ာက်ဆို ဟောမာမြို့င့်ကို တတ်နိုင်သလောက် ရှောင်မည်လို့

းဖြတ်ပါတယ်။

နှင်းဆီပန်းရောင်စုံ ငါးပွင့်ခူးပြီး ပြန်လာခဲ့ပါတယ်။

" ပုပု. . . ပန်းအိုးလေးတစ်အိုးပေးပါလား "

" ဘာလုပ်မလို့လဲ သမီး "

" ငြိမ်းချမ်းနဲ့ ယဉ်စ ပန်းချီဆွဲမလို့ မေမေ . . . "

မေမေကတော့ ငြိမ်းချမ်းဆီ သွားနေတာ

ကြိုက်ပေမယ့် မပြောတော့ပါဘူး။ နှင်းဆီပန်းအိုးလေးကိုယူပြီး

ငြိမ်းချမ်းအခန်းဆီ ပြန်ဝင်လာခဲ့ပါတယ်။

" ယဉ်စစ ပန်းချီဆွဲမလို့လား "

" ဩော် ကိုရွှေမိုးညို. . . "

" မိုးညိုလို့ပဲခေါ်ပါလား ယဉ်စ "

" ယဉ်စတို့ ပန်းချီဆွဲမလို့ပါ. . . "

နှင်းဆီပန်းအိုးလေးကို ပိတ်ဖြူစပေါ်တင်ပြီးတော့

န်းချီဆွဲဖို့ ပြင်ဆင်တယ်လေ။ ငြိမ်းချမ်းကိုကြည့်တော့

အားစက်စက် မျက်ဝန်းတွေအစား တောက်ပစွာ ကြည့်နေသလို

ံစားရပါတယ်။

" ကိုညို. . . ဩော် ဘယ်များရောက်နေသလဲ

တ်ပါတယ် ဒီမှာဘာလုပ်နေလဲ လာပါ. . . "

ရွှေမိုးညိုရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အစား သနားတယ်. . .

ဟေမာဆွဲခေါ်ရာကို ပါသွားရှာပါပြီ။

ကောင်းတယ်။ မဟုတ်ရင် ရှုပ်နေတာပါပဲ။

" ငြိမ်းချမ်း. . . အစ်မယဥ်စ ဆွဲပြတာလည်း ကြည့်

နောက်ဆို ငြိမ်းချမ်းလည်း ပြန်ဆွဲပြရမယ်. . .

ငြိမ်းချမ်းလက်ရာ မဆိုးဘူး. . . အစ်မယဥ်စကို ပြန်ဆွဲပြရ

ဆွဲပြမယ် မဟုတ်လား "

ယဥ်စကို ဘာမှမဖြေပါပဲ သေချာ စူးစိုက်ကြည်

နေပါပါယ်။

ငြိမ်းချမ်းဟာ ပိုးဟပ်ဖြူကလေးတစ်ကောင်လ

ဖြူဖျော့ဖျော့နိုင်ပေမယ့် ချစ်စရာကောင်းတဲ့ ကလေးမလေးပါ

ယဥ်စမှာလည်း ချစ်စရာမောင်နှမ မရှိလေတော့

စိတ်မှာ ချစ်ခင်နှစ်သက်ခြင်းဖြစ်စွာ ငြိမ်းချမ်းကို ဆွဲဖက်ပြ

ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်မိပါတယ်။ စိတ်မှာ ချစ်ခြ

ကြောင့်သာ ရှုတ်တရက်ခံစားရတဲ့အတိုင်း ပွေ့ထားမိတာ

တွေစကလို့ ထွက်သွားဆို တအားအော်လိုက်မှာလည်း နောက်

ထိတ်လန့်နေရသားလား. . .။

ဟင်. . .

ချ ်နာလေးကို ဖျတ်ခနဲဆို ဆွဲမော့ကြည့်တဲ့အခါ. . .

ငိုနေတာလား။





" မငိုပါနဲ့ငြိမ်းချမ်းရာ. . . အစ်မယဥ်စ ရှိနေတာပဲ

မ်းချမ်းအနားမှာ အမြဲနေပေးမယ်နော် မငိုနဲ့ "

ယဥ်စကိုဖက်ထားတဲ့လက်ကလေးတွေ. . .။

ဟေမာမြို့င့်အပေါ် မနှစ်လိုဖွယ် စိတ်တွေဟာ

မ်းချမ်းအပေါ်ကျတော့ နှစ်သက်ကြည်နူးရပါလား။

" အစ်မယဥ်စ အမြဲရှိနေမယ်နော်. . . "

ငြိမ်းချမ်းခေါင်းညိတ်ပြပါတယ်. . .

ယဥ်စသိပ်ပျော်ရွှင်ရပါတယ်။ အိပ်ရာထဲမှာလဲပြီး

စကိုအရှုံးပေးထားရတဲ့ ကလေးတစ်ယောက် လောကကြီးထဲ

ပျော်ရွှင်စွာ ပြန်လည်ခြေချခွင့် ရရစေမယ်။

✧ ✧ ✧ ✧ ✧

" ဒါကဘာဖြစ်လာပြန်တာလဲ ဟေမာရယ်. . .

ပြန်ပြီ နင့်မှာ မျက်ရည် မကုန်သေးဘူးလား ပေါလည်း

ခဲ့မျက်ရည် အိမ်ထဲမှာ ဖေဖေရှိတယ်. . . "

ဟေမာရောက်လာချိန်က ညဦးပိုင်းရှိနေပါပြီ။

မော့ကားဝင်လာတည်းက ဘာတွေဖြစ်ပြန်ပြီလဲလို့ ထင်တော့

င်သား။ ထင်တဲ့အတိုင်း စိတ်ညစ်တယ် ကိုညိုရယ်ဆို

လေရော။ အိမ်ထဲမှာ ဖေဖေရှိနေတော့ ရွှေမိုးညိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ရပါတယ်။ ဖေဖေက ဟေမာ ခုလိုမျိုး လျှောက်သွ
လျှောက်လည်နေတာကို နှစ်သက်သည်မဟုတ်။

"အိမ်မှာ ခုတော့ သူတို့တွေပဲ နေရာရနေပါပြီ ကိုညို
ငြိမ်းချမ်းဆိုတဲ့ အစုတ်ပလုတ်ကောင်မလေးကလည်း အ
အစ်မလို့ ယဉ်စစကို ခေါ်သတဲ့ . . . ဒက်ဒီ့ကိုလည်
ဘာမှမပြောပေမယ့် ဒက်ဒီမွေ့ထားရင် ငြိမ်နေတတ်တယ်
ဟိုအရင်က အိပ်ရာပေါ်ပဲ အိပ်နေတာလေ. . ."

"ဟေမာ. . . နင့်ကို ငါ တစ်ခုပြောမယ် ငြိမ်းချမ်း
နင်လည်း ဂရုမစိုက်နိုင်ပါဘူး. . . နင်ပျော်သ
လျှောက်လည်နေတာပဲ မဟုတ်လား. . . အခု ယဉ်စစ
ဂရုစိုက်လို့ တိုးတက်လာတာ ဝမ်းသာစမ်းပါ. . . နင်
ကောင်းတဲ့ဘက်မှ မတွေးပဲ "

" သူတို့က ဘာကောင်းလို့ ကောင်းတဲ့ဘက်
တွေးရမှာလဲ. . ."

ဟေမာတော့ခက်နေပါပြီ။

မကောင်းတဲ့ဘက်ကကြည့်တော့ ဘယ်လိုမှ အကော
မမြင်တော့။ ငြိမ်းချမ်းကို ရွှေမိုးညိုလည်း ချစ်ခင်ပါတ
ဒါပေမယ့် သူတို့အိမ်သွားတိုင်း တစ်ခါနှစ်ခါဝင်ကြည့်မိရဲ
အိပ်ရာပေါ် ခွေခွေလေး အိပ်နေတတ်တာပဲ အမြဲမြင်ရ
လေ။ ကလေးသာသာတစ်ယောက် အိပ်ရာပေါ်မှာပဲ ဘ





သွားရမည့်အစား ကောင်းမွန်တိုးတက်လာသည်ဆိုတာ
ယ်လောက် ကောင်းသလဲ။ ယဉ်စစကို အစ်မလို့
ခေါ်သတဲ့လား. . .။ စကားလည်းမပြောပဲ အိပ်ရာပေါ်မှာ
ရှုံးနေရတဲ့ လူတစ်ယောက် ခုလောက်ကောင်းလာတာ
မ်းသာစရာပဲ။

" ငါကတော့ ငြိမ်းချမ်းမြိုင် ခုလို တိုးတက်လာတာ
ယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ဝမ်းသာပါတယ် ဘယ်သူ့ကြောင့်
တာ အဓိကမကျပါဘူး. . . ငြိမ်းချမ်းအတွက် ဝမ်းသာတာပဲ"

" သူတို့သားအမိ သိပ်နေရာရနေပြီလေ. . ."

ဟေမာမြိုင်က ဘယ်လိုမှပြောလို့ မရတော့ပါလား။
ဖော်သင်းလှိုင်ကိုယ်တိုင် ချစ်ခင်နှစ်သက်စွာ လက်ထပ်ယူ
ပြီ။ နှစ်သက်မှုမရှိလည်း အတူနေရမှာပဲ။ ဒေါ်နွယ်နွယ့်ကို
ည့်ရတာလည်း အခြေအနေ သိပ်အဆိုးအဝါးကြီး
ဟုတ်ပါဘူး။

အိမ်ရှင်မနေရာကို ရသွားတယ်ဆိုတာကလည်း
ရ်အရည်အချင်းရှိလို့သာ နေမှာပါ။

" စိတ်ကိုလျှော့မှပေါ့ ဟေမာ. . ."

" မလျှော့နိုင်ဘူး ကိုညို. . . နေနှင့်ဦးပေါ့ တစ်နေ့
တော့ ဟေမာ့အလှည့်ရောက်မှာ. . . အလှည့်ကျရင်တော့
ဦး သေးတာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟေမာ့ကို ငယ်သူငယ်ချင်းတစ်ယောက်အဖြ
နှစ်ပေါင်းများစွာ ခင်ခဲ့တာပါ။ ခုတစ်ခါတော့ အတေ
စိတ်ပျက်စရာ ကောင်းပါလားလို့ စိတ်မှာတွေးမိပါတ
အခြေအနေတော့ ကြည့်သင့်တာပေါ့။ ဖြစ်လာပြ
အကောင်ဆုံးအခြေအနေဖြစ်အောင် စိတ်ကို ပြု
နေသင့်ပါတယ်။

" နင်ဒီလိုသာ တွေးနေရင် တစ်နေ့တစ်
ဘယ်ပျော်ရွှင်စရာတွေ ရှိပါတော့မလဲ. . . ရတဲ့နေရာ
ပျော်ရွှင်အောင်နေမှပေါ့. . . နင့်အဖေကလ
နင့်ကိုပစ်ထားတာမှမဟုတ်တာ. . . သုံးချင်သလော
သုံးနေတာ ဘာတစ်ခွန်း ပြောသလဲ. . . နင်လ
ပျော်သလိုနေ သူတို့လည်း ပျော်သလိုနေပါစေ. . . "

" ဒက်ဒီက သူတို့ကောင်းတယ်လို့ထင်လာ
ငါမကောင်းဘူးလို့ ထင်တော့မှာပေါ့ "

" မဆိုင်ပါဘူး. . . နင်ကသမီးအရင်းပဲ ပြီးေ
နင်ဘာမှ မကောင်းတာ မလုပ်ဘူးဆို ဘာမကောင်း
စရာရှိမလဲ အတွေးမခေါင်ပါနဲ့ မိုးချုပ်နေပြီ နင်ပြန်ရအေ
ငါလိုက်ပို့ရမလား "

" မပို့ပါနဲ့ ဟေမာ့ဘာသာပဲ ပြန်ပါမယ်. . . အန်တီ
နှုတ်ဆက်တယ်ပြောလိုက်တော့နော်. . . သွားမယ် "





" ကားလည်း ကောင်းကောင်းမောင်းသွားဦး. . . "

" စိတ်ချပါ ငါမသေချင်သေးပါဘူး ငါသေရင်
ရမယ့်အမွေဖွေပါ ဟိုသားအမိ ရသွားမှာပေါ့. . . "

ဟေမာတော့သွားပြီ။

အချိန်တိုင်းလို ဒီအကြောင်းသာတွေးနေလေ
သားမသိ။ ဟေမာဒီလိုဖြစ်နေတာဟာ သူ့စိတ်ကို သူနှိပ်စက်
ပန်းနေစေတယ်ဆိုတာ သူမ ဘယ်သိပါ့မလဲ. . . ဟေမာနှင့်
မင်ခဲ့သည့် နှစ်များစွာ ဒီလောက် ပြောလို့ခေါင်းမာလိမ့်မည်
ထင်ခဲ့ပါဘူး. . .။

ရွှေမိုးညို့စကားဆို ခေါင်းညိတ်နားထောင်
တာချည်းပါပဲ. . .။

ဟေမာပြန်သွားပြီးလို့ အိမ်ပေါ်ပြန်ရောက်တာနှင့်
ဖေက ဘာဖြစ်လာပြန်သလဲသားတဲ့။

" အလကားပါ ဖေဖေရယ် သူ့မိတွေးတို့ သားအမိ
ပေါ် မကျေနပ်သမျှ ပြောစရာလူမရှိရင် ကျွန်တော့်လာရှာ
တော့တာပါပဲ. . . "

" ငိုတတ်တဲ့လူဆိုတာ ချောမယ့်လူရှေ့ကျရင်
သတဲ့ကွာ ဟုတ်လား ငါ့သားကချော့နေကျလားမှမသိတာ"

" ဒါကတော့ ဖေဖေရယ် ငယ်သူငယ်ချင်းတွေ
တ်လား ခင်ခင်မင်မင်ရှိနေတာပဲ. . . သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သူသောကနဲ့သူတိုး. . . ဖျောင်းဖျပြောလည်း နားမလည်နိုင်

" အဲဒါကိုက ဒီကောင်မလေး စိတ်လေနေတာ သား

အလုပ်မရှိတော့ သွားချင်ရာသွား စားချင်ရာစ

လည်ချင်သလိုလည် အချိန်တွေကို တန်ဖိုးမရှိဖြုန်းကြေ

စိတ်ကပေါ့လာတာပေါ့. . . ပေါ့လာတာနဲ့အမျှ အမိပ္ပါယ်မဲ့

အကြောင်းတွေပေါ်မှာပဲ နစ်မျောနေတာ မင်းသူငယ်ချင်း

တကယ်ပဲ သူငယ်ချင်းတစ်ယောက်လို ချစ်ခင်တယ်ဆို

အလုပ်တစ်ခုခုလုပ်ဖို့ တိုက်တွန်း. . . "

" ကြိုးစားကြည့်ဦးမယ် ဖေဖေ. . . "

ပြောသာပြောတာ။

ဟေမာအလုပ်တစ်ခုခုလုပ်ပါလားဆို ပြောခဲ့ဖူးပေ

လည်းများပါပြီ။ ဟင့်အင်းကိုညို. . . ဟေမာအလုပ်လုပ်စ

မလိုတာပဲ ဟေမာ့မှာ ဒက်ဒီပေးထားတဲ့ငွေတွေ အများကြီး

ပြောဦးမှာပါပဲ။

တစ်ခုခုနဲ့တော့ ဖျောင်းဖျကြည့်ဦးမှပါ။ ငယ်သူငယ်

တစ်ယောက်လည်းဖြစ် အရင်းနှီးဆုံး သူငယ်ချင်းလည်းဖြ

သံယောဇဉ်ဆိုတာ ရှိသင့်သလောက် ရှိပါတယ်။

" မင်း ဖေဖေကတော့ အလုပ်တန်ဖိုးနားမလည်

နှစ်သက်မှာမဟုတ်ဘူး ဒီလိုလုပ်ပါလား သားရယ် ဟေမာ

ကြည့်ရတာ သားကိုနှစ်သက်နေသလိုမို့ သားကိုနှစ်သက်ရင်





ဖေဖေအကြိုက်ဖြစ်အောင် ကြိုးစားဖို့ ရိုပ်ဖမ်းသံဖမ်း

ကြည့်ပါလား. . . "

မေမေကတော့ မိန်းမသားပီပီ ဟေမာ့ပြည့်စုံမှုကို

စ်သက်ပုံ ရပါတယ်။ ဟေမာကလည်း မေမေ့ကို ဆို

နေတတ်တာတွေလည်း ရှိတာကိုး။ ဖေဖေ့ကိုသာ ကြောက်လို့

ဖေမရှိချိန် အိမ်လာတာ။ မေမေနှင့်ကတော့ အဆင်ပြေ

န်းတာပဲ။

" သူ့ကိုတကယ်မချစ်နိုင်ပါပဲနဲ့ မျှော်လင့်ချက်တွေ

ပေးချင်တော့ဘူးမေမေ. . . သားတစ်နေ့နေ့မှာ ချစ်နိုင်တဲ့

န်းကလေးတွေလာရင် မကောင်းပါဘူး. . . "

ဒီအခါမှာ ဘာလို့များ စိမ်းလွန်းသော မျက်ဝန်းတစ်စုံကို

မှတ်ရမိပါလိမ့်. . . ။

နာမည်နှင့်လိုက်ဖက်စွာ ယဉ်စစနှင့် လှပသောသူမရဲ့

မ်းမြမြမျက်ဝန်းတစ်စုံ။

✧ ✧ ✧ ✧ ✧

ငြိမ်းချမ်းကို ရင်ခွင်မှာထားပြီး ကာတွန်းစာအုပ်တစ်အုပ်

ပ်ပြနေမိပါတယ်။ " အစ်မ " လို့ ငြိမ်းချမ်းစခေါ်သောအချိန်မှာ

ဉ်စခံစားရသော ပီတိကို ယဉ်စအသိဆုံးပေါ့. . . ။

www.burmeseclassic.com



" ငြိမ်းချမ်း . . . အစ်မလေ မနက်ဖြန်နဲ့ သန်ဘက်ခ
နှစ်ရက် အိမ်မှာမရှိဘူးနော် အစ်မရဲ့ သူငယ်ချင်းအိမ်မှ
သွားအိပ်မယ် . . . ဟိုမှာ စာသင်ပေးပါမယ်လို့ ကတိပေ
ထားတာ . . . အစ်မမရှိရင် ပုပုတို့နဲ့နေနော် "

ငြိမ်းချမ်းရဲ့ မော့ကြည့်လာတဲ့ မျက်နှာလေးဟာ
သိပ်ချစ်စရာကောင်းပါလား . . .။ သိပ်လှတဲ့သူတို့အမေ
ဓာတ်ပုံထဲမှာ ယဉ်စမြင်ဖူးတယ်။ သူတို့မောင်နှမ သုံးယောက်လုံး
ဟာ အမေ့အလှကို ရကြတယ်လေ။ လှပချောမော
လွန်းကြပါတယ်။

" နော် ငြိမ်းချမ်း "

ခေါင်းညိတ်ပြတယ်။

ယဉ်စ ကြည်နူးစွာ ပြုံးရပြီ။

အစ်မလို့ခေါ်တာကလွဲပြီး စကားအရှည်ကြီးတွေ
မပြောပါဘူး။ ဒါပေမယ့် ခေါင်းညိတ်ခေါင်းခါတာမျိုးတော့
ပြုမူတတ်လာပါပြီ။ ယဉ်စပေါင်ပေါ်တက်ထိုင်တာမျိုးကိုလည်း
တွေ့ရတော့ နှစ်သက်သဘောကျရပါတယ်။

" သမီး ယဉ်စ မေမေ ဈေးသွားဝယ်လို့ လိုက်ခဲ့ "

အခန်းဝမှာ မေမေလှမ်းခေါ်တော့ မလိုက်ချင်ဘူး
မေမေ ယဉ်စနဲ့ငြိမ်းချမ်း အခွေကြည့်မလို့လို့ ပြောလိုက်တယ်
ငြိမ်းချမ်းနားမှာ နေနေတာ မေမေက မနှစ်သက်လှပါဘူး





ဒါပေမယ့် ဒက်ဒီ ဦးဇော်သင်းလှိုင်ကိုယ်တိုင်ကပါ ယဉ်စကို
ကျေးဇူးတင်ပှချည်ရဲ့ ဆိုလို့သာ ဘာမှသိပ်မပြောတာ။

" ညီမလေးဘာလုပ်နေလဲ "

ကိုမင်းသန့်မြိုင်ပါလား။

သူက ငြိမ်းချမ်းပါးလေးကို လိမ်ဆွဲလိုက်ပါတယ်။
တကယ်ဆို သူသည်သို့ မပြုမူသင့်ပါဘူး။ ငြိမ်းချမ်းဟာ ယဉ်စရဲ့
ရင်ခွင်ထဲမှာ မှီထိုင်နေတာ။ ယဉ်စနှင့် နီးစပ်လွန်းသော
အနေအထားမျိုး။ ယဉ်စ မနှစ်သက်သလိုခံစားရပါတယ်။

ပြီးတော့ ယဉ်စနှင့် ငြိမ်းချမ်းက ကုတင်ပေါ်မှာ
ထိုင်နေကြတာ။ သူကပါ ကုတင်ပေါ်ဝင်ထိုင်လာပါတယ်။
အနေနီးစပ်လွန်းတာမျိုး ယဉ်စ မနှစ်သက်ပါဘူး။

မတော်တဆများ ဟေမာမြိုင်မြင်သွားရင် ပြောစရာ
ဘယ်လောက် ဖြစ်သွားလေမလဲ။

ဒီအချိန်မှာ အခန်းဝက လှရိပ်ကြောင့် ဟေမာမြိုင်
လားဆို ယဉ်စ ရင်ထိတ်စွာလှမ်းကြည့်မိတော့ မေမေပါလား။
မေမေက ဈေးသွားမည်ဆို ထွက်သွားပြီးမှ ဘာလို့
တစ်ခေါက်ပြန်လာပြန်မှာလိမ့်။ ယဉ်စ လှမ်းကြည့်မှန်းလည်း
သိရော မျက်ခနဲ ပြန်ထွက်သွားပြီ။

စိတ်ရှုပ်ထွေးလိုက်တာ။

" ယဉ်စ ကျေးဇူးတင်ပါတယ် . . . ယဉ်စပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးဟာ မြက်ခင်းပေါ် ပျော်ရွှင်စွာ ပြေးလွှားနေတာမျိုး ဖြစ်လာအောင် စောင့်ရှောက်ပါနော်. . . ”

“ ရှင်က အစ်ကိုပဲ ပိုစောင့်ရှောက်လို့ ရတာပဲ ”

“ အစ်ကိုပေမယ့် အလုပ်တွေထဲမှာ နေရတယ်လေ ”

ကိုမင်းသန့်က ဦးဇော်သင်းလှိုင်ရဲ့ လုပ်ငန်းတစ်ချို့ကို ဦးဆောင်ရတယ်လို့ မေမေပြောထားပြီးသားပါ. . .။

“ အလုပ်အားလို့ပြန်လာတဲ့အချိန် တတ်နိုင်သရွေ့ ဂရုစိုက်ပါ။ မနက်ဖြန် သန်ဘက်ခါ ယဥ်စမရှိဘူး ကိုမင်းသန့် ညပိုင်း ငြိမ်းချမ်းနဲ့ ခပ်ကြာကြာလေး စကားလာပြောပါလား ”

“ ယဥ်စက ဘယ်သွားမှာလဲ ဘယ်မှမသွားပါနဲ့လားဗျာ ”

“ ယဥ်စသူငယ်ချင်းရဲ့ ညီမလေးကို အင်္ဂလိပ်စာ သင်ပေးရမယ် ယဥ်စမှာလည်း လူမှုရေးကူညီစရာတွေ ရှိသေးတာပေါ့။ တကယ်ဆို ယ ့ ၊ စာသင်ရတာ အရမ်း ဝါသနာပါတယ် သူငယ်ချင်းတစ်ယောက်ရဲ့ ကျူရှင်မှာတောင် အင်္ဂလိပ်စာပြဖို့ ပြောထားပြီးသား. . . အခု လောလောဆယ် ငြိမ်းချမ်းနဲ့ကြာကြာနေချင်လို့ သွားမသင်သေးတာ. . . ”

ကိုမင်းသန့်နှင့်က စကားပြောရတာ ကဆင်ပြေပါတယ်။ ဒါပေမယ့် အနားမှာ နီးနီးကပ်ကပ်ရှိနေတဲ့ အနေအထား ကိုတော့ ယဥ်စ မနှစ်သက်ပါဘူး။ အထူးသဖြင့် ဟေမာမြိုင် မြင်သွားမည်ဆို အပြောလွှတ်မှာ မဟုတ်။ ယဥ်စကလည်း





ခါင်းငုံ့ငြိမ်ခံနေမည့် လူတစ်ယောက်မဟုတ်လေတော့ ဿနာဖြစ်နိုင်တာပေါ့။ ဒါကြောင့် စောစောတည်းက ပြောစရာမဖြစ်အောင် နေနိုင်ဖို့ လိုပါတယ်။

“ ငြိမ်းချမ်းရေ. . . အစ်မ ရေသွားချိုးဦးမယ် ကိုတိုနဲ့နေခဲ့ဦးနော်. . . ”

သူမသွားရင် ယဥ်စ သွားရုံပေါ့။

အခန်းထဲက အမြန်ဆုံးထွက်လာခဲ့ရတယ်။ တော်ပါသေးရဲ့ လှေကားထိပ်ရောက်ရုံရှိသေး ဟေမာမြိုင်အိမ်ထဲ ဝင်းဝင်လာတာမြင်ရပါပြီ။ တတ်နိုင်သရွေ့ ထိပ်တိုက် တွေ့အောင်နေဖို့ ယဥ်စဆုံးဖြတ်ထားပါတယ်။

✧ ✧ ✧ ✧ ✧

“ ဘယ်လိုလဲ ယဥ်စ. . . မရွှေနီ ဒီလိုပုံနဲ့ အောင်ပါ့မလား ”

“ အောင်နိုင်ပါတယ်. . . အင်္ဂလိပ်စာညံ့တယ် ဆိုပေမယ့် အဆိုးကြီး မဟုတ်ပါဘူး. . . စာပါ်သေးတယ် ချိန်ရပါတယ်ဝါဂါ. . . ”

“ နေ့ခင်းမှာဟော့ ဝါဝါစတိုးဆိုင်မှာ ထိုင်နေရင်း အားလာပြီး စကားထိုင်ပြောနေရုံပါပဲ။ ဈေးဝယ်သူများရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ယဥ်စလည်း ကူရောင်းပေးတယ်လေ။

" နင်ရှိတဲ့နေ့ဆို ဝယ်သူတွေ ပိုလာသလိုပဲ ယဥ်စ "

" မဟုတ်တာ ဝါဝါရယ် ငါက ဘာမှုလို့လဲ "

" မထင်နဲ့ မေမေဆိုင်ထိုင်တဲ့ နေ့ဆို အရမ်းရောင်းရတာ မေမေလည်း နင့်လိုပဲ သူထိုင်နေရင် အလိုလိုရောင်း နေရတာမျိုး "

" ဒါဆိုရင် နေ့တိုင်း ငါကူရောင်းပေးရမလို ဖြစ်နေပြီ

ဝါဝါတို့ စတိုးဆိုင်ကလည်း ပစ္စည်းတွေစုံလင်ပြီး တော်တော်ကြီးပါတယ်။ ဝါဝါကို ညီမဝမ်းကွဲလေး တစ်ယောက်ပါ ကူရတာပါ။

" မိုးရွာလာပြီလေ ပူစူး. . . ဟိုဘက်က တံခါး နည်းနည်းစေ့လိုက်. . . ပစ္စည်းတွေ ရေစိုဦးမယ်. . . "

" မမဝါ. . . ပူစူးရှိရင် မေမေက ခဏလာခဲ့ ပစ္စည်းဖိုးတွေ လာရှင်းနေတယ်တဲ့ "

" သွားလေ ဝါဝါ ပူစူးလည်းရှိ ယဥ်စလည်းရှိတာပဲ "

မိုးကသည်းသည်းမဟုတ်ပါပဲ အတော်စိတ်စိ ရွာနိုင်လွန်းပါတယ်။ ဆိုင်ထဲမှာတော့ ပစ္စည်းရွေးနေတဲ့ ဝယ် သုံးလေးယောက်ရှိပါတယ်။

" အန်တီကြီး. . . ဒီနေ့တစ်ပတ်စာဝယ်တာလား "

" ဟုတ်တယ် ပူစူးရေ. . . မိုးကရွာရွာနေ





တစ်ပတ်စာလောက်ဝယ်ရတယ်. . . ခုတလော ဒူးနာနေ တာလည်း ပါတယ်. . . "

ဝယ်လိုက်တဲ့ ပစ္စည်းတွေစုံလို့၊ ခြင်းတောင်းကြီး နှင့်အပြည့်။ ငွေရှင်းပြီး ခြင်းတောင်းကို တနင့်တပိုးဆွဲပြီး ဆိုင်ထဲကအထွက် ထီးဖွင့်ရခက်တာကို ယဥ်စလှမ်းမြင်ရတယ်။ ဝါဝါတို့ရဲ့ဖောက်သည်ဖြစ်မယ် ပြီးတော့ လူတစ်ယောက် အကူအညီလိုနေချိန်မှာ ကူညီသင့်တယ်။ ဒါကြောင့် ယဥ်စ ဆိုင်ရှေ့ထွက်ပြီး ထီးကူဖွင့်ပေးလိုက်တာ။

" ကျေးဇူးပဲ သမီး "

" အန်တီ မိုးလည်းရွာနေတယ် ဒူးနာတယ်လည်း ဆိုသေး. . . ခြင်းတောင်းကြီးကလည်း တနင့်တပိုး အိမ်မှာ သူငယ်အဖော် မရှိဘူးလား. . . "

" သားကလည်း ဈေးနေလို့ပါ. . . မဟုတ်ရင် ခေါ်လာလို့ရပါတယ်. . . အိမ်ကမဝေးပါဘူး ရှေ့နားလေး တင်လေ. . . "

" ယဥ်စ လိုက်ပို့ပေးမယ်. . . "

" အားနာပါတယ် သမီးရယ်. . . "

" ရပါတယ် အန်တီ "

ခြင်းကိုယူဆွဲလိုက်တယ်။

ခြင်းကတွယ် လေးမှလေး။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်စကို အန်တီကြီးက ထီးမိုးပေးရှာပါတယ်။ မိုးကိုကြည့်တော့ မသည်းသလိုလို ဒါပေမယ့် ခပ်စိတ်စိတ်လေး ရွာနေတာဆိုတော့ ခဏနဲ့ ပခုံးတစ်ခြမ်း စိုရွှဲသွားတာ။

" သမီးကို အားနာလိုက်တာ. . . အပြန်ကျ ရင် အဝတ်လဲပြီး နွေးနွေးထွေးထွေးနေနော် အန်တီကြီး သားတောင်မှ မိုးမိလိုက်တာ ဖျားနေပြီ. . . "

" ဟုတ်ကဲ့ပါ . . . "

အန်တီကြီးတို့အိမ်ကလေးက ချစ်စရာလေး။

ယဉ်စကလေ ကြီးမားလွန်းလှသော တိုက်ကြီးတွေ မရှိရင်နေ ခုလိုမျိုး ခန့်ထည်သော ပျဉ်ထောင်အိမ်ကလေးတွေ ကို နှစ်သက်ပါတယ်။ ပန်းပင်တွေလည်းရှိတယ်။

" အိမ်ထဲခဏဝင်ပါ သမီး. . . ကော်ဖီပူပူလေး တစ်ခွက်လောက် တိုက်ချင်လို့ပါ "

" မဝင်တော့ပါဘူး အန်တီကြီး ဆိုင်ပြန်ရဦးမှာ ဆိုင်မှာလည်း ပူစူးတစ်ယောက်တည်း ဖြစ်နေမှာမို့ပါ. . . "

" မေမေ. . . မိုးတွေရွာနေတာ စိတ်ပူပြီး သားလိုက်လာဦးမလို့. . . ဖျားနေတာ မိုးရွာထဲ လိုက်လာရ ကောင်းမလား မေမေဆူမှာလည်း စိုးလို့ ဟင်. . . ယဉ်စ

အသံနှင့်အတူ တွေ့လိုက်ရသူက ယဉ်စ လုံးဝမျှော်လင့် မထားသော ရွှေမိုးညိုပါလား။





ရွှေမိုးညိုကလည်း ယဉ်စကို တွေ့လို့ အံ့ဩသွားပုံပါပဲ။ သက်စသတ်တော့ အန်တီကြီးက ရွှေမိုးညိုရဲ့အမေပါလားကွယ်။ မထင်မှတ်ခဲ့ပါဘူး။ ရွှေမိုးညိုသည်နားမှာ နေတယ်ဆိုတာ အရင်တစ်ခါလာတုန်းကတော့ ပြောဘူးသား။ ဒီလောက် တိုက်ဆိုင်လိမ့်မည်လို့လည်း မထင်ခဲ့ဘူးလေ။

" သားနဲ့ သမီးသိသလား "

" ဟုတ်ကဲ့. . . "

" ဝင်ပါဦးသမီးရယ် ခဏလေးပါ. . . သားနဲ့ စကားပြောနေဦး အန်တီကြီး ကော်ဖီတစ်ခွက်ဖျော်ရှုံးလေး "

ပြန်မယ်ဆိုလည်းမရ။

ဒါကြောင့် ခဏထိုင်လိုက်ရပါတယ်။

" ယဉ်စနဲ့ငြိမ်းချမ်း အရမ်းခင်မင်သွားကြတယ်ဆို ဝမ်းသာလိုက်တာ. . . "

" ရှင်ကသာဝမ်းသာတာ ရှင့်သူငယ်ချင်းကတော့ ဒေါသကြီးပဲ ကိုယ့်ညီမအရင်းလေးကို အိပ်ရာပေါ်ပစ်ထားပြီး ယဉ်စက သနားလို့ ကူညီတာကိုကျတော့. . . ပြောလိုက်တာ ရာရာမရှိဘူး. . . "

" ဟေမခက ဒီလိုပါပဲ. . . ပြောသင့် မပြောသင့် မသိဘူး. . . "

" ရှင့်ချစ်သူ မဟုတ်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ. . . ပေါက်ကရ ယဉ်စစရယ် "

ဟေမာနှင့် သည်လောက် ရင်းနှီးနေတာ ချစ်သူလို ထင်တာပေါ့။ အန်ကယ် ဦးဇော်သင်းလှိုင်တို့နှင့်လည်း . . . အရမ်းကို ရင်းနှီးကျွမ်းဝင်လွန်းနေတာ။

" မဟုတ်ပါဘူး သူငယ်ချင်းတွေပါ သူငယ်ချင်း ငယ်သူငယ်ချင်း. . . ဒါကြောင့် ခင်ခင်မင်မင်နေတာ. . . "

" သမီးလေး ကော်ဖီပူပူလေး သောက်လိုက်ဦး . . . ကျေးဇူးတင်ပါတယ် သမီးရယ် အန်တီကြီးဒူးလည်းနာသလို လက်ကလည်းမကောင်း "

" ဒါကြောင့် သားပါတဲ့အခါမှ ဈေးဝယ်ပါလို့ မေမေ့ကို ပြောတာပေါ့. . . "

အန်တီကြီးဖျော်ပေးတဲ့ ကော်ဖီခါးခါးပူပူကလေး တစ်ခွက်က သောက်ရတာ နွေးထွေးအရသာရှိလှပါတယ် ပြန်ချင်ပြီလို့ပြောပြီး နှုတ်ဆက်လိုက်တယ်။

" သားနဲ့လည်း သူငယ်ချင်းပဲ ခဏခဏ လာလည်နော် သမီး "

" ဟုတ်ကဲ့ အန်တီကြီး "

အန်တီကြီးက ခင်မင်နှစ်လိုစရာကောင်းပေမယ့် အန်တီကြီးရဲ့သား ကိုရွှေမိုးညိုကို ခင်ရမှာတော့ ကြောက်ပါတယ်။ ဟေမာမြိုင်က နဂိုရ်ကပင် ယဉ်စနှင့်





အဆင်ပြေ ချောမွေ့သည်မဟုတ်။ ဟေမာမြိုင်နှင့် ရွှေမိုးညို ကြည့်ရတာ ငယ်သူငယ်ချင်းလို့သာ ပြောတာ။ ခင်မင်ရင်းနှီးမှုက ဆံယောဇဉ်ခိုင်မာပုံရပါတယ်။ တော်ကြာ ဟေမာမြိုင်နှင့် ကြီးကြီးမားမား ပြဿနာမဖြစ်ချင်ပါ။

" ကျွန်တော် လိုက်ပို့မယ် "

" အမယ်. . . နေခဲ့ပါ ကိုရွှေမိုးညို. . . ရှင့်နာမည်က သာ ရွှေမိုးညို. . . မိုးမိထားလို့ ရှင်ဖျားနေတယ်မဟုတ်လား "

" နောက်လည်းလာလည်နော် ယဉ်စစ "

" မလာပါဘူး ရှင့်ရဲ့ငယ်သူငယ်ချင်း မရွှေစွာကို တ်ပျက်လွန်းလို့ပါ. . . နေခဲ့ပါ မိုးစက်တွေစင်ပြီး အဖျားတက်နေဦးမယ်. . . "

ပြောပြီးတာနှင့် ထွက်လာခဲ့ပါပြီ။

ခြံဝရောက်ရုံရှိသေးတယ်။

" အိုး. . . ဘာဖြစ်တာလဲ ဘာလို့လိုက်လာတာလဲ မိုးရွာနေတယ်လေ ရှင်က ပြောရခက်တာပဲ. . . "

" မဖျားတော့ပါဘူး. . . လိုက်ပို့မလို့ "

" မလိုဘူး. . . ရှင်နေခဲ့ပါ ကိုရွှေမိုးညို. . . ပြောရရင်ပြောရ မရရင် ဘယ်တော့မှ မခေါ်တော့ဘူး. . . "

" ဟာဗျာ. . . "

ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ။

အဲလိုပြောတော့မှ နေရစ်ခဲ့တယ်။ ရှင့်ကို ဒီအတိုင်း ခင်မင်ရတာမျိုးဆို ယဉ်စစက ခင်မင်တတ်ပါတယ် ကျောင်းတုန်းက ယောက်ျားလေးသူငယ်ချင်းတွေလည် အများကြီးရှိတာပါ။ ရွှေမိုးညိုကျတော့ ဟေမာမြိုင်နှ ပတ်သက်နေတယ်လေ။

မခင်ချင်တော့ပါဘူး။

✧ ✧ ✧ ✧ ✧

" ယဉ်စစတဲ့. . . နာမည်နဲ့လူနဲ့ လိုက်ဖက်ညီလွ ပါတယ်. . . သားနဲ့ဘယ်လိုခင်သလဲ. . . မေမေ့ကိုတော မပြောဘူး တစ်ခါမှလည်း သားနှုတ်ဖျားကနေ ယဉ် ဆိုတာမကြားဖူးပါဘူး. . "

" ယဉ်စစက အန်ကယ်ဦးဇော်သင်းလှိုင် နောက်အိမ်ထောင် အန်တီနွယ်က ပါလာတာပါ. . ဟေမာနဲ့ကတော့ ဟန့်ရန်ပေါ့ "

" ဖြစ်မှ ဖြစ်ရလေ. . . "

ဟေမာက သူတို့သားအမိ သူတို့သားအမိနဲ့ ပြော လေတော့ ယဉ်စစဆိုတဲ့ နာမည်က ပျောက်နေပြန်တာ





ရွှေမိုးညိုကိုယ်တိုင်ကလည်း ဟေမာ့မိထွေးလို့သာ ယ်လွယ်ပြောလိုပြောနဲ့ ယဉ်စစအကြောင်း မပြောမိပါဘူး။

" တဲ့ မေမေမေးပါရစေဦး. . . ဟေမာမြိုင်နဲ့ ယဉ်စစဆို ယ်အပျိုနဲ့ရင်ခုန်သလဲ "

" မေမေကလည်း "

" ငါ့သားလေး ဖျားနေတဲ့ကြားက မိုးရွာကြီးထဲ တ်လိုက်သွားပုံထောက်ရင် မဟုတ်တော့ဘူးထင်ပါရဲ့. . . "

" သားနဲ့ ဟေမာ့ကို တလွဲထင်နေတာပါ ပြီးတော့ ာမာနဲ့သူနဲ့ကလည်း လုံးဝမျက်နှာချင်းဆိုင်ကြတာ ာတ်ပါဘူး. . . ဒီတော့. . . သူတို့နှစ်ယောက်လုံးကို ချစ်မှုပဲအေးမှာ. . . "

" ယဉ်စစကို မချစ်ဘူးဆိုပါတော့. . . "

ယဉ်စစကို မချစ်ဘူးလား။

ချစ်သလားလို့ မမေးမိတော့ ချစ်တယ်ဆိုတဲ့ ဖြေလည်းမရှိ မချစ်ဘူးဆိုတဲ့ အဖြေလည်းမရှိတာမျိုးပါ။

" သူ့ကို သဘောကျတာ တစ်ခုတော့ရှိပါတယ် မ်းချမ်းလေးရဲ့ အခြေအနေ တိုးတတ်လာအောင် ပေးနိုင်တာ သဘောကျစရပါပဲ. . . သူ့ဆီမှာ စာနာတတ် နာတတ်တဲ့ လေးစားစရာ စိတ်ဓာတ်ရှိပါတယ်. . . "

ငြိမ်းချမ်းကို တဖြည်းဖြည်း ခင်မင်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ခဲ့တာတွေ။ ရွှေမိုးညိုကိုယ်တိုင် မြင်ခဲ့ရသော
ပန်းချီဆွဲပြနေတဲ့ မြင်ကွင်းတွေ၊ ငြိမ်းချမ်း သိပ်ကိုတိုးတက်လာပြ
အစ်မလို့ခေါ်လာတာတွေ နှမမေ့ကို ပြောပြမိတယ်။

" လေးစားတယ်ဆိုရင် တန်ဖိုးရှိမှန်းသိတာပဲ တန်ဖိုး
ထားတတ်ရင် ဘဝခရီးဖော်အဖြစ် ရွေးဖို့အကောင်းဆုံးပေ
မေမေလည်း သူ့စိတ်ဓာတ်လေး သဘောကျသွားတာ
မေမေ့ကို လိုက်မပို့လည်း ရတာပဲ ဒူးနာတယ်ဆိုတာ
ခြင်းတောင်းကြီးလေးနေမှန်း သိပြီး ထိုးလည်းလာဖွင့်ပေ
လိုက်ပို့ပေးနဲ့ ကူညီတတ်တဲ့ စိတ်ကလေးရှိတာတော့ အမှန်ပါပဲ

မေမေကလည်း ယဉ်စစရဲ့ ကူညီတတ်ပုံ
ပြောပြနေပါတယ်။ ဟေမာနှင့်တွေ့ရင်တော့ ယဉ်စစအကြော
မပြောဖို့ မေမေ့ကို သတိပေးထားရပါတယ်။

" ဒါကတော့ သဘောထားသေးတာပေါ့ သားရ
ဘယ်သူ့ကိုပဲခင်ခင်ပေါ့. . . မေမေတို့ကတော့ သား
သူငယ်ချင်း မိတ်ဆွေအားလုံးဟာ သားသမီးတွေပါပဲ "

" ဒါတော့ ဒါပေါ့မေမေ. . . ဟေမာကတော့ ယဉ်စ
ခင်တာကို လက်ခံမှာ မဟုတ်ဘူး "

" ဘာမှ မဆိုင်ပါဘူးကွယ် "

မေမေပြောသလို ပြောလို့မရနိုင်ပါဘူး။ ယဉ်စစ
ခင်မင်စရာကောင်းပါတယ်ဆိုရင်ကို ဟေမာဘယ်လ





က်ခံနိုင်မည် မဟုတ်ပါ။ ဟေမာ့ရဲ့အမုန်းက ပြင်းထန်လွန်း
တာ ကြားရတဲ့စကားအရ အသိသာချည်း။

" ယဉ်စစနဲ့ ခင်မင်တာကို ဟေမာလက်မခံ
ဘူးဆိုတာ မင်းဖေဖေရှေ့ ယောင်လို့တောင် မပြောမိစေနဲ့
ဖေက စိတ်ဓာတ်ညံ့ဖျင်းသေးသိမ်ရင် ကြိုက်တာမဟုတ်ဘူး
ရိုကာမှ ဟေမာ့ကို အလုပ်မလုပ်လို့ ကြည်လင်တာ မဟုတ်ဘူး
တာ သားလည်း သိရက်နဲ့. . . သားကို ဟေမာက
ခင်တာ သားဖျောင်းဖျပေါ့ "

" မရပါဘူး မေမေရယ်. . . "

ယဉ်စစဆိုတဲ့ နာမည်ကိုတောင် ရွှေမိုးညိုရဲ့ နှုတ်ဖျားက
တာ လက်ခံမည်မဟုတ်။ ယဉ်စစခင်မင်စရာကောင်းလို့
ခင်မင်မင်နေပါဆိုရင် ပိုလို့တောင် လက်မခံသေး။ ငိုလည်းငို
ချင်ရာတွေပြော ဒေါသတွေများနဲ့ တွေ့ရမြင်ရတာတောင်မှ
ရှုပ်စရာ ဖြစ်ရဦးတော့မှာ။

" မောင်မင်းသန့်ကရော "

" ကိုမင်းမင်းကတော့ ယောကျ်ားလေးပဲ မေမေရာ
ခင်မင်လည်း ပုံမှန်နေတာပေါ့. . . "

" အင်းလေ ခုချိန်မှာ ဘာပဲပြောပြော ငြိမ်းချမ်းအတွက်
ညီစောင့်ရှောက်ဖော်ရတာ တစ်ခုနဲ့တင် ယဉ်စစဟာ
ခင်စရာပါပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



ဟောမာကတော့ မေမေ့လို မြင်ပါလိမ့်မယ် ဝေးသော အဲဒီနှစ်ယောက်ကို သင့်မြတ်စေဖို့ဆိုတာ လုံးဝမလွယ်ကူပါ။

✧ ✧ ✧ ✧ ✧

" နီနီ အင်္ဂလိပ်စာညံ့တာ သမီးသင်မှလားကွ အင်္ဂလိပ်စာကျူရှင်ကောင်းကောင်း ပေးလိုက်ပါလာ သမီးအလကား ပင်ပန်းပါတယ် မေမေကတော့ သမီးပင်ပန်းတ မြင်ကိုမမြင်ချင်ဘူး ခုချိန်မှာ မေမေတို့ ပြည့်စုံသွားပြီ. . . သမီးလည်း ဟောမာ့လို ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ. . . ပြီးတော့ ကိုဇော်ကားဝယ်ပေးမယ်ပြောတာ သမီးဘာလို့ ငြင်းရတာ

မေမေကတော့ ယဉ်စကို စိတ်တိုင်းမကျဘူး ဆိုပါတယ်။ အန်ကယ်ဦးဇော်သင်းလှိုင်က ယဉ်စအတွ ကားတစ်စီး ကြည့်ပေးဖို့ ကိုမင်းသန့်ကို ပြောတဲ့အ ယဉ်စမလိုချင်ဘူးလို့ ငြင်းလိုက်ပါတယ်။ မေမေမျက် ပျက်သွားလိုက်တာ။ ယဉ်စမှ တကယ်မလိုချင်တာ။

ရသမျှ အခွင့်အရေးတွေ အကုန်ယူလို့. . .

ယဉ်စရှက်ပါတယ်။

ဟောမာမြို့ငြင်ထင်တဲ့ အတိုင်း ငွေမက်နေ ပုံစံမျိုးလည်း ယဉ်စ မနှစ်သက်ပါဘူး။

" အင်္ဂလိပ်စာသင်ပေးတာက ယဉ်စကိုယ်တိုင် ဝါသနာ ပါလို့ပါ. . . ငြိမ်းချမ်းတော်တော်သွက်လာရင်လည်း ယဉ်စ အင်္ဂလိပ်စာသင်ပေးဦးမှာပါပဲ. . . မပင်ပန်းပါဘူး ဟောမာမြို့လို နေပါရစေနဲ့မေမေ အချိန်တွေဖြုန်း ငွေတွေဖြုန်း. . . ငွေတွေကို အန်ကယ်လ်ရှာရတာပါ. . . ယဉ်စ မဖြုန်း င်ပါဘူး. . . သုံးစရာရှိတာသုံးရင်တောင် မကောင်းဘူးလို့ စားရတယ်. . . "

" ဘာမှမဆိုင်ဘူး ကိုဇော်ပိုင်သမျှ မေမေပိုင်တာပဲ မေမေပိုင်ရင် သမီးလည်းပိုင်တာပဲလေ. . . တောင်းမှ ရမယ်ဆို ငါ့သမီး ဘယ်တော့မှ လက်မဖြန့်ဘူးဆိုတာသိလို့ မေမေ ဘီရိုထဲထည့်ပေးထားတာ ကြိုက်သလောက်ယူသုံးပါ "

ယဉ်စဘာသုံးရမှာလဲ။

ဘာမှကုန်စရာမရှိပါပဲနဲ့။

အချိန်တိုင်း အိမ်မှာ စားချင်သမျှ စားလို့ရတယ် ဝတ်အစားလည်း ယဉ်စဝတ်တတ်သည့် အပြင်အဆင်အတိုင်း မေမေ ဝယ်ပေးတာ အများကြီး။ ကျန်တာ ဘာသုံးစရာမှမရှိ။ ပါတို့ဆီသွားလည်း ဘာမှ ကုန်စရာမရှိဘူးလေ။

" ဟိုနေ့က ရွှေမိုးညို|ဆိုတဲ့ ကောင်လေးဆီ းဆက်တယ်. . . မေမေတို့အကြောင်းတွေ မကောင်း ာတာပေါ့။ အသံကျယ်ကျယ် ကျယ်ကျယ်နဲ့ မေမေတို့




www.burmeseclassic.com

www.burmeseclassic.com



မကြားကြားအောင်ပြောနေတာ. . . အဲဒါ မောင်မင်းသ
ကြားတော့ ဟေမာ့ကို သွားဆူတယ်လေ. . . မောင်
နှစ်ယောက် စကားများကြတယ်လေ. . . ဟေမာ
မောင်မင်းသန့်ကို ကောင်းကောင်း ပြန်ပြောနေလေ
မမေဒီကောင်မလေးကို စိတ်ပျက်မိတယ်. . . ”

“ ဒါကတော့ မမေရယ် သူ့နေရာက
စာနာကြည့်ပေါ့. . . မိထွေးနဲ့ သူ့ကပါလာတဲ့ သမီး
ဘယ်ကြည်ဖြူနိုင်ပါ့မလဲ. . . ”

“ မဟုတ်တာ ဒီအိမ်မှာ ကိုဇော်က ဦးဆောင်နေ
သူလည်း မမေတို့လို ကိုဇော်အရိပ်မှာနေတာပဲ. . . ”

“ သူ့ဘာသာ စိတ်ချမ်းသာသလို ပြောပါစေ နေ
ယဉ်စကတော့ တတ်နိုင်သရွေ့ ရှောင်နေလိုက်မယ် ”

“ မောင်မင်းသန့်လေးကမှ သူ့ဘာသာ အေး
ဆေးဆေးနေသေးတယ် ”

ဟေမာ့ကိုတော့ မမေလည်း စိတ်ပျက်ပုံရပါတ

ဒါပေါ့လေ ခုမှ ရောက်လာတဲ့ ငြိမ်းချမ်းမြို့
အရာအားလုံး ချောမောပြေပြစ်ပါ့မလား။ အခက်
အနှောက်အယှက်ကတော့ တစ်ခုမဟုတ်တစ်ခု ရှိနိုင်တာ

“ ဒေါ်ဒေါ်နီနဲ့လည်း မမေတို့ မကောင်းပြော
ပြောနေတယ် ”





“ သူ့ပြောချင်ပြောပါစေ မမေရယ် ယဉ်စတို့က
ပြောစရာဖြစ်ခဲ့တာပဲ မဟုတ်လား. . . ”

“ တစ်ပင်လဲမှ တစ်ပင်ထူတာပဲ သူ့အမေရှိနေပါလျှက်
မမေက အရယူတာမဟုတ်ဘူး ယဉ်စ. . . မမေ သူ့ကို
အံ့ဩတယ် ခွင့်လည်းမလွှတ်နိုင်ဘူး. . . သူက မမေတို့ကို
ပြောလို့ရမလား။ ဒီအိမ်မှာ ကိုဇော်တစ်မိန့်ပဲ. . . ”

သည်ပုံ ဆို မမေနှင့် ဟေမာ တစ်နေ့ဖန်
ထိပ်တိုက်တွေ့မှာလည်း စိုးရသေး။

“ ငြိမ်းချမ်းမြို့ကို သမီးကူညီနေတာလည်း
ကိုဇော်ကကျေးဇူးတင်ပြီး ကားဝယ်ပေးချင်နေတာပါ. . .
သမီးလည်း မောင်းတတ်ပါလျှက် ယူလိုက်ပါသမီးရယ်နော်
နောက်တစ်ခါဆို မငြင်းနဲ့. . . ”

“ ခဏနေပါဦး မမေ. . . ငြိမ်းချမ်းကို ယဉ်စ
ခင်မင်သည်ထက် ခင်မင်အောင်ကြိုးစားပါရစေ သူ့စိတ်တွေ
ပြန်လည် ကြည်လင်ပြီး အပြင်ထွက်လည်ချင်စိတ်ပေါက်လာမှ
ယဉ်စ ကားတစ်စီးယူပါမယ်. . . ဒါမှ ငြိမ်းချမ်းနဲ့လည်လို့ရမှာ”

“ သမီးကလည်းလေ. . . ”

မမေကတော့ ယဉ်စကို သိပ်ညံ့တာပဲလို့ ဆိုပြန်
ပါတယ်။ မမေက ယဉ်စရဲ့ အမေပါ။ ယဉ်စအတွက်တော့-
ချစ်စရာကောင်းလွန်းသော အမေပါပဲ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါမှာ မေမေနဲ့ ယဉ်စ ဘာလို့များ မတူညီသေ
စိတ်တွေရှိနေပါလိမ့်ဆိုပြီး ရင်မောရသလိုပါပဲ။

မေမေ့ကို ပြောကြည့်ပါလား။

ငါနဲ့ဘယ်တူမလဲ ညည်းက အဖေတူ
ညည်းအဖေကလည်း ညည်းလိုခပ်ညံ့ညံ့ပါပဲလို့ ဖေဖေ့
ရိုးသားအေးဆေးလွန်းလို့ မပြည့်စုံခဲ့ခြင်းတွေအပေါ် ပြောလာ
တော့မှာ။ ဒီတော့ ဘာမှမပြောပဲ နေလိုက်တာ အကောင်းဆုံး
ပါပဲ။

" ကားဝယ်ပေးမယ်ဆို ယူလိုက် မယူဘူးလို့ငြင်း
နီနီအေးကို စာသွားမသင်ရဘူး။ မေမေကန့်ကွက်တယ်. . .

မေမေကလည်းလေ။

ဘယ်သူ့ကိုဖြစ်ဖြစ် စာသင်ပေးချင်တဲ့ ယဉ်စစိတ်
သိပါလျှက် တမင်ပြောနေမြန်ပါတယ်။

" ကြားလားယဉ်စစ "

ယဉ်စစလို့ခေါ်ပြီ။

ဒါဆို မေမေ နည်းနည်းတော့ စိတ်တိုလာ
သေချာပါတယ်။

" ဟုတ်ကဲ့ "

အဲဒါအကောင်းဆုံး အဖြေပဲ မဟုတ်လား။

အဲလိုဖြေလိုက်ရင် လောလောဆည်တော့ မေမေ



ပြဿနာမဖြစ်ပဲ ကျေလည်အေးဆေးသွားတော့မှာဆိုတော့
အဲလိုပဲ ဖြေရမှာပါ။

✧ ✧ ✧ ✧ ✧

" ကိုကြီးမိုးညို. . . ဘာလိုလို့လဲ. . . "

" ခေတ်ခဲလိုချင်လို့ပါဟာ. . . ဒါနဲ့ နီနီ ယဉ်စစရော "

" အစ်မ ယဉ်စက စနေ တနင်္ဂနွေမှ လာတာ နီ့ကို
အင်္ဂလိပ်စာလာသင်ပေးတာ. . . အစ်မယဉ်စကလေ
အင်္ဂလိပ်စာတော်တယ် ကိုကြီးမိုးညိုရဲ့. . . "

" ဟုတ်လား "

" ကျန်တဲ့ရက်တွေဆို သူ့အိမ်သူပြန်တာပေါ့. . .
တွေ့ချင်လို့လား ကိစ္စရှိလို့လား "

" မရှိပါဘူး. . . "

ဒါကြောင့် ယဉ်စစ ဒီကိုရောက်လာတာကိုး။ နှစ်ရက်ပဲ
လာစာသင်ပေးတယ်ဆို အဲဒီနှစ်ရက်မှာ တွေ့လို့ရတာပေါ့. . .။
တွေ့ရအောင်. . . တွေ့စရာအကြောင်းလည်းမရှိပါပဲ ရွှေမိုးညို
စိတ်မှာ ဘာလို့ တွေ့ချင်နေရတာပါလိမ့်။

" ကိုကြီးမိုးညို အစ်မယဉ်စကိုတွေ့ချင်ရင် စနေ
တနင်္ဂနွေ လာခဲ့ပေါ့ အစ်မက စာသင်တာ သိပ်ကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာတော်တယ်. . . နီနီတို့သူငယ်ချင်းတွေကတော
အင်္ဂလိပ်စာသင်ချင်နေကြပြီ အစ်မက ဘာပြောမယ် မသိ
ဘူး. . . အစ်မအမေကလည်း ပင်ပန်းတယ် မသင်ရဘူး
တာ အစ်မက စာသင်တာ ကုသိုလ်ရတယ်ဆို လာသင်တာ

" ကျူရှင်လခ မပေးရဘူးလား. . . "

" ဟင့်အင်း. . . မပေးရပါဘူး "

" စေတနာဆရာမပေါ့နော် "

လိုချင်သမျှ ပစ္စည်းလေးဝယ်ပြီး အိမ်ပြန်လာခဲ့
အိမ်ရှေ့မှာရပ်ထားတဲ့ ဟေမာ့ကားကို တွေ့ရပါပြီ။

" နေမကောင်းလို့ဆိုပြီး ဘယ်လျှောက်သွားနေ
ကိုညို "

" နေကောင်းနေပါပြီ "

" ကိုညိုနဲ့ ထမင်းစားချင်လို့. . . "

" ငါ စားပြီးပြီ "

" မရဘူး မရဘူး အခုလိုက်ခဲ့ မစားရင်လည်း
ဘေးမှာထိုင် ကိုညို အချိုးမပြောင်းနဲ့. . . "

လက်ကိုအတင်းဆွဲခေါ် နေပြန်ပါတယ်။

မေမေကတော့ အိမ်တံခါးဝကနေ လှမ်းကြည့်
အိမ်ပေါ် တက်ပါဦးလားဆို ခေါ် နေပြန်ရော။ ဟေမာက
သူဖြစ်ချင်ရာပဲ သိပါတယ်။ ကိုညို့ကို ခေါ် သွားပြီ အန်တီ





လှမ်းအော်သွားတာပေါ့။

" ကိုညို နေနိုင်တယ် "

" ငါမအားဘူး အရင်က နင်နဲ့ အပြင်ထွက်လွန်းလို့
ဖေဖေဆူတာအရမ်းပဲ. . . အချိန်တွေဆိုတာ အသက်နဲ့ရင်းရ
တာ ဖြုန်းစရာမဟုတ်ဘူးဆိုပြီး. . . ငါ့ကို နေ့တိုင်း ဆုံးမနေတာ"

" ကိုညို့အဖေတော့ ကြောက်ပါတယ်. . . ဒါကြောင့်
အန်တီ့ဆီ ဖုန်းအရင်ဆက်မေးပြီး သူမရှိဘူးဆိုမှလာတာ. . . "

မေမေကတော့ လိမ်ညာမပြောချင်တာနှင့်. . . ဖေဖေ
မရှိကြောင်း အမှန်ပြောလိုက်ပုံရပါတယ်။ ဖေဖေ့ပဲ ကြောက်တဲ့
မဟေမာတစ်ယောက်ကိုတော့ ဖေဖေနှင့်ခြောက်ပေးမှသာ
ရတော့မည်။

" ကောင်းတယ် ဖေဖေမရှိမှလာနော်. . . "

မေမေ့တော့ မှာထားရမည်။

ဖေဖေရှိတယ်လို့ ပြောပေးပါလို့လေ။

ဟေမာနှင့် အရင်ကလည်း ခင်မင်ပျော်ရွှင်စွာ သွားခဲ့
တာပါ။ ဖေဖေက တန်ဖိုးရှိတဲ့အချိန်တွေကို တန်ဖိုးထားစေချင်လို့
ကြိုးစားခဲ့တာတွေရော. . . ။ ပြီးတော့ ချစ်သူမဟုတ်ပါပဲ
ကြာတော့ ချစ်သူလို့လည်း အထင်မခံနိုင်တာတွေရောပေါ့။
တွေ့သမျှ ခင်သမျှ မိတ်ဆွေသူငယ်ချင်းအားလုံးက ဟေမာနှင့်
ချစ်သူလို့ ထင်လာကြသလို မဟုတ်ပါဘူး ရှင်းရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲလာတယ်လေ. . .။

ယဉ်စစကတောင်မှ ရှင်တို့ချစ်သူတွေလားလို့ မေးတယ်။

" ဟေမာ. . . နင့်ကိုတော့ခင်ပါတယ် ဒေါ်နွယ်နွယ်တို့ သားအမိအကြောင်းဆို မပြောပါနဲ့တော့ ငါနားထောင်ရလွန်းလို့ ရိုးနေပါပြီ. . . "

" ကိုညိုကလည်းလေ. . .ဟေမာက အိမ်မှာပဲ နေရတာ. . . အိမ်မှာရှိနေသမျှလည်း သူတို့နှစ်ယောက်နဲ့ပဲ ဒေါသဖြစ်ရတာ သူတို့အကြောင်းပဲပြောရမှာ. . . "

ဒေါ်ဒေါ်နီတစ်ယောက် တောကိုပြန်သွားဖို့ ဆိုတဲ့အကြောင်း အရင်ဆုံးပြောပါတယ်။ ဒေါ်ဒေါ်နီတ ငြိမ်းချမ်းမြိုင်မှာ သူမရှိလည်း ဖြစ်နေပါပြီလို့ အန်ကယ်လ်ဇော်ကို ပြောသတဲ့။ အန်ကယ်လ်ဇော်ကလည်း မတားတော့ပဲ ငွေတော်တော်များများ ပေးလိုက်တယ်တဲ့လား။

" မာမိနဲ့ တစ်ချိန်လုံး အဆင်ပြေတဲ့ ဒေါ်ဒေါ်နီခမျာ အခုတော့ ပြန်ရတယ် သနားပါတယ် ကိုညိုရာ. . . "

" သူမနေချင်တော့လို့နေမှာပေါ့ "

" အင်းလေ ဒေါ်ဒေါ်နီကမှ ဟေမာ့ထက်စာ ကံကောင်းပါသေးတယ်. . . သူမနေချင်ရင် ပြန်သွားစရာနေရာ ရှိသေးတယ်. . . ဟေမာ့မှာဖြင့် အိမ်မှာစိတ်ညစ်လည်း သွားစရာကမရှိ





ကိုညိုကလည်း အရင်လို တိုင်ပင်မရနဲ့. . . "

ဟေမာတစ်ယောက် အတွေးတွေ လွဲချော်နေပါလား။

တကယ်ဆို ယဉ်စစတို့တွေအပေါ် မကြည်လင်တာက အရေးမကြီးပါဘူး။ အိမ်မှာမနေချင်လည်း အလုပ်လုပ်ပေါ့။ အလုပ်တစ်ခုခုရှိနေရင် စိတ်က တစ်ချိန်လုံး ယဉ်စစတို့အပေါ် အကျေလည်ခြင်းတွေ မရှိတော့ပဲ အလုပ်ထဲ စိတ်ရောက်လာမှာ ပေါ့လေ။

" နင် အလုပ်တစ်ခုခုလုပ်သင့်တယ် ဟေမာ "

" ကိုညို. . . နောက်ဆုံးဒီဘူတာမှာပဲ မဆိုက်နဲ့ ကိုညိုလည်း အဖေတူသားဖြစ်လာပြီ. . . ဟေမာ အလုပ်မလုပ် ချင်ပါဘူး ပြောပြီးပြီ. . . "

" ငါတို့သူငယ်ချင်းတော်တော်များများဟာ ကိုယ့်ဝါသနာအရဖြစ်စေ သင့်တော်ရာဖြစ်စေ အလုပ်တွေ အားလုံးလုပ်ကုန်ကြပြီ ဟေမာတို့ ဇီဇဝါတို့လောက်ပဲ ကျန်တာ ငွေရှိကာမှရှိ အလုပ်ကအလုပ်ပဲ. . . "

ဟေမာ ငြိမ်သက်နေပြီ။

တစ်သက်လုံးပေါင်းလာတဲ့သူငယ်ချင်းပဲ။

ခုလို စကားမပြောပဲ တိတ်ဆိတ်သွားတာဟာ သိပ်စိတ်ဆိုးနေပြီဆိုတာ သိတာပေါ့. . .။

" ကိုညိုနဲ့တွေ့လို့ ပျော်ရမလားမှတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလာလည်း အလုပ်အလုပ်နဲ့ ရှင်တို့သိပ်မက်နေတဲ့ အလုပ်မှာ ဟေမာ မပျော်ဘူး မလုပ်နိုင်ဘူး ကိုညို. . . ”

“ ငါက စေတနာနဲ့ပြောတာ နင်မလုပ်နိုင်ဘူးဆိုတော့လည်း မတတ်နိုင်ဘူးပေါ့လေ. . . အခုဘယ်သွားမှာလဲ ”

“ ဘယ်သွားသွား. . . သွားချင်ရာပဲ လမ်းရှိသရွေ့ လျှောက်မောင်းပစ်မယ်. . . ”

ဟေမာနှင့်ကတော့ ရွှေလျှောက် ပြောရခက်ခဲလိမ့်မည် ထင်ပါရဲ့။ ဒီလိုမျိုး ဟေမာနှင့် ရွှေမိုးညို အဆင်မပြေဖြစ်လာမည် မထင်ခဲ့ပါဘူး။ ဟေမာ့ကို ရွှေမိုးညိုက ခင်မင်စွာဖျောင်းဖျလျှင် ရလိမ့်မည်လို့ထင်ထားခဲ့တာပါ။ ခုတော့ ဟေမာက ပြောမရ ပါလား။

သူလည်း လမ်းရှိသရွေ့ မောင်းမယ်ဆို မောင်းပါစေ။ ရွှေမိုးညိုလည်း အေးဆေးစွာနေလိုက်ရုံပေါ့။

“ ကိုညို. . . ”

မထူးပါဘူး။

ငြိမ်သက်စွာပဲ မျက်ဝန်းစုံမှိတ် အိပ်နေလိုက်တယ်။

နင့်ဘာသာ မောင်းချင်ရာမောင်း မြန်ချင်သလောက် မြန်ပဲ။ ပြောမရတဲ့ လူကို ပြောနေရတာ မောပါတယ်။

“ ကိုညို စိတ်ဆိုးနေတာလား ”

“ ဘာဆိုးစရာရှိလဲ ငါကစေတနာနဲ့နင့်အတွက်





ပြောတာ နင်လက်မခံတာက နင့်အပိုင်းပဲလေ. . . ငါ့အမြင် မှာ နင့်မှာ အလုပ်မယ်မယ်ရရမရှိဘူး ဒါကြောင့် စိတ်လွှင့်ရှား နေတယ် ဘယ်သူမှ အကောင်းမမြင်ဘူး. . . ”

“ အကောင်းမြင်ပါတယ် မမြင်တာက ဟိုနှစ်ယောက် ပဲပါ ”

“ ဒါလည်း မြင်သင့်တာမြင်ရမှာပေါ့ သူတို့မှာလည်း ကောင်းတာလေးတွေ မရှိဘူးလို့ ပြောနိုင်သလား. . . ”

“ ရှိလည်းရှိရှိပေါ့ ပြောမနေနဲ့. . . ”

ဟေမာနှင့် ခင်မင်ခဲ့သမျှ အတော်စိတ်ပျက်ဖွယ် ကောင်းပါလားလို့ တွေးမိပြီ။ ငါမှန်တယ်လို့ တစ်ဘက်သက် ထွေးဆလွန်းတဲ့ ဟေမာ့အတွေးတွေက စိတ်ပျက်ဖွယ်ပါပဲ။

✧ ✧ ✧ ✧ ✧

“ အန်ကယ်လ် ”

ဒက်ဒီလို့မခေါ်ချင်တာမို့ ခုတော့ အန်ကယ်လ်ပဲ ခေါ်လိုက်တာ။

မေမေက မခေါ်ရဘူး ဘယ်လိုပြောပြော ယဉ်စီ မခေါ် တော့ပါဘူး။ ခုလည်း ဒီလိုခေါ်ရမလား မေမေ မျက်စောင်းထိုး ခံတာ ယဉ်စမြင်တာပေါ့. . .။ ထမင်းဝိုင်းမှာ ဟေမာမြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ မရှိတာပါ။ မရှိတာလည်း ကောင်းပါတယ်
ယဉ်စမို့ စကားပြောရင် မထေမဲ့မြင် နေတတ်တာ သိပ်အသည်
ယားစရာ ကောင်းတာပါပဲ။

" ဘာလဲသမီး ပြောလေ "

" ငြိမ်းချမ်းကို ချော့ပြီး ခြံထဲခေါ်ချင်တယ် ခေါ်ရမလာ
ဖာင်. . . "

" ခြံထဲကို. . . ကောင်းတာပေါ့. . . ခေါ်လို့ရမယ်
ခေါ်ပါ. . . "

" ငြိမ်းချမ်းအတွက် ဝိုးလ်ချဲလ်လေးတစ်ခုလော
လုပ်ပေးပါလား ပြီးတော့ အပေါ်ထပ်မှာ ငြိမ်းချမ်းနေမယ့်အစာ
အောက်ထပ်ခြေရင်းဘက်က အခန်းကျယ်ကြီးမှာ ငြိမ်းချမ်း
ယဉ်စု ပြောင်းနေချင်ပါတယ်. . . ငြိမ်းချမ်းနဲ့အတူ တစ်ခ
တည်းနေရင် ယဉ်စတို့ ပိုပြီး ခင်မင်လာနိုင်ပါတယ် "

" ကျေးဇူးတင်ပါတယ် ယဉ်စရယ် သမီးငယ်လေ
အတွက် ဘယ်လိုအဖော်ကောင်းကိုမှ ဒက်ဒီ မရှာပေးနိုင်ခဲ့ဘူ
အခု ယဉ်စနဲ့ကျမှ. . . ငြိမ်းချမ်း ကံကောင်းလာပြီ ထင်ပါရဲ့

မေမေကတော့ အောက်ထပ်မှာ ပုပုနဲ့ နုနုတို့
နေကြတာ ငြိမ်းချမ်းနဲ့ယဉ်စ ဆင်းနေကြမည်ဆိုတာ နှစ်သက်မှု
မဟုတ်။ ဘီးတပ်ကုလားထိုင်လေး တွန်းပြီး ခြံထဲ ဟိုသည်
သွားလာဖို့ဆိုရင် တိုက်အပေါ်ထပ်ကြီးမှာ နေလို့မကောင်း။





" သား စီစဉ်ပေးလိုက်ပါမယ် ဒက်ဒီ "

" အေး. . . ကောင်းတာပေါ့ကွာ. . . "

ကိုမင်းသန့်က စကားအပိုသိပ်မပြောပေမယ့်
တ်သဘောတော့ မဆိုးလှပါဘူး။ ဟောမာမြို့င့်ထက်တော့
တ်ဆံရေးကောင်းပါတယ်။

ထမင်းစားပြီး ငြိမ်းချမ်းအခန်းကိုပဲ အရင်လာခဲ့
ယ်လေ။

" ငြိမ်းချမ်း. . . အစ်မယဉ်စနဲ့အတူ အောက်ထပ်
န်းမှာ ပြောင်းနေကြမယ်နော်. . . "

ဆတ်ခနဲခေါင်းညိတ်ပါတယ်။ ကျေနပ်သွားပြီ။

တစ်စတစ်စနှင့်တော့ ငြိမ်းချမ်းဟာ ပုံမှန်စိတ်ဓာတ်တွေ
န်လည်ရရှိပြီး လန်းဆန်းလာရမယ့် ပန်းကလေးတစ်ပွင့်
စ်စေရမယ်။ ငြိမ်းချမ်းက အပြင်ကို ငေးကြည့်နေပါလား။
တင်းမှနေ မိုးတွေရွာနေတာကို မြင်နေရတာကိုး။

" မိုးရွာနေတယ်လေ ငြိမ်းချမ်းရဲ့. . . မိုးတွေကို
ကြည့်မလား. . . "

ခေါင်းညိတ်ပြန်တယ်။

ကြည့်မလားလို့ လွယ်လွယ်ပြောမိပေမယ့် အဲဒီ
တင်းထိရောက်အောင် ဘယ်လိုခေါ်သွားမလဲ။

" ငြိမ်းချမ်းကို အစ်မ ချီသွားမယ်လေ. . . "



www.burmeseclassic.com

www.burmeseclassic.com



အဲလိုပြောတော့ ခေါင်းခါပြန်ပါတယ်။

" ဘာလို့လဲ ငြိမ်းချမ်းရဲ့. . . "

တွင်တွင်သာခေါင်းခါနေပါရော။

ဘာလို့လဲ. . . ။

" ဟိုနှစ်ယောက် ဘာတွေပြောနေတာလဲ "

" ကိုမင်းသန့်. . . "

ကိုမင်းသန့်က ငြိမ်းချမ်းရဲ့ ကုတင်နားမှာလာရပ်တ အခါမှာ လက်ကမ်းပေးလိုက်တဲ့ အပြုအမူဟာ ယဉ်စ နှစ်ယောက်အတွက်တော့ ထူးဆန်းအံ့သြဖွယ်ကောင်း နေတာ ပါပဲ။ ကိုမင်းသန့်ကို ခုလိုမျိုး တစ်ခါမှမပြုမူပါဘူး။ ကိုမင်းသန့်ထ နားမလည်စွာ ငြိမ်းချမ်းရဲ့ ကမ်းလာသော လက်ကလေး ဆွဲယူပြီး ရင်ခွင်မှာပွေ့တဲ့အခါမှာ. . . ။

" ကိုကို. . . ချီပါ "

" ကိုကို ချီရမယ်. . . ဟာ. သိပ်ချီတာပေါ့ ညီမလေး ဘယ်သွားချင်လို့လဲ. . . "

" မိုး. . . "

" ဪ ယဉ်စက ငြိမ်းချမ်း မိုးရေတွေကြည့်မလား ကြည့်မယ်တဲ့ ယဉ်စချီမယ်ဆို ခေါင်းခါပြီး ကိုမင်းသန့်ကို ချီခိုင်းတာပါလား. . . "

ကိုမင်းသန့်အတွက်တော့ ငြိမ်းချမ်းကို ‌ဆွေ့ခ



လွယ်လေးပွေ့ချီလိုက်တာပါပဲ။ ပြတင်းဆီလျှောက်သွား တဲ့အခါ ယဉ်စပါ လိုက်လာခဲ့တယ်လေ. . . ။ ပြတင်း ခါးကို ဖွင့်ထားလို့ ခြံထဲကို မြင်နေရတယ်။

ရွာနိုင်လွန်းတဲ့မိုး။

ဖြူဖွေးနေအောင်ရွာပါတယ်။

ငြိမ်းချမ်းက မိုးတွေကို တွေတွေငေးငေးကြည့် နေပါလား။

မိုးသိပ်ရွာတဲ့အခါမှာ မိုးမိ၍ ဖျားနေသော ရွှေမိုးညို ဆိုတဲ့လူကို. . .

အို. . . ဘာမှအမှတ်ရစရာမရှိပါပဲနဲ့. . . ။ ယဉ်စ တ်မှာ ဘယ်လိုမှရောက်လာစရာအကြောင်းမရှိတဲ့လူပါ။ ရွှာတာတွေလို့ တိုက်ဆိုင်စွာ သတိတရဖြစ်ရုံနေမှာပါလေ။

" ယဉ်စကို ဒတ်ဒီသိပ်ကျေးဇူးဆင်သလို ကျွန်တော် လည်း ကျေးဇူးတင်ပါတယ်. . . ငြိမ်းချမ်းကို ကျွန်တော်တို့ ချစ်သာချစ်တာ မချစ်တတ်ခဲ့ကြဘူး. . . ခုလိုမျိုး လောကကြီးထဲ ပြန်ရောက်အောင်ခေါ်ဖို့လည်း အားကြိုးမာန်တက် မရှိခဲ့ဘူး "

ငြိမ်းချမ်းက ဖျတ်ခနဲဆို ပြတင်းကနေ လက်ကို မ်းထုတ်ပြီး ရေစက်တွေဆီ မိဖို့ကြိုးစားတယ်။

" အဲလိုမလုပ်ရဘူးလေ ငြိမ်းချမ်းရဲ့. . . မိုးမိရင် နေမကောင်းဖြစ်မယ်. . . မိုးတိတ်သွားရင် အစ်မယဉ်စတို့ ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လည်ကြမှာပေါ့. . . ”

“ ခြံထဲ. . . ”

“ အင်း. . . သွားမယ်မဟုတ်လား ”

“ သွားမယ်. . . ”

ငြိမ်းချမ်းကစကားကို နှစ်လုံးလောက်တော့ ပြော
တယ်။ ဒါပေမယ့် မပြောချင်ပြန်ရင် ခေါင်းညိတ်ခေါင်း
နေပြန်ပါရော။ အန်ကယ်လ်ဦးဇော်သင်းလှိုင်ကို ဒက်ဒီလို့
ခေါ်တဲ့နေ့က အန်ကယ်လ်မျက်ရည်ကျတာ ယဉ်စမြင်ရပါတယ်
ဒက်ဒီ ကိုကိုလို့ ပြန်ခေါ်ခဲ့ပေမယ့် ဟေမာ့ကိုမြင်ရင်တော့ မမလို့
မခေါ်ပြန်ပါဘူး။ ကြည့်ပဲကြည့်နေတော့တာ။

“ ယဉ်စစက ကြင်နာတတ်တယ် လူတစ်ယောက်မှာ
လိုအပ်တဲ့ လေးစားထိုက်တဲ့ အရည်အချင်းပါပဲ. . . ”

“ မမြှောက်ပါနဲ့. . . ”

“ တကယ်ပါ. . . ”

“ ဟိုမှာကြည့် ငြိမ်းချမ်း. . . မိုးရွာထဲမှာ ငှက်ကလေး
နှစ်ကောင် ပျံသွားတယ် ပျော်စရာကြီးနော်. . . နေကောင်း
အောင် ကြိုးစားသိလား အစ်မတို့မိုးရွာထဲ လျှောက်ပြေးကြမယ်

ငြိမ်းချမ်း ပြုံးလိုက်တာကို ဖျတ်ခနဲ မြင်ရပေမယ့်
ပထမဆုံးတွေ့ရသော အပြုံးမို့ ယဉ်စ နှစ်သက်အံ့ဩစွာ
ကြည့်မိဆဲ. . .။





ယဉ်စ ပျော်ပါတယ်. . .

အိပ်ရာပေါ်မှာပဲနေရတဲ့ ငြိမ်းချမ်းဘဝကို မရရအောင်
လောကကြီးထဲအရောက် ပြန်ခေါ်မယ်။

✧ ✧ ✧ ✧ ✧

နီနီနဲ့ သူမသူငယ်ချင်း သော်တာအောင့်ကို
ာပြပေးနေမိတယ်။ အပြင်မှာ မိုးကရွာလာပြန်ပါရော။
အိမ်မှာတော့ ငြိမ်းချမ်း တစ်ယောက်တည်းလားမသိ။
ဟူနှင့်အတူရှိနေမှာပါလေ။ အချိန်ကာလအနည်းငယ်အတွင်း
ငြိမ်းချမ်းအပေါ် တွယ်တာနေမိပြီ ထင်ပါရဲ့။ ငြိမ်းချမ်းကလည်း
ယဉ်စကို တွယ်တာနေတယ်ဆိုတာ သိသာပါတယ်။

“ မမနီ မဖနီ ”

“ သြော် ပူစူးရယ်. . . ရေးကြီးသုတ်ပျာ ဘာဖြစ်လာလဲ
ဆိုင်ထဲမှာ ဘယ်သူရှိလဲ ”

“ အန်တီကြီးလေ အန်တီကြီး ဈေးဝယ်နေရင်းက
ဆန်းဆို လဲကျသွားတယ်. . . ဆိုင်ထဲမှာ. . . လုပ်ပါဦး. . . ”

“ ဟင် ”

နီနီ၊ သော်တာအောင်နှင့် ယဉ်စတို့ ဆိုင်ထဲ ပြေးဝင်
ခဲ့ကြပါတယ်။ ကြမ်းပြင်ပေါ်မှာ အန်တီကြီး ခွေခွေလေး



www.burmeseclassic.com

www.burmeseclassic.com



လဲနေပါလား. . .။ ယဥ်စတို့ ပြေးပွေ့ကြရတယ်။

" သော်တာ ကားငှားချေ. . . "

" ဟုတ်ကဲ့ အစ်မ "

" ပူးစူး ဆိုင်စောင့်နေ. . . နီနီကတော့ ယဥ်စနဲ့လိုက် ဆေးရုံပို့ရမယ်. . . သော်တာပြန်လာရင် ရွှေမိုးညိုကိုသွားခေါ် ဆေးရုံကိုလိုက်ခဲ့ပါလို့. . . "

နီနီအေးနှင့်နှစ်ယောက် ဆေးရုံသွားကြရတယ်။

သော်တာအောင်ကတော့ ရွှေမိုးညိုကို သွားရှာနို မှာပါလေ။

" အစ်မယဥ်စရှိပေလို့ ကျွန်မတို့ချည်းသာဆို ဘယ်လို စီစဥ်တတ်မှာမဟုတ်ဘူး. . . ဒီနေ့မှ မမဝါက ပစ္စည်းသွ ဝယ်တယ်. . . "

" အစ်မလည်း ဘာလုပ်ရ[မှ]န်းမသိပါဘူး. . . တစ်ခု ဖြစ်သွားမှာ စိုးလို့သာ. . . "

ဆေးရုံရောက်တော့ စမ်းသပ်စစ်ဆေးပြီးတာနဲ့ ဆေးရုံတင်ဖို့ ပြင်ဆင်ရပါတယ်။ လေဖြတ်သွားတယ်လို့ သိရ အရေးပေါ်ခန်းထဲ ရောက်သွားပါတယ်။ နီနီအေးနှင့် ယဥ်စ ထိုင်စောင့်နေချိန်ထိ ရွှေမိုးညိုတို့ ရောက်မလာ။

" နီနီ. . . ပြန်ချေတော့. . . အစ်မစောင့်နေမယ်

" ဖြစ်ပါ့မလား "





" ဖြစ်ပါတယ်. . . နီနီရှိနေလည်း ဘာထဲဝင်လို့ရတာမှ မဟုတ်တာ. . . ရွှေမိုးညိုတို့သားအဖနဲ့ သော်တာဆက်သွယ်လို့ ရပါ့မလား မင်းပြန်ပြီး ကြိုးစားပေးပါ "

နီနီ့ကိုလည်း ပြန်လွှတ်လိုက်ပါတယ်။ ထိုင်စောင့်နေရုံ အခြေအနေပဲလေ။ အန်တီကြီးကို ရွှေမိုးညိုရဲ့ အမေ့အဖြစ် သိတဲ့အခါမှာသာ တစ်ခါပဲ မြင်ဖူးတာပါ။ ဒါပေမယ့် ခုလို ဖြစ်သွားတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ဘယ်လိုအဖြေထွက် လာမလဲဆိုတာကို ကြောင့်ကြပူပင်ဖြစ်ရပြန်ပါရော။

" ယဥ်စစ "

" အမလေး. . . ရွှေမိုးညို. . . တော်ပါသေးရဲ့ နှင်မလာသေးလို့. . . စိတ်မောလိုက်ရတာ. . . "

" ယဥ်စစ. . . ဒါ ဖေဖေလေ ကျွန်တော့်ဖေဖေ "

" ဟုတ်ကဲ့. . . "

ရွှေမိုးညိုအဖေတဲ့။

ယဥ်စဖေဖေလိုပါပဲလား။ အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်း ဝဝဖြိုးဖြိုး အသားညိုညိုပုံစံဟာ ယဥ်စဖေဖေနှင့် ဆင်တူလိုက်တာ။ ရွှေမိုးညိုဖေဖေကို မြင်ရတာ ဖေဖေ့ကို သတိရမိပါရော. . .။

" ဆရာဝန်ဆီ ဖေဖေခဏသွားတွေ့ဦးမယ် သားတို့ ခဏလောက် ဒီမှာနေခဲ့ကြဦး. . . "



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးညိုတို့လည်း ရောက်လာပြီ။

ယဉ်စပြန်လို့တော့ ရပါပြီလေ။

အခြေအနေလေး ခဏစောင့်ကြည့်ပြီးရင် ယဉ် ပြန်တော့မည်။

" နီနီနဲ့တွေ့ပြီးပါပြီ. . . ကျေးဇူးတင်လိုက်တာ ယဉ်စရယ် "

" ရပါတယ်. . . အန်တီကြီးနဲ့လည်း ယဉ်စ ခင်နေတ ပဲဟာ. . . ကူညီရမှာပေါ့. . . "

" ဖေဖေ ဆရာဝန်က ဘာပြောလဲဟင်. . . "

" ဆေးရုံကို နည်းနည်းလေးစောရောက်တာ မှန်သွ တယ် မဟုတ်ရင် လေဖြတ်သွားနိုင်တယ်တဲ့. . . အခုတေ စိတ်ချရပါပြီ ဒီတစ်ညတော့ စောင့်ကြည့်ရဦးမယ်လို့ ပြောတ ဖေဖေတို့ စောင့်ကြတာပေါ့. . . "

" အန်တီကြီး စိတ်ချရပြီဆို ယဉ်စပြန်တော့မယ် "

" ဟုတ်တာပဲ သမီးပြန်ရဦးမှာပေါ့ သားလိုက် ပေးလိုက် "

" နေပါစေ ဦး. . . ယဉ်စဘာသာပြန်ပါ့မယ် "

" မဟုတ်ဘူး မိုးညိုပြန်ပို့ပေး ဖေဖေစောင့်မယ်. . . "

" သွားကြမယ်လေ ယဉ်စ. . . "

ရွှေမိုးညိုက ကားရှေ့ခန်းတံခါးဖွင့်ပေးတယ်။ အ





ယှဉ်တွဲပြန်လာတာများ ဟောမာမြင်ရင်. . .။ ရွှေမိုးညိုဆိုတဲ့ လူကို ဒီလိုရင်းနှီးကျွမ်းဝင်မိမည် မစဉ်းစားခဲ့ပါဘူး။ မမျှော်လင့်ပဲ ခုလိုဖြစ်ရတာကလည်း လူ့မှုရေးလေ. . .။ နေမကောင်းတဲ့ လူတစ်ယောက်ကို အန်တီကြီးမဟုတ်လည်း ယဉ်စ ပစ်မထား ရက်ပါဘူး။

" ယဉ်စစ "

" ပြောလေ "

" နီနီတို့ကို စာပြနေတာဆို. . . မေမေ့အတွက် ကူညီ တာလည်း အရမ်းကျေးဇူးတင်ပါတယ်။ ရှေ့လျှောက် ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတွေဖြစ်နိုင်မလား "

" မဖြစ်နိုင်ပါဘူး "

" ဗျာ. . . ဘာလို့လဲ "

" ရှင်နဲ့ယဉ်စ သူငယ်ချင်းတွေဖြစ်သွားရင် ငယ်သူငယ်ချင်းဟောမာ သေသွားနိုင်တယ် "

" ဘာဆိုင်လဲ "

" ဆိုင်မဆိုင် ရှင်အသိဆုံး "

ဒါတော့ ဟုတ်တယ်လို့ ရှင်သိမှာပါ. . .။ ရွှေမိုးညို ကြိုက သူငယ်ချင်းဆိုတဲ့ ခင်မင်မှုကိုပါ ယဉ်စရသွားရင် ဟောမာ ယ်လောက် ဒေါသတွေဖြစ်သွားလေမလဲ. . .။

" ဘာဖြစ်ဖြစ်ဗျာ သူလည်းသူငယ်ချင်းပဲ ယဉ်စစလည်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပဲ ”

“ အေးအေးနေပါလား ရွှေမိုးညိုရယ် ရှင်တ
ပူညံပူညံဖြစ်လာနိုင်တာတွေကိုမှ ရှာချင်တာလား ”

“ ဘာပြောပြော ပြောချင်တာပြော ယဉ်စက ကျွန်တေ
သူငယ်ချင်းပဲ ”

“ ဖွတ်ကြီးပါလား နောက်မှယဉ်စကို သူငယ်ချင
ဖြစ်ရတာ ဟေမာနဲ့ စကားများရတယ်ဆို ရှင့်ပြဿနာ ရှ
ရှင်းရမှာနော် ”

“ ရတယ်. . . ”

“ ရှင်က ကိုယ့်ပြဿနာ ကိုယ်ရှာချင်နေတာပါလာ
ကြည့်ရသေးတာပေါ့ နောက်တော့မှ ဟေမာ့ရှေ့ကျ မခေါ်ပ
စေနဲ့ မပြောကြေး ”

“ ဘယ်တော့မှ မပြောဘူး. . . ”

ယဉ်စကတော့ ကြိုမြင်နေပါတယ်။

ရှင်နဲ့ဟေမာ့မြိုင်ရဲ့. . . လာလတ္တံ့သော ရန်
ကလေးတွေအကြောင်းပေါ့။

✧ ✧ ✧ ✧ ✧





“ မေမေရယ် ဝမ်းသာလိုက်တာ ဆေးရုံအရောက်မြန်ပြီး ဆေးဦးသွားလို့ ယဉ်စတို့ နီနီအေးတို့ကို ကျေးဇူးတင်လိုက်တာ”

မေမေ သတိရလာပါပြီ။

လေမဖြတ်သွားပေမယ့် ဆေးရုံပေါ်မှာနေရဦးမတဲ့။

ယဉ်စတို့ကို ကျေးဇူးတင်စရာကောင်းပါတယ်။ ဖေဖေကတောင်မှ ကလေးမလေးတွေရဲ့ ဆုံးဖြတ်မှုမှန်လို့ပေါ့လို့ ပြောပါတယ်။ မေမေသာအိပ်ရာပေါ် ပုံးပုံးလဲဖြဲ့ လူမမာဖြစ်ခဲ့ရင် ရွှေမိုးညိုတို့သားအဖ စိတ်လည်းထိခိုက်ရမယ်။ ပြုစုဖို့လည်း သိအပ်လာကြမှာပေါ့. . .။

“ ယဉ်စတို့ကို သားသွားပြောချေဦး သူတို့လည်း စိတ်ပူနေမှာပေါ့ ”

“ ဟုတ်ကဲ့ပါ ဖေဖေ. . . ”

ငြိမ်းချမ်းမြိုင်ကိုလာခဲ့ပါတယ်။ ဆင်ဝင်ရှေ့ ကားရပ်လိုက်တဲ့အချိန်မှာ. . . ရွှေမိုးညိုတစ်ခါမှ မမြင်ဖူးခဲ့သော မြင်ကွင်းမို့ အံ့ဩလွန်းစွာ ကြည့်မိပါပြီ။

ငြိမ်းချမ်းက ဘီးတပ်ကုလားထိုင်ပေါ်မှာပါလား။ အနားမှာ ယဉ်စနှင့်ကိုမင်းသန့်ရှိနေပါတယ်။ ကိုမင်းသန့်က ဘာပြောလိုက်သည် မကြားရ ယဉ်စက ကိုမင်းသန့်ကို လက်ထဲမှာရှိနေသည့် ဂမုန်ယ်ပန်းတွေနှင့်လှမ်းပေါက်လိုက်တာ တွေ့ရပါတယ်။ စံပယ်ပွင့်တွေက ငြိမ်းချမ်းကိုယ်ပေါ် ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျကုန်တဲ့အခါ ငြိမ်းချမ်း လက်နှစ်ဖက်မြှောက်ပြီ
ရယ်နေတော့တာပါလား။

မြင်ကွင်းလေးက ကြည်နူးစရာကောင်းပါလျက်. . .

ရွှေမိုးညိုမျက်ဝန်းမှာ အနှောက်အယှက်တစ်ခု
ဖြစ်နေပါရောလား။

" ယဉ်စစ "

" ဩော် ရွှေမိုးညို "

" မိုးညိုပါလား. . . ဟေမာရော. . . "

" မသိဘူးကိုမင်းမင်း ကျွန်တော်က မေမေ ဆေးရုံတ
နေရလို့ ဆေးရုံကလာတာ. . . ငြိမ်းချမ်းက ခြံထဲဆ
နေပြီလား "

" ရွှေမိုးညိုမေမေ ဆေးရုံတက်နေရတာလား ဟေမာ
ပြောတောင်မပြောဘူး "

" ဟေမာ မသိပါဘူး ကိုမင်းမင်း. . . မေမေ
ဖေဖေဟ ကျေးဇူးတင်ပါတယ်ဆိုတာ ယဉ်စကို ပြောချေပါဆို
ဆေးရုံအမီရောက်လို့ လေဖြတ်မသွားတာတဲ့. . . ဖေဖေ
မေမေပါ ယဉ်စတို့နီနီတို့ကို အရမ်းကျေးဇူးတင်နေ
သွားပြောပေးပါဆိုလို့. . . "

" အန်တီကြီး သတိရပြီလား. . . လေမဖြတ်ဘူး
ဝမ်းသာပါတယ် ယဉ်စ ဆေးရုံကိုလာခဲ့ပါဦးမယ် မဆ





သေးဘူး မဟုတ်လား. . . "

" မဆင်းရသေးပါဘူး. . . "

" မိုးညို အိမ်ထဲဝင်ဦးလေ "

" မဝင်တော့ဘူး ကိုမင်းမင်းပြန်တော့မှာ. . .
မ်းချမ်းနေကောင်းနေပြီပဲ. . . နောက်တစ်ခါလာမှ ကိုကြီး
ညို အရုပ်ဝယ်လာမယ်နော်. . . "

ငြိမ်းချမ်းပါးလေးကို လိမ်ဆွဲပြီး နှုတ်ဆက်ပြန်ခဲ့ပါတယ်။
ဉ်စရယ်. . . တကယ်ဆို ကိုမင်းမင်းနှင့် ယဉ်စကို ဘာလို့အတူ
ဉ်တွဲမြင်ရတာလဲ. . .။ ဒီမြင်ကွင်းဟာ ရွှေမိုးညိုစိတ်ကို
နှောက်အယှက်ကြီးမားစွာ ဖြစ်စေတာပါလား. . .။

ငြိမ်းချမ်းလေး အခြေအနေ အများကြီးတိုးတက်လာတဲ့
ပေါ်မှာတော့ ရွှေမိုးညို ဝမ်းသာပါတယ်. . .။ ဒါပေမယ့်
ဉ်စကို ခုလိုမျိုး ကိုမင်းမင်းနှင့်. . .။

ငါနှယ်နော်။

ဘယ်လိုဖြစ်ပြီး မကျေလည်ခြင်းတွေဟာ ရင်မှာ
အခံတစ်ခုလို ရှိနေရတာပါလိမ့်။

ကိုမင်းမင်းနှင့်ယဉ်စ မခင်ရဘူးဗျာ။

ဒီတစ်ခါတွေ့ရင် သည်သို့ပြောထားရမည်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးတင်ပါတယ် သမီးရယ်. . . သမီးတို့ပေးတဲ့ အသက်ပဲရှိတာပါ "

" အဲလိုမျိုးမပြောပါနဲ့ အန်တီကြီးရယ် ယဉ်စတို့ အန်တီကြီးကိုခင်တာပဲဟာ အန်တီကြီး ဘာမှမဖြစ်တာ ဝမ်းသာလှပါပြီ "

ဝါဝါနှင့်နှစ်ယောက် ရွှေမိုးညိုမမေကို ဆေးရုံ လာမေးကြတယ်လေ။ အန်တီကြီးနေကောင်းပြီး ဆေးရုံ ဆင်းမှ အိမ်မှာထမင်းစားဖိတ်ကျွေးရမယ်လို့ အန်ကယ်လ်ကြီး ပြောသေးတယ်။

" အန်တီကြီးကို ဘယ်သူမှ မစောင့်ဘူးလား "

" သား စောင့်နေတာပါ ခုနကမှ ဆေးဝယ်စရာ ရှိ အောက်ထပ်ဆင်းသွားတယ် ပြန်လာမှာပါကွယ်. . . "

ခဏနေတော့ ရွှေမိုးညိုဝင်လာပါပြီ။

ဝါဝါတို့ယဉ်စတို့ပါလားလို့ လှမ်းနှုတ်ဆက်ပါတယ် ဒီအချိန်မှာ နောက်ထပ်ရောက်လာတဲ့ ညှို့သည်ဟာ ယဉ် စိတ်ကို များစွာ အနှောက်အယှက်တွေပေးတော့တာပါပဲ။

" အန်တီ. . . ကိုညိုနေနိုင်တယ်သိလား အန် နေမကောင်းတာ ဟေမာ့ကို မပြောဘူး. . . ကိုကိုပြော သိရတာ. . . "

ဟေမာက အန်တီကြီးလက်ကလေးကိုဆွဲပြီး ပြောရ



ဉ်စကကိုမြင်တော့ ချက်ချင်း မျက်နှာပြောင်းသွားတယ်။ ဟေမာရောက်လာရင်တော့ ယဉ်စမနေချင်တော့ပါဘူး ပြန်ချင်ပြီလေ။

" ပြန်မှပဲဝါဝါ. . . ယဉ်စတို့ ရောက်တာကြာပြီ "

ဝါဝါကို တိုးတိုး သတိပေးလိုက်တယ်။

" သမီးတို့ပြန်တော့မလို့လား သားကိုပို့ခိုင်းမယ် "

" နေပါစေ အန်တီကြီး. . . ဝါတို့ကားငှားပြန်မှာပါ "

" မဟုတ်တာ. . . သား ပြန်ပို့ပေးလိုက်ပါ. . . "

" ဟုတ်ကဲ့မေမေ. . . ဟေမာ နင်ခဏနေဦးမှာ ဟုတ်လား "

" မနေဘူး "

" နောက်မနေနဲ့. . . လာ ဝါဝါ လာ ယဉ်စ. . . "

ရွှေမိုးညိုကတော့ ဟေမာ့စိတ်ကို မသိပဲ နေမှာမဟုတ်။ ကိုယ်စဉ်ကတည်းက ခင်မင်ခဲ့တဲ့ သူငယ်ချင်းတွေဆိုတော့ ဟေမာရဲ့ မကြည်လင်သော မျက်နှာဟာ ဘာမှမသိစရာ ပါဘူး။

" ရွှေမိုးညိုနေခဲ့ဖို့ကောင်းတယ် ဟေမာရောက်နေပြီ ကြာ ရှင် ယဉ်စတို့နဲ့ လိုက်လာရကောင်းလား မြဲသနာ နေပါမယ်"

" ဘာမြဲသနာဖြစ်စရာရှိလဲ သူနဲ့ကျွန်တော် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ယဉ်စတို့လည်း သူငယ်ချင်းပဲ. . . ပြီးတော့ ယဉ်စတို့ ဝါဝါတို့ကို ကျေးဇူးတင်နေတာ ”

“ ရပါတယ် မိုးညိုရယ်. . . ဝါတို့ကမိတ်ဆွေတွေပဲဟာ ကူညီထိုက်လို့ကူညီတာ ဘာမှ ကျေးဇူးတင်မနေနဲ့ ”

“ ယဉ်စဘယ်ပြန်မလဲ ဝါဝါတို့အိမ်လား ”

“ ဟုတ်တယ်. . . ”

ရွှေမိုးညိုက ဝါတို့အိမ်ရောက်သည်ထိ လိုက်ပို့ ပေးပါတယ်။

“ ယဉ်စ ”

“ ဘာလဲ. . . ”

“ ဟေမာလည်းသူငယ်ချင်းပါပဲ ယဉ်စလည်း သူငယ်ချင်းပါပဲ. . . ဒါပေမယ့် ပြောစရာရှိတယ် ”

ဝါဝါက ရယ်ပြီးထွက်သွားပြီ။

ဘာသူငယ်ချင်းလဲ။

သိပ်ခင်ချင်မနေနဲ့ ဟေမာ့မျက်နှာထားကြည့်ကြည့် ယဉ်စစိတ်ပျက်လွန်းလို့ပါ။

“ ယဉ်စ. . . ကိုမင်းမင်းနဲ့ အရမ်းမခင်ပါနဲ့ ကျွန်တော် စိတ်မကောင်းသလိုပါပဲ ”

“ အံမယ် ဘာဆိုင်လဲ. . . ကိုမင်းသန့်က ခင်စရာ ကောင်းတယ် နားလည်မှုရှိတယ် ဂျင့်ရဲ့ဟေမာ့စိတ်မာတာ



ခြားစိပဲ. . . ယဉ်စအပေါ်ကောင်းတဲ့လူကို ယဉ်စခင်ရမှာပဲ သွားမယ် ”

“ ယဉ်စရယ်. . . ”

ရွှေမိုးညိုတို့များ သူနှင့်တောင်သိပ်မခင်ရသေးဘူး။ ကိုမင်းသန့်နှင့် အရမ်းမခင်နဲ့ဆိုတာက လာသေး။ ဘယ်လိုမှန်းကို မသိပါဘူး။

“ ယဉ်စ. . . ”

“ ဟင် ဘာလဲဝါ ”

“ ငါတော့ မြင်ယောင်ပါသေးတယ်. . . နင်နဲ့ ဟေမာတော့ ကမ္ဘာ့ရန်ဖြစ်ကြလိမ့်မယ် ”

“ ဘာလို့လဲဝါရယ် ခုလည်းတည့်တာမဟုတ်ပါဘူး ယဉ်စကိုမြင်ရင် မျက်နှာဘယ်လိုပုံဖြစ်သွားတယ်ဆိုတာ မြင်တာပဲ. . . ရှေ့လျှောက်လည်း ခင်မင်လာမယ့်ပုံမရှိပါဘူး”

“ ပိုတောင်မရှိသေးတယ် ”

“ ပိုတောင်မရှိဘူး ဘာလို့လဲ ”

“ သူချစ်ချစ် ရွှေမိုးညိုရဲ့ စိတ်တွေက ရှင့်ဆီရောက် နေပြီ ဒေါ်ယဉ်စစရဲ့. . . ”

“ ဟာ မဟုတ်ပါဘူး ”

“ ဘာလို့မဟုတ်ရမှာလဲ ယဉ်စရယ် ဝါပြောမယ် ယုံစေရဘူး မိုးညိုကို ကြည့်ရတာ ယဉ်စကို စိတ်ဝင်စားနေပြီ



www.burmeseclassic.com

www.burmeseclassic.com



အရင်က သူဒီလိုမှ မဟုတ်တာ ဝါတို့နဲ့ ခင်မင်တာကြာ[illegible] သူ့ပုံစံကြည့် သိသာတယ်. . ."

" ဟေမာ့အပေါ်ထားတဲ့ သူ့သံယောဇဉ်က အရင်[illegible] ကြီးတာပါဝါ. . . ယဉ်စနဲ့က ခုမှတွေ့ကြတာ "

" သံယောဇဉ်က သံယောဇဉ်ပါပဲ. . . အချစ်[illegible] အချစ်လေ. . ."

ဝါဝါကတော့ အချစ်က အချစ်တဲ့။

အချစ်။

ရွှေမိုးညိုဆီမှာ ယဉ်စကို ချစ်တဲ့အချစ် ရှိသတဲ့လား[illegible] မဟုတ်နိုင်ပါဘူး။

ဟုတ်လည်း မဟုတ်ပါစေနဲ့။ ဝါကတော့ ဘာ[illegible] မဟုတ်ရမှာလဲ နောက်မှ ငါပြောတာ မှန်လိုက်တာ[illegible] လာမပြောနဲ့နော်တဲ့လေ။

" အဖေအမေနဲ့လည်း ခင်နေပြီဆိုတော့ ယဉ်စ[illegible] ရှေ့ဆက်တိုးလာမှာပါပဲ "

" ဟေမာနဲ့ ပတ်သက်ပြီး မိသားစုခင်ကြတာပါကွ[illegible] ရွှေမိုးညို အိမ်မှာထမင်းလာစားရင် ဟေမာဘယ်လော[illegible] ဂရုစိုက်တယ်ဆိုတာ ဝါ့ကိုပြချင်တယ်။ အန်ကယ်လ်[illegible] စိတ်မှာတောင်. . . ဟေမာနဲ့ ရွှေမိုးညိုကို ချစ်သူတွေ[illegible] မြင်ထားပုံပါ. . ."





" ဘယ်လိုမြင်မြင် သူတို့သူငယ်ချင်းပါလို့ မိုးညို [illegible]ပြောနေပြီပဲ "

" တော်ပါပြီဝါရယ် သူ့အကြောင်းမပြောကြပါစို့နဲ့ "

ဟေမာရဲ့ ပြုံးရွှင်လွန်းသော အပြုအမူတွေ။ တစ်ခါတစ်ခါ [illegible]မေ့ကိုပင် မကြားတကြားမခံချင်အောင် ပြောတတ်သော [illegible]တားတွေ။ ဒါတွေကို ယဉ်စဖြင့် စိတ်ပျက်လွန်းလို့ ဟေမာနှင့် [illegible]စ်မိုးတည်းအောက်နေပြီး မတွေ့ရအောင်နေခဲ့တယ်။ [illegible]ရှေ့လျှောက်လည်း မတွေ့ချင်ပါဘူး။ ရွှေမိုးညိုကသာ ယဉ်စကို [illegible]စ်ပါတယ်ဆိုရင် ဟေမာ့ဒေါသတွေ ဘယ်လောက်ထိကြီးမား [illegible]ါက်ကွဲလာမည်ဆိုတာ ယဉ်စ ကြိုတင်တွက်ဆမိပါတယ်။

ရွှေမိုးညိုနှင့် မတွေ့အောင် ရှောင်တော့မှပါ။

တွေ့စရာအကြောင်းလည်းမရှိပါဘူးလေ။

အန်တီကြီးကို ယဉ်စ ခင်မင်ပေမယ့် ရွှေမိုးညိုရဲ့ [illegible]မေမေဆိုတော့လည်း မတွေ့ကြတာအကောင်းဆုံးပါပဲ။

✧ ✧ ✧ ✧ ✧

" ဒီမိန်းမက ဘယ်လိုဖြစ်ပြီး အန်တီ့ကို လူမမာ လာမေး [illegible]တာလဲ ကိုညို. . . ကိုညိုကရော ဘာလို့ အရောဝင်ရတာလဲ" ထင်တယ်။

www.burmeseclassic.com



ထင်တဲ့အတိုင်း ဟေမာ့ကိုပြန်အပို့မှာ ပထမ
ဒီစကားကိုပဲ စပြောတော့တာ၊ ယဉ်စတို့ကိုကျ လိုက်ပို့
သူ့ကိုလိုက်မပို့ပြန်ရင်လည်း နေမကောင်းတဲ့ မေမေ့ရှေ့မျှော
မရွှေဟေမာ ငိုဦးတော့မှာ။ ဒါကြောင့်သာ ပြန်ပို့ပေးရပြန်တာ

“ ဝါဝါက ကိုယ်တို့နဲ့ အရမ်းခင်တာ ယဉ်စ
ဝါဝါ့သူငယ်ချင်း သူတို့ဆိုင်မှာ ပစ္စည်းဝယ်နေရင်း မေမေ
လဲကျသတိလစ်သွားတာ. . . ယဉ်စတို့ ဆေးရုံအပို့မြန်
လေမဖြတ်တာ. . . ”

“ ဩော်. . . ကျေးဇူးရှင်ကြီးပေါ့. . . ”

“ စကားကို ထွေထွေငေါ့ငေါ့မပြောပါနဲ့ဟေမာ. .
မေမေ့အသက်သခင် ကျေးဇူးရှင်ဟာ ကိုယ်တို့မိသားစု
ကျေးဇူးရှင်ပဲ ယဉ်စကို သူငယ်ချင်းတစ်ယောက်
ခင်မင်ရမှာပဲ. . . ”

“ ကိုညိုဟာ အရင်ကိုညိုမဟုတ်တော့ပါလား. .
အံ့ဩဖွယ်ပါပဲ. . . ဟေမာကတော့ သူတို့သားအမိ
မုန်းတယ်။ ဟေမာမုန်းရင် ကိုညိုလည်း မုန်းရမယ် ”

“ ဘာဆိုင်လဲ ”

“ ဘယ်လို ကိုညိုနဲ့ဟေမာ ဘာမှမဆိုင်ဘူးလား ”

“ နင်နဲ့ငါ ငယ်သူငယ်ချင်းတွေ ငယ်သူငယ်ချင်းဆို
ခင်မင်မှုသံယောဇဉ်အပြည့်အဝရှိပါတယ်။ ဒါပေမယ့် နင်ချစ်





တ်ချစ်ရမယ် နင်မုန်းရင် လိုက်မုန်းရမယ်ဆိုတဲ့ အဓိပ္ပါယ်မဲ့
လုပ်တွေ ငါ့လာမလုပ်ခိုင်းနဲ့. . . ”

“ နေကောင်းပြီလေ ဒါဆိုလည်း စကားဆက်ပြောစရာ
ဘူး. . . ကားရပ်ပေးတော့. . . ”

“ မရပ်ပေးဘူး နင့်ကိုငါ အိမ်အထိပို့မှာ ”

“ ရပ်ပေးဆိုရပ်ပေး ကိုညို တံခါးဖွင့်ပြီး ခုန်ချ
တ်ရမလား ”

“ ဟာ ငါကွာ. . . ”

ဒေါသဖြစ်စရာကောင်းတယ်။

ကားရပ်ပေးလိုက်တဲ့အခါ တံခါးဖွင့်ဆင်းပြီး သွားပြီ။

သွား သွား သွား။

သည်လောက်သွားချင်နေရင်သွား။ ရွှေမိုးညိုကတော့
သူငယ်ချင်းဆိုတဲ့ ခင်မင်မှုအပြည့်အဝထားတယ်။ ဟေမာ
မျိုးပုံစံလာပြုမူရင်တော့ သွားချင်သွား။ ကားကိုမေမေရှိရာ
းရုံဘက် ပြန်လှည့်လာခဲ့ပါတယ်။

“ သား ပြန်လာပြီလား ဟေမာ့ကို အိမ်ထိပို့ခဲ့သလား ”

“ ဟုတ်ကဲ့ ”

မေမေစိတ်မကောင်းဖြစ်မှာစိုးလို့ ပြောလိုက်ရတာပါ။

မေမေကတော့ ဟေမာ့ကို ငယ်ကတည်းက ချစ်ခင်
တော့ သံယောဇဉ်ရှိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



" မျက်နှာက ဘာဖြစ်နေလဲ "

" ယဥ်စနဲ့ မခင်ရဘူးလို့ ဟေမာကပြောနေတယ်. . .

" မဆိုင်တာပဲ သားရယ် "

" သားကလည်း မဆိုင်ဘူးလို့ပြောပါတယ် "

" အင်းလေ. . . ဟေမာလည်း သနားစရာတေ ကောင်းပါတယ် သူ့စိတ်မှာ. . . ယဥ်စတို့ သားအမိ သိပ်မုန်းနေသလို သားကိုပါ မုန်းစေချင်မှာပေါ့ "

" သူမုန်းတိုင်း သားက ဘာကိစ္စမုန်းရမှာလဲ မေမေ

" ဟုတ်တာပေါ့ သားက မမုန်းနိုင်ဘူးပေါ့ "

" မေမေကလည်း. . . "

ရွှေမိုးညိုကို ကြည့်ပြီး မေမေပြုံးနေပါတယ် ဒီလိုကျတော့ ရွှေမိုးညိုမနေတင်ပါဘူး။ ရွှေမိုးညိုရင်ထဲ မေမေဝင်ကြည့်နေလေသလား။

" ယဥ်စစကလည်း မုန်းစရာမှ မကောင်းတာပဲနော်

" ယဥ်စလည်း သူငယ်ချင်းပါ မေမေ"

" ဟုတ်ပါပြီ မေမေကဘာပြောလို့လဲ. . . မုန်း မကောင်းဘူးပဲပြောတာပါ. . . "

" မေမေ ဒါ ဘယ်သူ့လက်ကိုင်ပဝါလဲ "

လက်ကိုင်ပဝါပန်းရောင်လေးက မေမေ့ကုတင်ခေါ ရင်းဘေးမှာ ကျန်နေခဲ့ပါလား။





" မသိပါဘူး ဝါ့ဝါ့လက်ကိုင်ပဝါထင်တယ် "

" ယဥ်စလက်ကိုင်ပဝါလား "

" မေမေမသိဘူးလေ သားပြန်ပေးလိုက်ပေါ့ ဒါမှမဟုတ် လျှော်ပြီးတော့ သိမ်းထားချင်တယ်ဆိုလည်း သိမ်းထားပေါ့. . . ယဥ်စလက်ကိုင်ပဝါဆို ယူသာထားလိုက်တော့ သားရေ "

" မေမေကပါ စနေပြန်ပါပြီ. . . "

" မေမေတစ်ရေးအိပ်ဦးမယ်နော်. . . သားလည်း တွေးချင်ရာတွေးနေပေါ့. . . "

မေမေအိပ်နေလို့ ဝရံတာဘက် ထွက်ကြည့်မိပါတယ်။ အဝေးမှာသစ်ပင်တွေကို မြင်နေရပါလား။ စိမ်းနေသောဝန်းကျင်။ မိုးရိပ်ရှိပေမယ့် မိုးမရွာ. . .။ ဟေမာတော့ အိမ်ရောက်သွားပြီလား။ ထင်ရာများလျှောက်သွားနေမလား။ သူငယ်ချင်းတစ်ယောက်လို သံယောဇဥ်တော့ရှိပါတယ်။ ဒါပေမယ့် ရွှေမိုးညိုကို နှောင်ဖွဲ့မှုတွေတော့ မပေးစေချင်။

တကယ်ပဲ နှောင်ဖွဲ့မှုတွေ မလိုချင်ဘူးဆို ဝေးဝေးနေကြရအောင်လား. . .

အဲလိုတော့ မဖြစ်နိုင်ပါဘူး ယဥ်စရယ်. . .။ ယဥ်စကို မုန်းရမတဲ့။

အချစ်လို့သာ သေချာမဆုံးဖြတ်ရစေကာမူ မုန်းလို့ မရတာတော့ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်မှ ဟေမာနှင့်တွေ့ပြီး သူငယ်ချင်းတွေ
ဆိုတာ ရာသက်ပန်ခင်မင်မှုနှင့်နေသင့်တာ ပြောပြရမည်။

နှင့်ကိုလည်း ငါအမုန်းမရှိပါဘူး ဟေမာ နှင့်အပေါ်
အချစ်မရှိတာလည်း သေချာတယ်။

✧ ✧ ✧ ✧ ✧

ငြိမ်းချမ်းနှင့်နှစ်ယောက် မရိုးနိုင်သော စင်ဒရဲလာ
ကာတွန်းခွေကြည့်ကြတယ်။ ကွက် ကွက်ဆိုပြီး ငြိမ်းချမ်း
ရယ်တိုင်းလည်း ယဉ်စသိပ်သဘောကျရပါတယ်။ ဒါကြောင့်
လည်း တိရစ္ဆာန်လေးတွေပါသော ကာတွန်းခွေတွေကို အငြ
ဖွင့်ကြည့်ကြတာပေါ့. . . ကွက် ကြောင် ဘဲငန်း ခွေး စသဖြင့်
တော့ သူပြောပါတယ်။

ဒါပေမယ့် . . . စကားအရှည်ကြီးတွေကိုတော့
သိပ်မပြောသေးပါဘူး။ ယဉ်စကိုတော့ အစ်မလို့ခေါ်တယ်
ဒက်ဒီလို့ခေါ်တတ်ပြီး ကိုမင်းသန့်ကို ကိုတိုလို့ခေါ်ပါတယ်
ကျန်တာတော့ ဘာမှ သိပ်မပြောပါဘူး. . .။ ပန်းချီဆွဲနေတ
လာတာတော့ ယဉ်စ သဘောအကျဆုံးပါပဲ. . .

စကားသိပ်မပြောပါပဲနှင့် ငြိမ်းချမ်းဆွဲသော
ပန်းချီတွေဟာ ငြိမ်းချမ်းရဲ့စိတ်ကို ဖော်ပြနေတာပဲမဟုတ်လာ





ပန်းပွင့်တွေပဲ အများဆုံးဆွဲတတ်ပါတယ်။
အစ်ခါတလေ စာကလေးတွေ သစ်ပင်လေးတွေ တောင်တန်း
တွေဆွဲတဲ့အခါမှာတော့ အဲဒီစာရွက်တွေကို စုတ်ဖြဲလွှင့်ပစ်
တတ်ပြန်ရော။

ငြိမ်းချမ်းစိတ်မှာ ဘယ်သို့ ခံစားမှုတွေရှိဆဲလဲ. . .။
တံခါးခေါက်သံကြားရတယ်။

" ဘယ်သူလဲဟင် "

" ကိုယ်ပါ "

" လာပြီ ကိုမင်းသန့်. . . "

ကိုမင်းသန့်ဝင်လာတော့ အခန်းတံခါးကို ဖွင့်ထား
ပါတယ်။ ဒီအခန်းမှာ ငြိမ်းချမ်းရှိလို့ ဝင်လာတယ်ဆိုပေမယ့်
ယဉ်စလည်း ရှိနေတယ်လေ။

" စင်ဒရဲလားကြည့်နေတာလား ကိုကိုလည်းကြည့်မယ် "
ကိုမင်းသန့်က ငြိမ်းချမ်းဘေးနားဝင်ထိုင်ပါတယ်. . .။
ငြိမ်းချမ်းပျော်ရွှင်စွာ ရယ်မောနေတာမြင်လို့ နှစ်သက်စွာ
ယဉ်စတို့ပါ လိုက်ရယ်မိကြတာပေါ့။

" ဩော် ဆူညံနေလောက်အောင် ပျော်ရွှင်နေကြတယ် "
အသံစူးရှရှကြောင့် သုံးယောက်လုံး လန့်သွားရတာပေါ့။
ငြိမ်းချမ်းတောင်မှ မျက်လုံးပြူးပြီး ကြည့်နေတော့တာ။

" ဟေမာ ဘာဖြစ်နေလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ကိုကိုတို့ သိပ်ပျော်နေတယ်ပေါ့ဟုတ်လား. . ."

" ငါတို့ ပျော်ပျော်ရွှင်ရွှင် အခွေကြည့်တာ ဘာဖြစ်ထဲ နင်ဘာဖြစ်လာလဲ. . ."

" ဒီလိုနေချင်လို့ ဒီအကွက်ဆင်ထားတာ ခုမှသိတယ် ကိုကိုက ဒီအခန်းထဲ ဘာကိစ္စ ဝင်ရတာလဲ. . . ကိုကိုဒီလောက် ရောနေစရာ အကြောင်းမရှိဘူး. . ."

ရုတ်တရက်တော့ ဘာတွေလာအော်နေပါလိမ့်လို့ ထင်တာ။ ဒါပေမယ့် ပြောရင်း ပြောရင်း သဘောပေါက်လာ ပါတယ်။ ဒီအခန်းထဲ ကိုမင်းသန့်ဝင်စေချင်လို့ ငြိမ်းချမ်းမှု အတူနေတာလို့ ပြောနေတာ။

" ဟေမာ. . . နင် မိုက်ရိုင်းလှချည်လား "

" ဟုတ်တာပြောတာပါ "

" ဟုတ်တာ ပြောဦး. . . "

" ကိုမင်းသန့် ကိုမင်းသန့်. . . "

သူတို့မောင်နှမတွေ ရန်ဖြစ်တာ အရေးမကြီးဘူး အန်ကယ်လ်ဖော် သိသွားရင် မကောင်းပါဘူး။

" တော်ပါတော့ ကိုမင်းသန့်. . . "

" နင့်ကိုမုန်းတယ် နင့်ကိုမုန်းတယ် နင့်ကိုမုန်းတယ်"

စိတ်ညစ်လိုက်တာ။ ဟေမာဒီလိုမျိုး အော်ရလိမ့်မယ် မထင်ခဲ့ပါ။





" ဟေမာ နင်တော်တော်ရိုင်းစိုင်းပါလား. . . "

" ဘာဖြစ်နေကြတာလဲ "

ဒုက္ခပါပဲ။

အန်ကယ်လ်ဦးဇော်သင်းလှိုင်ရှိနေတာပါလား။ နောက်ဆုံးတော့ ငြိမ်းချမ်းမှအပ အားလုံး ဧည့်ခန်းမှာ စုထိုင်ကြရပါရော။ မမမတောင်မှ မျက်နှာနည်းနည်းတော့ တင်းနေပြီ။

" နေပါဦး. . . ဒက်ဒီမေးပါရစေဦး ဟေမာ ဘာလို့ ဒီလောက်အော်နေရလဲ. . . ပြောစရာရှိ ဒက်ဒီတစ်ယောက်လုံး ရှိတယ် လာပြောပါလား. . . "

ခုလိုကျတော့လည်း မပြောတော့ပါပဲ စူပုတ်ထိုင်နေလိုက်တာ။

" ဟေမာသိပ်ရိုင်းတယ် ဒက်ဒီ. . . "

" ဒက်ဒီသိတယ် ပြောစရာရှိရင် လာပြောလို့ရရက်နဲ့ ပြော. . . ဘာပြောမလဲ "

" သူတို့ကို မုန်းတယ် "

" ဘာ. . . "

" သူတို့ကိုမုန်းတယ် သူတို့ကိုကြည့်မရဘူး သူတို့ကို မကြည့်ချင်ဘူးပြောတာ. . . "

" ဒီမှာဟေမာ ဒက်ဒီ့အရိပ်အောက်မှာနေတဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဘယ်သူတော့သာပါစေ ဘယ်သူတော့ နာပါစေလို့ မရှိဘူး ဒက်ဒီ့မေတ္တာဟာ အားလုံးအပေါ်မှာ အတူတူပဲ ဒက်ဒီ့အရိပ်မှာနေကြရင် ချစ်ချစ်ခင်ခင်နေရမယ် "

ချစ်ချစ်ခင်ခင်တဲ့။

ဟေမာ့အမုန်း ဒီလောက် ပြင်းထန်နေတာ ချစ်ချစ်ခင်ခင်တဲ့လား. . .။ ခုလိုမျိုးသာ တစ်ခါမှလာပြီး ရန်မတွေ့ခဲ့တာ မကြားတကြား ပြောရတာနဲ့ ခြေဆောင့်ပြရတာနဲ့ အမျိုးမျိုး ဆန့်ကျင်ပြခဲ့တာ အမြဲလိုပါပဲ။ ဒါကြောင့်မို့ ယဉ်စကာပဲ ဝေးဝေးက ရှောင်နေခဲ့ရတာ။

" ကြားလား ဟေမာ ချစ်ချစ်ခင်ခင်နေရမယ် "

" မနေနိုင်ဘူးဒက်ဒီ သူတို့ကိုမုန်းတယ် "

" ဘာသူတို့ကို မုန်းရမှာလဲ သူတို့ဟာ ငြိမ်းချမ်းမြိုင် မိသားစု. . . မိသားစုဆိုတာ နွေးထွေးချစ်ခင်ရမယ်. . . "

" မချစ်ဘူး မချစ်ဘူး ဘယ်တော့မှ မချစ်ဘူး မုန်းတယ် "

" ဟာ. . . ငါဒီလောက်ပြောနေတာ နားလည်မှု မရှိဘူး ဟေမာသွားစမ်း. . . ငါ့မျက်စိရှေ့ကထွက်သွားစမ်း. . . ငါ ရိုက်မိမယ်. . . "

" တော်ပါတော့ ကိုဇော်ရယ် သူတို့က ကလေးတွေပဲ ကလေးတွေဆိုတော့ ဘယ်နားလည်မှုရှိပါ့မလဲ. . . "

" အဲလိုမျိုး လေသံပျော့လေးတွေနဲ့ ဆွဲဆောင်နေလို့





ဒက်ဒီပါသွားတယ်ဆိုတာ သိတယ် ဒါကြောင့်လည်းမုန်းတာ ဒါကြောင့်လည်းမုန်းတာ. . . မုန်းတယ် မုန်းတယ် မုန်းတယ် "

" ဟေမာ. . . "

ဘုရား။

ဘုရား။

တကယ့်ဝရုန်းသုန်းကားဖြစ်ကုန်ပြီ။ မေမေဝင်ပြီး ထိန်းသိမ်းကာမှ ပိုဆိုးကုန်တော့တာ။ အန်ကယ်လ်ဇော်က ဟေမာ့ကို ရိုက်ဖို့ လက်ကရွယ်နေပြီ ကိုမင်းသန့်တို့ မေမေတို့ ခင်ဆွဲသမျှ လှုပ်လှုပ်ရှားရှားအခြေအနေကို ယဉ်စကာတော့ ကြည့်နေလိုက်တာပါပဲ။

ရုတ်တရက် စူးစူးဝါးဝါး အော်ငိုလိုက်တဲ့ ငိုသံကြောင့် လှုပ်ရှားနေသမျှ အခြေအနေဟာ မီးကိုရေနဲ့ဖျန်းလိုက်သလား အတ်ရဲ့. . . ပြီးတော့ အားလုံးရဲ့အာရုံတွေဟာ ငိုသံဆီပဲ ရောက်သွားပါတယ်။ ငြိမ်းချမ်း ငြိမ်းချမ်းပါလား. . .။ ငြိမ်းချမ်းက သူရဲ့ ဘီးတပ် ကုလားထိုင်ကို သူ့ဘာသာပင် တွန်းရွှေ့နိုင်ခဲ့ပြီ။ ဒါပေမယ့် ဒီလောက် ဆူညံလှုပ်ရှားစွာ ဖြေရှင်းနေသော အနေအထားကို ငြိမ်းချမ်း ခံနိုင်ရည်စွမ်းအားရှိပုံမပေါ် ဘဲဥ်စ ချက်ချင်းပဲ ငြိမ်းချမ်းဘေးရောက်ခဲ့ပြီ။

" ငြိမ်းချမ်း မငိုနဲ့နော် မငိုနဲ့နော် ငြိမ်းချမ်း အစ်မယဉ်စရှိတယ် အစ်မယဉ်စရှိတယ် "

www.burmeseclassic.com



ရင်ခွင်မှာ မှီတွယ်ပြီး ငိုနေတော့တာ။

ခုမှအားလုံး ပြန်ပြီးငြိမ့်သက်သွားတော့တယ်။

ဟေမာလည်းပဲ သူ့အခန်းဆီ ပြေးထွက်သွားပြီ။

ငြိမ်းချမ်းကိုခေါ်ပြီး အခန်းကိုပြန်လာခဲ့ရတယ်
နောက်ဆို ကိုမင်းသန့်ကို ပြောထားရမည်။ ငြိမ်းချမ်းနဲ့ယဉ်စရဲ့
အိပ်ခန်းထဲ မဝင်ပါနဲ့လို့ပေါ့။ စိတ်မကောင်းပါဘူး။ ငြိမ်းချမ်းဟာ
ကိုမင်းသန့်ရဲ့ ညီမပဲလေ။ တွေ့ချင် ချစ်ချင်စိတ်ရှိမှာပါ။

အိပ်ခန်းသတ်သတ်နေပြီး တခြားတိဗ္ဗိကြည့်တာကအ
တစ်ခန်းပြောင်းကြမလား။ တစ်ခုခုတော့ စီစဉ်ရလိမ့်မည်။

ထမင်းဝိုင်းမှာ ဟေမာတစ်ယောက်ပဲ မပါပါဘူး
ကျန်တဲ့လူအားလုံးလည်း ရှုတ်ထရက်တော့ စကားမ
နိုင်ဘူးပေါ့။ အခုအချိန် ထူးခြားတဲ့တိုးတက်မှုဟာ ငြိမ်းချမ်း
ထမင်းဝိုင်းကို ခေါ်ကျွေးလို့ရလာတာပါ။ ယဉ်စဘေးမှာ
သူ့ကုလားထိုင်လေးနဲ့ ထိုင်ပြီး ယဉ်စ ထည့်ကျွေးသ
ထမင်းဟင်း သူဘာသာ ဖြည်းညင်းစွာ စားတတ်ခဲ့ပြီလေ။

" ဟေမာ့ရိုင်းစိုင်းမှုအတွက် တောင်းပန်ပါတယ်နော်
" မဟုတ်တာကိုဖော်ရယ် သူက ကလေးပဲ "
" သူစိတ်မကောင်းဖြစ်လို့ရတယ် ဒါပေမယ့် မရိုင်းရဘူး
" ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင်နေမိတာအပေါ်မှ
သူစိတ်ဆိုးသွားပုံပါပဲ။ နောက်ကို ကျွန်တော် ဆင်ဆင်ခြင်ခြ





နေရမှာပေါ့. . . "

" သားက ဘာကိုဆင်ခြင်ရမှာလဲ သားတို့မောင်နှမတွေ
ပျော်ရွှင်နေတာ ကောင်းတဲ့အခြေအနေပဲ ဒါကို သူမနှစ်သက်
တာနဲ့ပဲ သားတို့က သူ့အကြိုက် မချစ်ခင်ရဘူးလား "

" ဒါတော့ ဒါပေါ့ ဒက်ဒီရယ် "

" ယဉ်စလည်း စဉ်းစားမိတယ် ကိုမင်းသန့်ကပါ
ယဉ်စကို ခင်ခင်မင်မင်နေတော့ စိတ်ဆိုးတာနေမှာ နောက်ဆို
ယဉ်စရှိရင် ငြိမ်းချမ်းဆီ မလာပါနဲ့ "

အန်ကယ်လ်ဇော်နှင့် မေမေ့ရှေ့မှာပဲ ဒီလိုပြောရတော့
ာပေါ့. . .။ နောက်ကို ဒီ့ထက်ရန်ဖြစ်စရာတွေ တွေ့လာရင်
ကောင်းပါဘူး။ အခုတောင် ငြိမ်းချမ်းငိုတာမြန်လို့ ငြိမ်းချမ်းသာ
ငိုရင် အန်ကယ်လ်ဇော်က ဟေမာ့ကို ရိုက်မိမယ်။ အဖေ
တောင် သူတို့ကြောင့် ရိုက်ပါလားဆိုတဲ့ နာကြည်းစိတ်
င်သွားရင် အခြေအနေ ပိုဆိုးလာနိုင်တာပေါ့။

" ဒက်ဒီ သားတို့သမီးတို့ ချစ်ချစ်ခင်ခင်နေတာကို
နှစ်သက်ပါတယ်. . . ပြီးတော့ "

" ကိုဇော် နေပါစေ သူတို့မောင်နှမချင်းတွေပဲ
ဖြာပါစေ "

အန်ကယ်လ်ဇော်က ဘာပြောချင်သည်မသိ။

မေမေက ဝင်တားပြီးတော့ ထမင်းပဲ ဆက်စားပြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပုပုနှင့်နုနုကတော့ ဘာပြောရမှာလဲ။

" ထမင်းစားပြီးရင် မေမေနဲ့ ခြံထဲမှာ ပန်းလိုက်ခူးပေးမ ယဉ်စ "

မေမေ တစ်ခုခုတော့ပြောမည် သေချာပါတယ်။ ဘာပြောမှာပါလိမ့်။ ဒါကြောင့်လည်း မေမေ့ကို ဦးဇော်သင်းလှိုင်နှင့် လက်ထပ်မည်ဆို ဒီလိုအခြေအနေတွေ ရှိနိုင်ကြောင်း ယဉ်စတို့ဆွေးနွေးခဲ့ဖူးတာ။

" မေမေ ဘာပြောမလဲ "

မလိုအပ်ပဲ ပန်းတွေလည်းခူးမနေချင်။

ပန်းခြံနားရောက်တော့ ယဉ်စမေးပြီလေ။

" မေမေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ယဉ်စ ကိုဇော် မေမေတာ သမီးနဲ့မောင်မင်းသန့် လက်ထပ်မယ်ဆိုလည်း တျေနပ်တယ် လက်ထပ်စေချင်တဲ့ ဆန္ဒရှိကြတယ် "

" ယဉ်စနဲ့ကိုမင်းသန့် ဟာ မဖြစ်နိုင်ပါဘူး မေမေ. . . "

" ဒါမှလည်း. . . ကိုဇော်ပိုင်ဆိုင်သမျှ ပစ္စည်းတွေက စုစုစည်းစည်းပိုရှိလာမှာပေါ့. . . မေမေကတော့ သမီး ချစ်သူမရှိဘူးဆိုတာလည်း သိတယ် ဒါကြောင့် ဖြစ်စေချင်တာ ကိုဇော်ကလည်း သဘောတူတယ်. . . သမီးတို့ ခုလို ချစ်ခင်ရင်းနှီးစွာနေတာကို ကိုဇော်နဲ့မေမေက သဘောတျ ကြည့်နေတာ "





ခုနကပဲ ဟေမာပြောခဲ့ပြီ။

သည်ယုန်မြင်လို့ သည်ခြုံထွင်တဲ့ သဘောတွေ။ ကိုမင်းသန့်နှင့်သာ လက်ထပ်မည်ဆို ဟေမာ ဘယ်လောက်များ ပြောလို့ကောင်းလိုက်လေမည်လဲ။ ဒါကထားပါဦး။ ကိုမင်းသန့်ကို လက်ထပ်ရအောင် ယဉ်စက ချစ်လို့လား။

မချစ်ပါဘူး။

မချစ်တဲ့လူကို ယဉ်စ လက်မထပ်နိုင်ပါဘူး။

" ကိုမင်းသန့်ကို ယဉ်စ လက်မထပ်နိုင်ပါဘူး မေမေ သူ့ကို ယဉ်စမှ မချစ်တာ ခင်ခင်မင်မင် နေတယ်ဆိုတာ မိသားစု ဖြစ်လာလို့သာ မောင်နှမစိတ်နဲ့နေတာ "

" သံယောဇဉ်ဆိုတာ ဒီလိုပဲ တဖြည်းဖြည်း လုပ်ယူရတာ မဟုတ်လား "

" ဟင့်အင်း. . . ယဉ်စသူ့ကိုမချစ်ဘူး မေမေ လက်မထပ်နိုင်ပါဘူး "

ဟေမာပြောသလိုလည်း မဟုတ်ပါဘူး။

ခင်ခင်မင်မင်နေရုံကလွဲပြီး ပိုလည်းပိုမလာနိုင်ပါဘူး။

ယဉ်စက ယဉ်စချစ်သူကိုသာ လက်ထပ်ချင်တာပါလေ။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



" တယ်လီဖုန်းလာနေတယ်သား ဟေမာ့အသံ. . . "

မေမေ အခန်းထဲလာခေါ်တယ်လေ။ ဟေမာ တစ်ယောက်တော့ စိတ်ကောက်ပြေသွားပြီလား။ ရွှေမိုးညို အတွက်တော့ ဟေမာဟာ ခင်မင်စရာကောင်းသော ထာဝ သူငယ်ချင်းတစ်ယောက်ပါပဲ။ ငယ်ကတည်းကစိတ်နှင့် ထာဝရခင်မင်နေမှာပါပဲလေ. . .။

" ကိုညိုလား "

" အင်း. . . ဘာလဲ. . . ပြော. . . "

" ကိုညိုတို့အိမ်လာကြိုမယ်လေ တစ်ခုခုသွား စားရအောင် "

ပထမတော့ မလာနိုင်လို့ပြောမလို့ပါ။

ဒါပေမယ့်. . . ပြောထားချင်ပါတယ်။

ဟေမာနှင့် ထာဝရသူငယ်ချင်းပါပဲဆိုတာလေ ဒါကြောင့် လာလေဆိုပြီး ပြောလိုက်တယ်။

" စိတ်ကောက်ပြေပြီလား "

" မပြေပါဘူး. . . ဒီမိန်းမနဲ့ပတ်သက်ရင် ပိုတော မုန်းလာသေးတယ်. . . "

" ဟေမာနဲ့တော့ခက်ပြီ "

" ကိုညိုဘာသိလို့လဲ. . . ဒီမိန်းမပတ္ အခု ကိုတို နေတာထိုင်တာ မဟုတ်ဘူး "



" ဘာတွေလျှောက်ပြောနေလဲ ယဉ်စနဲ့ကိုမင်းမင်း "

သည်လိုပြောတာတော့ မကောင်းပါဘူး။

ယဉ်စအပေါ် အမြင်မကြည်လင်တာနှင့်ပဲ ကိုမင်းမင်း နှင့်မဟုတ်တာ လျှောက်ပြောရမလား။ ရင်ထဲမှာ မှုန်မှိုင်းအုံ့ဆိုင်း သွားသလိုပါပဲလေ. . .။

" ဟုတ်တာပြောတာ ကိုညို ရဲ. . . ငြိမ်းချမ်း ကြောင်းပြပြီး ကိုကိုက သူတို့အခန်းထဲဝင်ပြီး ပျော်ရွှင်ကြည်နူး ပျော်မြူးနေကြတာ အမြင်ကတ်တော့ ပြောတာပေါ့ ပြောတော့ တမာနဲ့ကိုကိုရန်ဖြစ်ရော. . . ဒက်ဒီကလည်း ကိုကို့ဘက်က နေတယ်လေ။ နောက်မှ နုနုပြောလို့သိတာ ကိုကိုနဲ့အဲဒီမိန်းမကို တ်ဒီကပါ သဘောတူထားတာတဲ့လေ. . . "

" အန်ကယ်လ်သဘောတူတာ. . . "

စိတ်မှာမကြည်လင်လိုက်တာ။

မဖြစ်နိုင်ဘူးလား. . . ဖြစ်နိုင်ပါတယ်။

ဘာပဲပြောပြော ကိုမင်းမင်းနှင့်ယဉ်စကို လက်ထပ်ပေး လိုက်ရင် ငြိမ်းချမ်းမြိုင်မိသားစုဟာ အစစ စည်းလုံးသွားတော့မှာ ယ်မျိုး မစဉ်းစားပဲနေမလား။

ဒါပေမယ့် မနှစ်သက်ပါဘူး။ယဉ်စကို သဘောမတူ ဘူး။ ယဉ်စကိုမပေးနိုင်ပါဘူး။

ရွှေမိုးညို ဘာတွေခံစားမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်စ၏

မင်းကို ဘယ်သူမှမပေးနိုင်ပါဘူး. . . ။

တကယ်ပဲယဉ်စရယ်. . . ဆုံးရှုံးသွားနိုင်တယ်ဆို
အသိကိုရတဲ့အချိန်မှာ ရင်ထဲကခံစားမှုဟာ ပြင်းထန်လွန်းပါလာ
ဆိုတာသိလာခဲ့ပါပြီ. . . ။ ဆုံးရှုံးခြင်းကို သိပ်ကြောက်တ
ဆိုတာ ရယူပိုင်ဆိုင်ချင်တာပဲ မဟုတ်လား။

ယဉ်စ. . . မင်းကိုရွှေမိုးညိုချစ်တယ်။

ဒါကြောင့်လည်း ဘဝခရီးတစ်လျှောက်လုံးအတွ
ရယူပိုင်ဆိုင်ချင်ပါတယ်. . . ။ သေချာခဲ့ပြီ. . . နှလုံးသာ
ချစ်ခြင်းကို ရတ်တရက် ပြင်းထန်စွာ တွေ့ရှိလိုက်သလိုပါပဲ။

" ယဉ်စနဲ့ကိုပြင်းမင်းနဲ့ မဖြစ်နိုင်ပါဘူး "

" ဘာလို့မဖြစ်နိုင်ရမှာလဲ ကိုညိုရဲ့ သိပ်ဖြစ်နိုင်တာ
ငြိမ်းချမ်းကို အကြောင်းပြပြီး သူတို့ တပူးတွဲတွဲနဲ့. . . "

စိတ်မှာမကြည်လင်တော့ပါဘူး. . .

ယဉ်စရေ. . .

ရွှေမိုးညိုနောက်ကျခဲ့ပြီလား။ နှလုံးသားမှ သည်းထ
ချစ်သည်လို့ ခံစားလိုက်ရတဲ့အခါမှာတော့ ချစ်သူ
ပိုင်ဆိုင်ချင်ပါသည်။

ပိုင်ဆိုင်ပါရစေလား ချစ်သူ။

✧ ✧ ✧ ✧ ✧





ခုတလော ဟေမာ ပျောက်ချက်သားကောင်းနေသလို
ပါပဲ။ မနက်စာစောစောကော်ဖီဝိုင်းမှာတွေ့ပြီး တစ်နေကုန်
တွေ့ရတော့။ ညဘက်ထမင်းစားပွဲမှာ မတွေ့ရရင်တော့
အန်ကယ်လ်ဆူတတ်တာမို့ အမိပြန်ရောက်လာလေ့ရှိပါတယ်။
အန်ကယ်လ်ကတော့ မိသားစုတစ်စုလုံးကို အရင်ကအတိုင်း
မှန်ဆက်ဆံပေမယ့် ဟေမာကတော့ စိတ်ကောက်နေဆဲ
ဆင်ပါရဲ့။ စကားသိပ်မပြောလှပါဘူး။

ခုလည်းကြည့်လေ။

နေ့ခင်းထမင်းဝိုင်း ကျန်တဲ့လူ စုံနေပါတယ် ဟေမာမရှိ။

" ဘဘ အပြင်မှာ ဧည့်သည် "

" ဘယ်သူလဲ ပုပု "

" ဘဘသူငယ်ချင်း. . . ဟိုအရပ်ရှည်ရှည်နဲ့ "

အန်ကယ်လ်က ထမင်းဝိုင်းမှပင် ထွက်သွား
ကြည့်ပါတယ်။ ယဉ်စအခန်းဆီအပြန်မှာတော့ မျက်ဝန်းတွေက
ည့်ခန်းကုလားထိုင်တွေဘေးကို ရောက်တဲ့အခါ။

" ဟင် ခွေး. . . "

ခွေးတစ်ကောင်ပါလား. . . ။

ပြီးတော့ ခွေးက အညိုရောင်ဒိုဘာမင်ခွေး. . . ။
ကြည့်ရုံနှင့် အသည်းယားစရာ ကောင်းနေပါပြီ။

" မဖြစ်နိုင်ဘူးကျော်ခိုင်. . . ဟေမာ ဘယ်လိုပဲသိုချင်



www.burmeseclassic.com

www.burmeseclassic.com



လို ချင် ဒီခွေးကို ငါမလိုချင်ဘူး. . . မင်းပြန်ယူသွားပါ
ဒီကောင်မလေးလာရင် ငါပြောမယ် "

" ကလေးစိတ်ညစ်အောင် မလုပ်စမ်းပါနဲ့ ဖိုးဇော်ရ
ဒီကောင်ကြီးနဲ့ဟေမာ အရမ်းခင်နေတာပါ. . . ငါကလည်
ဟိုမှာ ခြောက်လလောက်ကြာမှာ. . . မိသားစုအကုန်သွားတော့
ထားခဲ့ရမှာ အခက်အခဲလည်းဖြစ်နေတယ် ဟေမာက ခေါ်ထာ
ပေးမယ်ဆိုလို့ "

" ဒီကောင်မလေးဟာ အတော်အလုပ်ရှုပ်တာပါလာ
သူနဲ့ပဲရင်းနှီးတဲ့ ဒီခွေးကို ငါတို့အိမ်မှာ ခေါ်ထားလို့ အားလုံး
ကိုက်ကုန်မှဖြင့်ကွာ. . . "

" မကိုက်ပါဘူး. . . ဘရောင်နီက ယဉ်ပါတယ် မင်း
အိမ်မှာ တစ်ရက်ထားရင်ကို အားပုံးရဲ့အနံ့သိတယ် "

" မဖြစ်နိုင်တာ ကျော်ခိုင် ယ်. . . "

" ဖြစ်ပါတယ်. . . ဘရောင်နီ ဒါဟာ မင်းရဲ့သ
အသစ်ပဲ အနံ့ခံလိုက်လေ "

ဘရောင်နီဆိုတဲ့ခွေးက လိမ္မာတော့ လိမ္မာသား . .
သူ့သခင်တစ်ခွန်းပဲပြောရတယ် အန်ကယ်လ်ဇော်ဘေးရောက်
ထိုင်နေပါလေရော။ အဲဒီ့ ဦးကျော်ခိုင်က ဆက်ပြောပါတ
ဟေမာ့ကိုလည်း ပစ်မထားပါနဲ့ သူ့ခမျာ စိတ်ထိခိုက်နေ
ဦးကျော်ခိုင့်သမီး ယုဇနရှိတဲ့နေရာမှာပဲ လာလာနေတော့တ





ဒါကြောင့်လည်း ဘရောင်နီနဲ့ဟေမာ အရမ်းခင်သွားတာလို့
ပြောပါတယ်။

" ဒီအရွယ်တွေက စိတ်အလိုလိုက်တတ်တယ် ဖိုးဇော်
ငါတို့ကလည်း ဟိုမှာခြောက်လလောက်တည်းပါ. . .
ငါတို့သွားမဖျော်ဆိုတော့ ဟေမာစိတ်မကောင်းဖြစ်သွားပုံရတယ်
သားသမီးပဲကွာ ချော့သင့်ချော့ပါ. . . "

ခက်တော့နေပါပြီ။

သူတို့ဘာသာ နိုင်ငံခြားသွားတာ သွားပါလား။
သူတို့ခွေးကို ဟေမာ့ကို လက်ဆောင်လာပေးရသတဲ့လား။

နဂိုရ်ကမှ ယဉ်စခွေးကြောက်ပါတယ်ဆို. . .။

အန်ကယ်လ်ဇော် ယူမထားပါစေနဲ့ ယူမထားပါစေနဲ့
လို့သာ ယဉ်စ ဆုတောင်းဆဲ။

ဘရောင်နီဆိုသောခွေးကလည်း အတော်လျင်ပါလား။
အန်ကယ်လ်ဇော့်ပေါင်ပေါ် မေးလေးတင်နေပြီ။

ကိုမင်းသန့်က လက်ယပ်ခေါ်တဲ့အခါမှာလည်း
ချက်ချင်းဆိုသလို လှမ်းသွားပြီး ကမ်းသောလက်ပေါ်
မေးသွားတင်ထားတယ်။

" လိမ္မာလိုက်တာနော် ဒက်ဒီ "

" မင်းကပါ လိုချင်လာပြီလား "

" ငါမပြောဘူးလား ဘရောင်နီ့ကိုမြင်ရင် မလိုချင်တဲ့သူ

www.burmeseclassic.com



မရှိဘူး ”

ရှိတယ်။

ရှိတယ်။

ယဉ်စရှိတယ်လို့ အော်ပြောလိုက်ချင်ပါတယ်။

ဒီခွေးရဲ့ပုံစံက ကြောက်စရာကောင်းလိုက်တာ နဂိုရ်ကတည်းက ခွေးကြောက်တတ်သူမို့ ယဉ်စ စိတ်ညစ်တယ် ခွေးအမွေးဖွား တယ်ရီယာလေးတွေဆိုမှ ချစ်စရာကောင်း ဦးမည်။ မေမေက အအေးနှင့်မုန့်တွေ ယူလာတဲ့အခါမှာ။

“ နွယ့်ကိုလာနမ်းနေပြီ နွယ်ကြောက်တယ်နော် ကိုဖော်

“ မကြောက်ပါနဲ့ မနွယ်ရာ ဘရောင်နီ အင်မတန် ယဉ်ကျေးတာပါ မကိုက်စေရဘူး ဘရောင်နီ မနွယ် နှုတ်ဆက်လိုက် ”

ချက်ချင်းဆိုသလို မေမေ့ခြေထောက်ပေါ် လက်ကလေးနှစ်ဘက်စုံတင်ပြီး ဝပ်နေတော့တာ။

“ လိမ္မာတယ်နော် ”

မေမေတောင် မဝံ့မရဲလေသံလေးနှင့် ချီးမွမ်းနေခဲ့ ယဉ်စတော့ ပခုံးတွန့်ရင်း အခန်းထဲအမြန်ဝင်ခဲ့တာပေ ငြိမ်းချမ်းတော့ နေ့ခင်းဘက် အိပ်နေကျအတိုင်း အိပ်နေပါ ဘရောင်နီ့ကို ငြိမ်းချမ်းမြင်ရင်တော့။ ကြောက်မလား ယဉ်စတော့ ကြောက်တယ်။ ဒီခွေးကို အန်ကယ်လ်ဖော်





လက်မခံပါစေနဲ့. . .။

ဒါကြောင့် အပြင်မှာ အခြေအနေဘယ်လိုရှိသလဲ ထွက်ကြည့်တဲ့အခါ. . .။

အမလေး။

ဘသားချောဘရောင်နီဆိုတဲ့ကောင်က ဆိုဖာပေါ် အခန့်သားကျန်နေခဲ့ပါရော. . .။

“ ယဉ်စရေ. . . ဘရောင်နီ့ကို လာကြည့်ပါဦး ”

“ ဟင့်အင်း ကိုမင်းသန့် ယဉ်စ ခွေးကြောက်တယ် ”

“ လိမ္မာတယ် ယဉ်စရဲ့ ”

“ ဘယ်လိုလိမ္မာလိမ္မာ ခွေးဆို ယဉ်စ ကြောက်တယ် ”

“ ကိုယ့်အိမ်မှာ အတူရှိနေမယ့်ခွေးကို ယဉ်စ မကြောက်သင့်ပါဘူး ”

“ အန်ကယ်လ်ဖော် ဘာလို့များ ဒီခွေးကိုခေါ်ထား ရတာပါလိမ့် ယဉ်စကြောက်တယ်. . . ”

“ ဒက်ဒီက ဟေမာစိတ်မကောင်းမဖြစ်စေချင်ဘူး ထင်တယ် ဟေမာစိတ်ထိခိုက်နေတာကို ဖြေသိမ့်ပေးချင်တယ် ထင်ပါရဲ့ ”

ဟုတ်မှာပေါ့လေ။

ဟေမာဘယ်လိုဆိုးဆိုး သမီးတစ်ယောက်ပဲ ဟုတ်လား။ ယဉ်စဆိုတာ သမီးအရင်းမှ မဟုတ်တာ။ စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်သွားသလို ခံစားရပါတယ်။ ကိုမင်းသန့်ကို လက်ထပ်ပြီး ဒီမိသားစုမှာ ချစ်ခင်စည်းလုံးစွာနေပါဆိုလည်း ယဥ်စဟာ ချွေးမတစ်ယောက်ပဲ ဖြစ်မှာပါ။

အမှန်အတိုင်း ခံစားရသမျှ ပြောရရင် မေမေ့တို့ ချစ်တယ် ငြိမ်းချမ်းကို သံယောဇဉ်ရှိတယ် ဆိုပါစေ ငြိမ်းချမ်းမြို့မှာ ယဥ်စ မနေချင်ပါဘူး။

တစ်နေ့. . .

ယဥ်စဘဝကို ယဥ်စစိတ်တိုင်းကျ ထူထောင်နိုင်မည့်အို ငြိမ်းချမ်းမြို့ကို စွန့်ခွာမည်လို့သာ တွေးခဲ့ပါတယ်။

မေမေသိလျှင်တော့ စိတ်မကောင်းဖြစ်မှာပေါ့လေ။

✧ ✧ ✧ ✧ ✧

ယဥ်စလာမည့်လမ်းကို လှမ်းမျှော်ရတာမောလှပြီ မျက်စိပျားလွဲသွားလား. . . ဒါလည်း မဖြစ်နိုင်။ လက်ဖက်ရည် ဆိုင်မှ ထိုင်ကြည့်နေတာ တစ်နာရီမကတော့ သည်အခိုက် မိုးဖွဲလေးတွေကျလာတယ်။ ယဥ်စမလာတော့ဘူးလား။

ဟုတ်ပြီသေချာတာပေါ့။

ဒါဟာ ယဥ်စပဲ။

ချစ်သူ့အရိပ်သည်ပင် နှလုံးသားမှာ အလွတ်ရနေ





ပါပြီ။ ယဥ်စရှိရာ လျှောက်လာခဲ့တယ်။

" ရွှေမိုးညို့. . . မိုးရွာနေတယ်လေ. . . ဘာလဲ လသာတယ်ထင်နေလား. . . ဘယ်မလဲ ထီး. . . "

" ရုတ်တရက်တော့ မရွာနိုင်ကောင်းသေးပါဘူးဆို မယူခဲ့မိဘူးယဥ်စရယ်. . . "

" အန်တီကြီး နေကောင်းလား "

" ကောင်းတယ် ယဥ်စလိုက်ခဲ့ပါလား မေမေ မေးနေတယ်. . . "

" အခုတော့ မလိုက်တော့ဘူး မနက်ဖြန်ညနေလောက် ဖြစ်ဖြစ်လာခဲ့မယ်လေ. . . "

မသိချင်ယောင်ဆောင်လို့ ယဥ်စရဲ့ ထီးရိပ်မှာ အသာခိုလိုက်လာခဲ့တယ်။ ဒါပေမယ့် မနေနိုင်ပါဘူး။

" ပေးပါ. . . ကိုယ် ထီးမိုးပေးပါမယ်. . . "

ယဥ်စက ရုတ်တရက်တော့ တွေသွားသလိုပါပဲ။

ဒါပေမယ့် ရွှေမိုးညို့ဆီ ထီးကလေးရောက်လာခဲ့တယ်။ မျက်နှာလိုက်ပါရစေ။ ချစ်သူဘက် ပိုဆောင်းပေးပါမယ် ချစ်သူ မစိုစေချင်လို့ပါ။

" ထီးမဆောင်းတတ်ရင်လည်း ဆောင်းမနေနဲ့ ရွှေမိုးညို့ တည့်တည့်မတ်မတ်ကိုင်ပါဟား "

" ဩော် ဒါကတော့ ကိုယ်က ကပ်ဆောင်းပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ရှင်ဘက်တော့ ပိုဆောင်းပေးရမှာပေါ့. . . "

" ရှင်လည်းနေကောင်းအောင်နေပါ အဖေအမေရဲ့ တစ်ဦးတည်းသောသား ဒီအဖေဒီအမေကို ရှင်ပဲ ပြုစုရမှာလေ"

ဝါဝါတို့အိမ် မရောက်ပါစေနဲ့ဦး။

ရှေ့မှာရှိတဲ့လမ်းကို အကြာကြီးဆွဲဆန့်ပစ်လိုက်ချင်မိတယ်။

" အိမ်မှာတော့ ဟေမာ ခုရက်ပိုင်းပျော်နေတယ် အန်ကယ်လ်က သူ့စိတ်ကြိုက် ခွေးတစ်ကောင်ကို မွေးခွင့်ပေးလိုက်တယ်လေ. . . "

အံ့သြစရာပါပဲ။

ဒါပေမယ့် ယဥ်စအပြောအရဆို ဘရောင်နီကို ရွှေမိုးညိုလည်း သိပါတယ်။ ယုဇနတို့ရဲ့ခွေးပါ။ ယုဇနအိမ် ခဏခဏ ရောက်ဖူးနေတာ လိမ္မာလွန်းသော ဘရောင်နီနှင့် ရွှေမိုးညို မသိစရာမရှိပါဘူး။

" ယုဇနတို့နိုင်ငံခြားသွားမှာတော့သိတယ် ဘရောင်နီကို ဟေမာယူလိုက်မယ်မထင်ဘူး. . . ဘရောင်နီက လိမ္မာပါတယ်"

" လိမ္မာတယ် ဘယ်လိုဆိုဆို ယဥ်စကြောက်တယ် "

" ယဥ်စကြောက်တယ်လား "

" တစ်ခုတော့ ကောင်းပါတယ် ဟေမာက သူ့ခွေးကို အိမ်ထဲမှာ မထားပါဘူး ခြံနောက်ဘက်မှာ အိမ်ကလေး





ဆောက်ထားပေးတယ်. . . ပုပုတော့ ဘရောင်နီကို ပြုစုရတာ တစ်ခု တိုးတာပေါ့. . . "

" ငြိမ်းချမ်းရော အခြေအနေဘယ်လိုရှိလဲ "

" တိုးတက်ပါတယ်. . . ယဥ်စကို စကားပြောနေတာပဲ သွက်သွက်လက်လက်နဲ့ အရင်လို မပြောသေးတာ တစ်ခုပါပဲ သူပြောချင်တာကို ယဥ်စ နားလည်အောင် ပြောတတ်နေပါပြီ ယဥ်စလည်းလေ မေမေနဲ့ ငြိမ်းချမ်းသဲ့ယောဇဉ်ကြောင့်သာ အဲဒီအိမ်မှာမနေချင်ဘူး. . . ယဥ်စဘာသာ အလုပ်ကလေးရှာ ယဥ်စဘဝကို ယဥ်စ ထူထောင်ချင်တယ် ရွှေမိုးညိုရယ်. . . "

ကိုယ့်ကိုတိုင်ပင်တာလား။

ကိုယ့်ကို ယုံကြည်တာလား။

ကြည်နူးချမ်းမြေ့ရပါဘိ။

" တစ်နေ့ ယဥ်စဖြစ်ချင်ရာတွေ ဖြစ်လာမှာပေါ့. . . "

ချစ်သူမပျော်ရွှင်သော နေရာမှ ပျော်ရွှင်မည့် နေရာသို့ လက်ဆွဲခေါ်ချင်ပါတယ်။

" ယဥ်စသွားမယ်. . . ထီးကို ရွှေမိုးညိုယူသွား မနက်ဖြန်ညနေလာမှ ယူမယ်. . . "

ပထမတော့ ငြင်းမလို့ပါ။

ဒါပေမယ့် ထီးလာယူဖို့ဆိုတော့ အိမ်ကို ယဥ်စလာမှာ သေချာပြီလေ ဒါကြောင့် ခေါင်းညိတ်လိုက်တယ် ဝါတို့ဆိုင်အထိ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်စကိုပို့ပေးပြီးမှ ပြန်လာခဲ့တာ ကြည်နူးရသော မိုးဖွဲ့တွေပါပဲ ယဉ်စရယ် . . .။

✧ ✧ ✧ ✧ ✧

" ယဉ်စနဲ့ မိုးညို့ ဘယ်မှာတွေ့လာတာလဲ "

" ကားမှတ်တိုင်နားမှာပါ. . . သူတစ်နေရာရာက ပြန်လာတာနေမှာပေါ့. . . "

ယဉ်စဒီလိုပြောတော့ ဝါဝါရယ်နေတယ်။ ဘာ့ရယ်တာလဲဝါရယ်ဆိုတော့ တစ်နေနေရာက ပြန်လာတာလား. . . အဲဒီတစ်နေရာရာမှာပဲ တွေ့ချင်သူကို စောင့်နေတာလားဆိုတာ မိုးညို့မှသိမှာပေါ့လေတဲ့။

" မဟုတ်တာ့ဝါရယ်. . . "

" ဟုတ်ပါတယ် မိုးညို့နဲ့ဝါ ခင်တာကြာပြီ ကြည့်ရင် သိတာပေါ့ "

" သူ့မှာ ဟေမာ့ထက်ပဲ ရင်းမယ့်လူ ရှိနိုင်မလား "

" ဟေမာနဲ့ သူငယ်ချင်းတွေလို့ သူပြောနေတာပဲ "

" ဟေမာနဲ့သူ ဒီလောက်ခင်နေတာ သူနဲ့ယဉ်စ မပတ်သက်ချင်ပါဘူး. . . နဂိုရိုတ္တာမှ ဟေမာမုန်းနေတဲ့ အမုန်းထ ပြင်းထန်နေတာ သူ့ရွှေမိုးညို့ကိုပါ ယဉ်စက လုပါတယ်ဆို





တော်ပါပြီ. . . "

" ဘာဆိုင်လဲ. . . အဓိကက မိုးညို့စိတ် မိုးညို့အချစ်ပါ မိုးညို့က ဟေမာ့ကို မချစ်ပါပဲ ယဉ်စကိုမှ ချစ်ရင် ဘယ်သူ့ဖျက်လို့ ရမလဲ. . . "

" မချစ်ပါနဲ့ မချစ်ပါနဲ့ မချစ်တာအကောင်းဆုံးပါပဲ "

ဒါပေမယ့်။

ယဉ်စလေ. . . ဘာလို့များ ရွှေမိုးညို့ကို ယုံကြည်စိတ်ချစွာနှင့် ရင်ဖွင့်ခဲ့ရတာပါလိမ့်။ ငြိမ်းချမ်းမြိုင်မှာ မနေချင်ပါဘူးလို့ ဘာလို့ပြောမိရတာလဲ။ ဒါကလည်း သူနှင့်ငြိမ်းချမ်းမြိုင်ဟာ ပတ်သက်ဆက်စပ်မှု ရှိနေလို့ ပြောခဲ့မိတာ ထင်ပါရဲ့လေ. . . ။ ဟုတ်မှာပါ။ ဒါမှမဟုတ် သူ့အပေါ် ယုံကြည်စိတ်ချစွာ ရင်ဖွင့်မိတာလား။

မဖြစ်ရဘူး။

မချစ်ရဘူး။

ဟေမာနှင့် ပိုပြီးတော့ ရင်ဆိုင်ရမည့် အခြေအနေတွေ။ ရွှေမိုးညို့အပေါ် ဟေမာ ဘယ်လိုသဘောထားတယ်ဆိုတာ ယဉ်စသိနေတာပဲ။

အန်တီကြီးနှင့်ယဉ်စ ခင်မင်နေတာကိုတောင် ဟေမာ ကြိုက်တဲ့အကြည့်နဲ့ကြည့်တာ ယဉ်စသိနေခဲ့တာပဲ။

" နောက်မှ ဝါပြောတာ မှန်တယ်ဆို မပြောနဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" မပြောပါဘူးဝါရယ် မမှန်ပါစေနဲ့သာ ယဥ်စတွေး တာပါ. . . "

" မှန်ရောဘာဖြစ်လဲ ဟေမာ့ကို မင်းသိပ်ထည့် တွေးမနေပါနဲ့ ယဥ်စ မိုးညိုအချစ်သာအဓိကပါ. . . "

မိုးညိုအချစ်တဲ့။

မိုးညိုအချစ်တဲ့လား။

တော်ပါပြီ။ ရွှေမိုးညိုအချစ်ကိုလည်း ယဥ်စ မလိုချင် ပါဘူး။ ဟေမာနှင့်လည်း အမုန်းတွေ ပိုသည်ထက် ပိုမနေချင် ငြိမ်းချမ်းမြိုင်ကို ခွဲခွာပြီး ယဥ်စခြေထောက်ပေါ် ယဥ် ရပ်တည်နိုင်မယ့်နေ့ပဲ မျှော်ရမယ်။

" အစ်မယဥ်စတောင် ရောက်လာပြီ ဒီမှာ နိ ဖျားနေတယ် "

" ဟယ် ဟုတ်လား. . . မိုးမိလို့လား. . . ဆေးခ မသွားဘူးလား "

" ဆေးခန်းသွားပါတယ်. . . ဆေးလည်း သောက်ထ တယ်. . . "

" နေမကောင်းရင် စာမသင်နဲ့ဦး. . . နားဦးလေ "

နီနီနေမကောင်းရင်တော့ စာမသင်ဖြစ်တော့ပြန်ပါ ဒါပြ , ဝါဝါနှင့်အတူ အိပ်သော အခန်းထဲမှ စာဖတ်နေလိုက်ပါတယ်။ အပြင်မှာတော့ မိုးတွေက တစိမ့်





ရွာပဲရွာနိုင်လွန်းပါရဲ့. . . ။ ဒါကြောင့် ဖတ်လက်စ စာအုပ် တလေး ခဏချထားပြီး ပြတင်းတံခါးဖွင့်ကြည့်မိတယ်။ မိုးပေါက် တွေက စွေစောင်းပြီးရွာနေတာ ပြတင်းဘက်ကို ရောက်မလာလို့ းမပက်ဘူးပေါ့. . . ။ ဝါတို့ခြံထဲမှာတော့ သစ်ပင်ငယ်တွေပဲ ျားနေပါလား။ ခြံကလည်း ကျဥ်းတယ်လေ။ ငြိမ်းချမ်းမြိုင် ခြံကြီးနှင့်စာရင်တော့ ဒီခြံကလေးက ဘာများ ပြောပလောက် ာတဲ့လဲ. . . ။

ယဥ်စလေ အခုပိုသိလာတယ်။

ပြည့်စုံခြင်းနဲ့ ပျော်ရွှင်ခြင်းဆိုတာ တခြားစီပါပဲလား။

မေမေရှိလို့သာ. . .

ငြိမ်းချမ်းမြိုင်ဟာ ပြည့်စုံပါတယ်။

ဒါပေမယ့် မပျော်ရွှင်ဘူး. . . ။

" ယဥ်စ မိုးမပက်ဘူးလား. . . "

" ဟင့်အင်း မပက်ဘူး လာကြည့်ပါလား ဝါဝါ. . . ကော်တွေက တစ်စက်ခြင်း စည်းချက်ညီညီကျနေတာ ပိန်းရွက် ာလေးလည်း ယိမ်းကနေသလားမှတ်ရဲ့ "

" ယဥ်စကလည်းလေ သိပ်မြင်တတ်တာပဲ ယဥ်စပြောမှ န်းရွက်အငြိမ်မနေတာ ဝါမြင်တော့တာ. . . "

" ယဥ်စစိတ်မှာတော့ ပိန်းရွက်ကလေး စည်းချက်ညီညီ ကနေသလို လှုပနေတာ. . . ဝါပြောတော့မှ ပိန်းရွက်



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်မနေဘူးတဲ့. . . ဒါကိုကြည့်ရင် လူတွေဟာ တစ်ယောက် တစ်ယောက် အမြင်မတူညီဘူးလို့ ပြောလို့ရတယ်. . . ခံစားမှုလည်း မတူဘူး. . . ”

“ ချစ်သူတွေဆိုရင်တော့ ခံစားမှုတူညီအောင် ညှိယူကြမှာပဲ မဟုတ်လား. . . ယဉ်စတို့လိုပေါ့ ”

“ အံမယ် ယဉ်စမှာမှ ချစ်သူ မရှိဘာကိုး ”

“ နောက်ရှိမှာပါ. . . ”

“ အစ်မယဉ်စ မမဝါ ဆိုင်ထဲမှာ ကိုကြီးမိုးညို ရောက်နေတယ် ”

“ တွေ့လား လာရပြန်ပြီ. . . မိုးရွာကြီးထဲမှာ ခေါက်ဆွဲ ခေါက်ပြန်နဲ့ ခံစားမှုတွေ တူညီအောင် ညှိချင်နေပုံရတယ်. . .

ဝါဝါ့အပြောကြောင့်လည်း ပြုံးရပါတယ်။

ရွှေမိုးညိုကလည်း ပြောစရာကိုဖြစ်နေပြီ။ မိုးရွာထဲ ဘယ်လိုဖြစ်ပြီး ခေါက်တုံ့ခေါက်ပြန်ဖြစ်နေရတာလဲ နေမကောင်းဖြစ်ရင် မခက်လား။ ပြောမရဆိုမရနဲ့ ရင်ထဲဝင်ကြည့်မိတယ်။ ရွှေမိုးညိုရောက်လာတယ်ဆို ယဉ်စရင်ထဲမှာ ကြည်နူးမှုလား လှိုက်ခုန်သော ခံစားမှုတစ် တငြိမ့်ငြိမ့် ရှိနေသလိုပါလား။

✧ ✧ ✧ ✧ ✧





“ မေမေ ဘာချက်လဲ ”

“ သား. . . မိုးမိလာတာလား အဝတ်လဲချေလေ ဒီနေ့ ဖေဖေရောသားပါ အိမ်မှာရှိတုန်းမို့ နန်းကြီးသုတ် သုတ်ပေးမလို့”

“ အတော်ပဲမေမေ. . . နန်းကြီးသုတ် မပို့ဘူးလား ဝါဝါတို့အိမ်မှာ ယဉ်စရောက်နေတယ်. . . ”

“ ကျွေးချင်တယ် ဆိုပါတော့. . . ”

“ ဒါပေါ့ မေမေရာ. . . ယဉ်စနဲ့ ဝါဝါ့ကို သားသွားခေါ်လိုက်မယ်နော် မေမေ. . . ”

“ ခေါ်ချေလေ. . . ”

စိတ်ပျော်ရွှင်စွာနှင့် ဝါဝါတို့ဆိုင်ကို ပြန်လာခဲ့ပြန်ပြီ ရွာလွန်းတယ် မိုးရယ်. . . ဒါပေမယ့် မိုးရွာရွာ နေပူပူ ချစ်သူအနားမှာ ရှိဖို့သာ ရွှေမိုးညိုအတွက် လိုအပ်ပါတယ်. . .။ ဝါဝါတို့ဆိုင်မှာရပ်စောင့်ရင်း သိပ်ပိုနေပြီလို့ ယဉ်စထင်မလားမသိ။

ကိုယ့်ရင်ထဲက အချစ်ကို ယဉ်စသိသွားမယ်ဆိုလည်း ကောင်းပါတယ်လေ. . .။

“ မိုးညို. . . နင့်ဟာယ် မိုးတွေလည်းရွှဲနေပြီ ဘာကိစ္စ ပြန်လဲ ”

“ အိမ်မှာ မေမေနန်းကြီးသုတ်နေလို့ နင်နဲ့ယဉ်စကို လာခေါ်တာ. . . ”

“ အန်တီကြီးကလည်းလေ နေမကောင်းဖြစ်ယာအဘာ

www.burmeseclassic.com



ဘာမှမကြာသေးဘူး. . . အပင်ပန်းခံရတယ်လို့ပဲ ”

“ မေမေက ထမင်းဟင်းချက် ဝါသနာကိုပါတာ ”

“ ယဉ်စ. . . ဝါဆိုင်စောင့်ရဦးမှာမို့ ယဉ်စ လိုက်သွား

ပါဟယ် အန်တီကြီးကို အားနာပါတယ်. . . ”

နီနီကလည်းဖျားနေပြီး ဝါဝါက ဆိုင်စောင့်မယ်ဆိုလို့

ယဉ်စတစ်ယောက်တည်း လိုက်လာခဲ့ပါတယ်။ နှစ်ယောက်အတူ

လျှောက်လာရတယ်ဆိုရင် ဘယ်လောက်သည်းသည်း သည်းချင်

သလောက် သည်းတော့ မိုးမင်းကြီးရယ်. . .။

“ အန်တီကြီးကို အားနာတယ် ”

“ ဘာအားနာစရာရှိလဲ ဖေဖေရော မေမေကပါ

ယဉ်စကို ခင်မင်ကျေးဇူးတင်နေတာပါ. . . ”

ယဉ်စလာတာမို့ သိပ်ပျော်ရပါတယ်။ အမြဲတမ်း

အနားမှာ ဒီလိုရှိနေပေးပါလား ချစ်သူ။

ဟိုတစ်ချိန်တုန်းက မိုးမမြင်လေမမြင်ဆိုတဲ့

စကားအဓိပ္ပါယ်ကို အမှုမဲ့ အမှတ်မဲ့ နေခဲ့တယ်၊ အခုတော့

တကယ်သဘောပေါက်ရတယ်။

“ ယဉ်စရယ်. . . ကိုယ်လေ မိုးမမြင် လေမမြင်

ဖြစ်နေခဲ့တာကြာပြီ. . . အခုလည်း ဒီလိုပဲ. . . ”

“ မိုးမြင်လို့ ရှင်ထီးဆောင်းလာတာမို့လား

ဘာမိုးမမြင်လေမမြင်လဲ. . . ”





ချစ်သူ့မျက်စောင်းသည်လည်း အလှတရားမှာ

တစ်ပါးအပါအဝင်ဆိုတာ ရွှေမိုးညို သိခွင့်ရပါပြီ။

“ အန်တီကြီးရယ် ပင်ပန်းအောင် အလုပ်တွေ

သိပ်မလုပ်နဲ့လေ. . . အလုပ်တွေ ရွှေမိုးညိုကို ခိုင်းမှပေါ့. . . ”

“ မီးဖိုချောင်အလုပ်ကျတော့ သူ့ကို ဘယ်ခိုင်းလို့ရပါမလဲ

သမီးရဲ့. . . ဘာခိုင်းခိုင်း အရာရာနဲ့အကြောင်းကြောင်း

ကလည်း ရှိတယ်. . . ကြက်သွန်လှီးခိုင်းပါတယ် လက်ထိရတာနဲ့

မျက်ရည်ထွက်အောင်စပ်ရတာနဲ့. . . ”

“ အစားကျတော့ သူအများဆုံးစားတာ မဟုတ်လား

အန်တီကြီး. . . ”

“ ဟုတ်တာပေါ့ကွယ် ”

မေမေနှင့်ယဉ်စ ခင်မင်စွာစကားလက်ဆုံကျတာကိုပင်

ရွှေမိုးညို သဘောကျနေမိပါတယ်။ ဒီမိသားစုမှာ မင်းထာဝရ

ပျော်ရွှင်နေစေချင်တာကိုး ယဉ်စရယ်. . .။

“ အန်တီကြီး အမောဖြေရင်း ထိုင်နေပါလား ယဉ်စ

နန်းကြီးသုတ်ပေးပါမယ်. . . ”

“ ကျေးဇူးပဲသမီးရယ် ”

ပိုလို့တောင် ကျေနပ်ရပါသေးတယ်၊

ချစ်သူလက်ရာကို စားရမှာလေ၊ ယဉ်စရဲ့လှုပ်ရှားမှု

မှန်သမျှကို ပီတိတွေနှင့် ကြည့်နေမိတာပါ၊ မင်းရဲ့မြန်ဆန်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်တဲ့ လက်ကလေးတွေ အသုတ်သုတ်တဲ့ အချိန်အဆ လက်ရာတွေ မင်းဟာ မီးဖိုချောင်ကို အကျွမ်းတဝင်ရှိပြီး နားလည်တတ်ကျွမ်းနေတာ အသိသာကြီးပါ။

" သမီးကိုကြည့်ရတာ ထမင်းဟင်းချက်တာ ကျွမ်းကျင်ပုံပါပဲ "

" မေမေက ဟင်းချက်သိပ်ကောင်းတယ် အန့်တီကြီးရဲ့ တစ်ရက်ကျမှ မေမေ့လက်ရာကို အန်တီကြီးကို ကျွေးဦးမယ်။ ယဉ်စကို သင်ပေးတယ်ဆိုပေမယ့် ယဉ်စလက်ရာက မေမေ့ကို မမီဘူး "

" သမီးမေမေရဲ့ အလွန်ကောင်းသော လက်ရာကို အန်တီကြီး စားဖူးပါတယ်. . . ဂေဇာ ယူလာကျွေးဖူးတာ တကယ်ကောင်းတာပါပဲကွယ် "

" ဟေမာ. . . "

ဒီလိုဆိုတော့ ယဉ်စ ဘာမှမပြောတော့ပါဘူး။ ယဉ်စ ပြင်ဆင်ကျွေးတဲ့ နန်းကြီးသုတ်ကိုစားရတာ ပီတိအပြည့်အဝနှင့် ကောင်းလွန်းနေပါတယ်ပြောရင် မေမေ ခေါင်းခေါက်လေမလား တစ်သက်လုံး မေမေ ချက်ပြုတ်ကျွေးသမျှ စားလာပြီး ခုတစ်ခါပဲ ချစ်သူပြင်ဆင်ကျွေးသမျှ စားရတာ ဘာလို့များ ခံစားမှုတွေ မတူရတာလဲ။

ချစ်သူပြင်ဆင်ကျွေးသမျှကတော့ နှလုံးသားနှင့်ခံစား





သလားမှမသိတာ။

" အန်ကယ်လ်ကြီးရော ဘယ်သွားတာလဲ "

" နားရက်လေးတစ်ရက် နားပါဆိုမှ သူ့ကွန်ပျူတာ ဖွက်လို့ဆိုပြီး ဆိုင်ကိုသွားတယ်လေ. . . သူက အမြဲ အလုပ်များနေတာ အားလပ်ရက်မရှိဘူး. . . အချိန်ကို အလဟဿ ဖြုန်းရင် မကြိုက်ဘူးသမီးရဲ့. . . "

ယဉ်စရယ်။

အခုလိုမျိုးသာ ရွှေမိုးညိုရဲ့ မိသားစုမှာ ယဉ်စ ထာဝရ ရှိနေစေချင်မိတယ်။

အတူတူရှိနေရမည်ဆို သိပ်ကို ဝမ်းသာပျော်ရွှင်ရမှာပါလား ဒါပေမယ့် ချစ်သူအမုန်းတော့ မလိုချင်။

✧ ✧ ✧ ✧ ✧

" ငြိမ်းချမ်း. . . အစ်မယဉ်စတို့ ခြံထဲသွားရအောင် "

နှစ်ယောက်အတူ ခြံထဲဆင်းရင် ငြိမ်းချမ်းက ပန်းတွေရဲ့နာမည်ကိုလည်း ရွတ်ပြနေတတ်နေပါပြီ။ ဒါကြောင့်မို့ ခါတိုင်းလိုပဲမှတ်ပြီး ခြံထဲဆင်းခဲ့တာပါ။ ပန်းရုံတွေရဲ့ဘေးကို အရောက်မှာမှ ပြေးလာတဲ့ အရိပ်ကြောင့် ယဉ်စ သိလိုက်ပါပြီ။

ဘာရောင်နီ။



www.burmeseclassic.com

www.burmeseclassic.com



ဘရောင်နီဟာ တစ်ရှိန်ထိုးပြေးလာတာ အနီးဆုံး
နေရာကို ရောက်နေပြီ။ ငြိမ်းချမ်းကို ကာကွယ်ပေးဖို့ ရှေ့မှာ
မားမားမတ်မတ် ရပ်နေရတယ်။

ယဉ်စ ကြောက်ရတာ လိပ်ပြာလွင့်မတတ်ပါပဲ။

" ဘရောင်နီ. . . သူ့ကိုမင်းမကိုက်ချင်စမ်းပါနဲ့ကွယ်
သူတို့ကို မင်း ဝေးဝေးကရှောင်စမ်းပါ "

ဟေမာ့အသံကြောင့် ပြေးလာတဲ့ဘရောင်နီက
ရပ်တန့်ပြီး နောက်ပြန်လှည့်သွားပါပြီ။ ဒေါသမျက်ဝန်း
တွေကတော့ ယဉ်စကို ကြည့်နေဆဲ။

" ဟေမာ. . . ဘရောင်နီကို ပြန်ခေါ်သွားချင် ခေါ်သွား
မခေါ်လည်း ယဉ်စတို့ ငြိမ်းချမ်းတို့ကို ခင်ပါစေလား တစ်အိမ်
တည်း အတူနေရတာ. . . "

" ဘာလို့ သူတို့ကို ခင်စေရမှာလဲ ဘရောင်နီက
ဟေမာ့ခွေးပါ. . . သူတို့နဲ့ မပတ်သက်စေချင်ပါဘူး. . . "

" သူ့ကို ခြံထဲမှာပဲ လွတ်လွတ်လပ်လပ် လွှတ်ထား
လား။ လိမ်မာတဲ့ ခွေးတစ်ကောင်ကို ဟေမာအမြဲ
လှောင်ထားရင် ဆိုးသွားလိမ့်မယ် "

" ဟေမာ့ခွေး ဟေမာ့သဘောပါ ကိုကိုမပြောပါနဲ့ "

" နင့်သဘောပဲလေ မပြောနဲ့ဆို မပြောရုံပေါ့. . . "

ကိုမင်းသန့်လည်း ဟေမာ့ကို စိတ်ပျက်နေပြီ ထင်ပါရဲ့





" တော်သေးတာပေါ့ ကိုမင်းသန့်လည်း ရောက်လာလို့
ယဉ်စ အရမ်းကြောက်သွားတာပဲ. . . "

" ဘရောင်နီဟာ အတော်ကြီး လိမ္မာတာပါ. . .
ယဉ်စကို ကိုက်လို့ကတော့ ဘယ်သူ့ခွေးဖြစ်ဖြစ်. . . ကျွန်တော်
သတ်ပစ်မယ်. . . "

" ရှင်. . . "

ယဉ်စ အံ့ဩစွာရှိနေဆဲ၊ ကိုမင်းသန့်က အနားမှာ
ရှိသည့်ပန်းပင်တစ်ပင်မှ အရွက်ကလေးတစ်ရွက်ကို ခူးယူပြီး
ယဉ်စဆီ လက်ကမ်းပါတယ်။

ယဉ်စ မယူရဲပါဘူး။

အလွယ်တကူ နားလည်နိုင်ပါသော စွယ်တော်
ရွက်တစ်ရွက်ကို ယဉ်စ လက်ခံယူယိုက်မည်ဆို ကိုမင်းသန့်
ဘယ်သို့ တွေးမည်လဲ။ သူ့အချစ်ကို ယဉ်စကပါ နှစ်သက်
လက်ခံသည်လို့ သေချာပေါက် တွေးတော့မည်ပေါ့။

" ယဉ်စကို ချစ်တယ်. . . "

သက်ပြင်းတစ်ရှူက်ကို ရှင်မြင်ရဲ့လား။

သည်သို့သောခံစားမှုကို ကိုမင်းသန့်ဆီမှာ မရှိစေ
ချင်ပါဘူး။ ယဉ်စဆီမှာလည်း ကိုမင်းသန့်ကို ချစ်သည့်
အချစ်ဆိုတာ မရှိဘူးလို့ သေချာသိနေတာပဲလေ။

" ဖြေပါဦးယဉ်စရယ် "

www.burmeseclassic.com



" အမှန်အတိုင်း ဖြေရရင် ကိုမင်းသန့်ကို ယဉ်စ မိတ်ဆွေတစ်ယောက်လိုပဲ ခင်မင်ပါတယ်. . . "

" ဒက်ဒီနဲ့ အန်တီနွယ် ကိုယ်တိုင်ကပါ ကျွန်တော်တို့ကို လက်ထပ်စေချင်သလို ယဉ်စကို ကျွန်တော်တကယ်ချစ်တာပါ"

" ကိုမင်းသန့် အချစ်ကို မယုံကြည်လို့ မဟုတ်ပါဘူး ယဉ်စမှာ ချစ်တယ်ဆိုတဲ့ ခံစားမှုမရှိလို့ပါ. . . မေမေတို့ ဘယ်လို သဘောတူပါစေ ယဉ်စ ဘဝခရီးဖော်ကို ယဉ်စ စိတ်တိုင်းကျ ရွေးမှာပါ. . . "

ငြိမ်းချမ်းကတော့ ယဉ်စကို မော့ကြည့်နေဆဲပါလား။ ဒါကြောင့် ငြိမ်းချမ်းကို ပန်းပင်တွေဘက် တွန်းခေါ်လာခဲ့ပါတယ်။ နောက်ဆို ခြံထဲဆင်းရင်တော့ ဘရောင်နီကို သတိထားမှပါ။ ခွေးကိုက်မှာလောက် ကြောက်တာမရှိ။ ပြီးတော့ ဘရောင်နီလို ခွေးမျိုးတွေက လူကိုအသေကိုက်တတ်တာမျိုး။

" ယဉ်စရေ. . . သမီး "

" လာမယ် မေမေ. . . ခဏလေးပါ။ ငြိမ်းချမ်း အစ်မတို့ အခန်းခဏပြန်ရအောင်နော်. . . "

" ရတယ်ယဉ်စ ငြိမ်းချမ်းကို ထားခဲ့ပါ. . . ကျွန်တော် ကြည့်ထားမယ် "

မေမေတာပြောလေဦးမည်မသိ။ ကိုမင်းသန့်နှင့် ကိစ္စများလား။





ထင်တဲ့အတိုင်းပါပဲလေ။

" သမီး. . . မောင်မင်းသန့်ကို ဘာလို့ ငြင်းရတာလဲ"

" ဟင် မေမေသိတယ်. . . "

" မေမေဘာလို့မသိရမှာလဲ. . . သမီးကို မေမေ ပြောပြီးပြီ ကိုဇော်တို့ ချမ်းသာသမျှမှာ မောင်မင်းသန့်ရမယ့် အမွေတွေလည်း အများကြီး. . . "

" အမွေ. . . "

မေမေကလည်းလေ။ သည်မျှ များသောငွေကို မေမေသုံးချင်သလို သုံးစွဲနိုင်ခွင့်ရပြီ။ သည်ကြားထဲ နောက်ထပ် ငွေ ငွေနဲ့ တမ်းတဆဲလား။ ယဉ်စဖြင့် သည်ငြိမ်းချမ်းမြိုင်မှာ ပျော်တယ်လို့ပင် မခံစားရ။

" မောင်မင်းသန့်နဲ့သမီးကို မေမေသဘောတူတယ် မောင်မင်းသန့်ကို သမီးလက်ထပ်ရမယ် "

" မေမေ့ဘဝအဖော်ကို မေမေ့ဘာသာ ရွေးတုန်းက ယဉ်စဘာများပြောခဲ့သလဲ. . . မေမေစိတ်ချမ်းသာရင် ပြီးရော ဆို နေခဲ့တာပါ ယဉ်စဘဝအဖော်ကိုလည်း ယဉ်စဘာသာ ရွေးပါ စေလား. . . "

" မရဘူး. . . မေမေသဘောကျသလိုပဲ နေရမယ် "

ယဉ်စကို သည်သို့ အကျပ်ကိုင်ပြီးပြောနေတာမျိုး မှစ်သက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



" ကိုမင်းသန့်ကို ယဉ်စလက်မှတ်ပ်နိုင်ပါဘူး မေမေ မေမေ့ကိုချစ်တဲ့ သံယောဇဉ်နဲ့သာ ငြိမ်းချမ်းမြိုင်မှာ ယဉ်စနေနေရတာ ယဉ်စစိတ်နဲ့ဆို မနေဘူး "

" ဒီမှာ မနေဘူး ဒီမှာမနေလို့ ဘယ်မှာသွားနေချင်သေးသလဲ ပြောစမ်းပါဦး ယဉ်စစရဲ့. . . "

" ယဉ်စခြေထောက်ပေါ် ယဉ်စရပ်ပြီး ဘဝကို ထူထောင်မှာပေါ့ "

" ဩော် ငွေမရှိပဲ ပင်ပန်းကြီးစွာ လုပ်ရှားချင်တယ်ဆိုပါတော့ အမေက အဖြောင့်ဖြူးဆုံးလမ်းရွေးပေးတယ်။ သူက လက်မခံချင်ဘူး. . . ဒီမှာ ယဉ်စ မေမေက လက်နဲ့ရွေ တာကို ခြေနဲ့ဖျက်မယ်ဆိုရင်တော့ ခုနကပြောသလို ငြိမ်းချမ်း မြိုင်က ထွက်ခွာတာ အကောင်းဆုံးပဲ "

မေမေသည်သို့ ပြောပြီလား။

ပြောရက်သည်လို့ ရင်မှာထိခိုက်ခံစားရပါတယ် ငြိမ်းချမ်းမြိုင်မှာ တစ်သက်တာ မှီခိုနေဖို့ စိတ်ကူး ယဉ်စမှ မရှိပါဘူး ဒါပေမယ့် မေမေ့ နှုတ်ဖျားမှ သည်သို့ ပြောသည် ကိုတော့ ယဉ်စစိတ်က ခံနိုင်ရည်မရှိစွာ နာကျင်မိပါရောလား

✧ ✧ ✧ ✧ ✧





ချစ်သူလာမည့်လမ်း. . . မျှော်လင့်ရင်း စက္ကန့်တွေကို ပင်ပန်းစွာ ဖြတ်သန်းရပါလား။ ထူးဆန်းစွာပါပဲ ဟေမာနှင့် နှစ်များစွာ ခင်မင်ရင်နှီးသမျှ. . . တစ်ခါမှ ခုလိုမျိုး မောပန်းခြင်း တွေလည်း မရှိခဲ့ပါဘူး။ အချစ်ဆိုတာ အတော် အင်အားကြီး သလား။ လူကို အများကြီး ပြောင်းဆန်နေအောင် စွမ်းဆောင်နိုင် ပါဘိ။

" ရွှေမိုးညို ဘာလုပ်နေတာလဲ "

" ဟင် ယဉ်စ. . . ဘယ်လိုရောက်လာတာလဲ ကိုယ်ကဖြင့် ဟိုနေရာကို လှမ်းကြည့်နေတာ. . . "

" ယဉ်စက အဲဒီဘတ်စ်ကားတစ်စီးကိုပဲ တရားသေ စီးရမှာလား. . . ဟိုဘက်ကလာတာ. . . "

" တော်ပါသေးရဲ့ "

" ဘာတော်ပါသေးရဲ့လဲ "

" ဩော် ယဉ်စကို လွတ်မသွားတာ တော်ပါသေးရဲ့ လို့ပြောတာ. . . "

" ဘာကိစ္စရှိလို့လဲ. . . "

" ကိစ္စ "

ပြဿနာပဲ. . .

မေးနေပြီ. . .

အချစ်ကိစ္စ အချစ်ကိစ္စလို့ ရင်ထဲရှိတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အမှန်အကန်ပြောလိုက်ရင် ကောင်းမလား။ ပြောလိုက်လို့ စိတ်ဆိုးသွားရင် ခုလောက်ခင်မင်မှုလေးတောင် မရတော့ဘူးဆို မခက်ပေဘူးလား။

" ဝါဝါ့ဆိုင်မှာ ဈေးဝယ်မလို့ပါ လမ်းထိပ်ရောက်တော့ ဒီနေ့ ယဉ်စလာမှာပါလားဆိုပြီး ဒီဘက်ဆက်လျှောက်ခဲ့တာ အတူသွားရအောင်လေ. . . "

" အန်တီကြီး နေကောင်းလား "

" ကောင်းပါတယ် ယဉ်စက မေမေ့ကို ချစ်သလား "

" ချစ်တာပေါ့ ယဉ်စအမေကိုတောင် ယဉ်စချစ်တာ အန်တီကြီးလည်း မေမေ့အရွယ်ပဲ မဟုတ်လား. . . "

မိုးကလည်းမရှော . . .

မိုးရွှာတာကမှ ယဉ်စကို ထီးဆောင်းပေးရတာ ပိုပျော်စရာကောင်းသေးတယ်။ မိုးရွာစေချင်တယ်လို့ ပြောမိတာ အအေးမိပြီး ဖျားချင်ပြီလား ဒီနေ့ပဲ မိုးတိတ်တာ တိတ်ပါစေဦး အဝတ်လှမ်းထားတာတွေတောင် မခြောက်သေးဘူးတဲ့။

" အိမ်လာလည်ပါဦး ယဉ်စရာ "

" ခဏခဏမလာချင်ဘူး ရွှေမိုးညိုရာ အန်ကယ်ကြီးတို့ အန်တီကြီးတို့စိတ်မှာ ယဉ်စကို တစ်မျိုးထင်ရင် မကောင်းပါဘူး "

" ဘာလို့ထင်ရမှာလဲ ယဉ်စအကြောင်း သိပါတယ် "

" ဘာတွေသိလဲ ပြော. . . "





" စိတ်စေတနာကောင်းတယ် ကူညီတတ်တယ် စေတနာနဲ့ စာလည်းသင်တယ်. . . ဒုက္ခတွေ့နေတဲ့သူဆို ပစ်မထားရက်ဘူး. . . "

" တော်ပါတော့ တော်ပါတော့. . . အဲလောက် မမြှောက်ပါနဲ့ ယဉ်စဆီမှာ ဆိုးတာတွေလည်း ရှိပါသေးတယ် "

" အဆိုးရောအကောင်းပါ ရှိမှာပါ ကောင်းတာတွေ များရင် ပြီးတာပဲ "

" ရှင့်မှာရော ကောင်းတာတွေများရဲ့လား. . . "

" များတာပေါ့. . . "

ရွှေမိုးညိုက ကောင်းတာတွေဆိုပြီး လျှောက်ပြော ပြတော့ ယဉ်စပြုံးနေတယ်လေ။ အနားမှာ ချစ်သူရှိတာလောက် ပြည့်စုံတဲ့အချိန် မရှိပါဘူးကွာ။ အချိန်တိုင်း အတူရှိနေချင်ပြီ ယဉ်စရယ်. . .။

" ဝါဝါ့ဆီလာတဲ့ရက်ဆို ကိုယ်လာကြိုပါရစေ. . . "

" ဟင့်အင်း "

" ဘာလို့လဲ. . . "

" မကြိုပါနဲ့ ယဉ်စ လာတတ်နေတာပဲလေ. . . "

" ကြိုပါရစေ. . . ယဉ်စကို ကိုယ်လေ. . . ချစ်တယ် ခွင့်ပြောရင် စိတ်ဆိုးသွားမှာစိုးရိမ်လို့ ရင်ထဲမှာ ထားနေတာ ပါပေမယ့် မရတော့ဘူး. . . အတူတိုတက်လာပြီး သူများဦး



www.burmeseclassic.com

www.burmeseclassic.com



သွားမလားဆိုတဲ့စိတ်နဲ့ နေလို့ကိုမရဘူး. . . "

ယဉ်စရယ်နေတယ်။

သိပ်ချစ်ဖို့ကောင်းပါတယ်။ တကယ်တော့ အချစ်ကို ရင်ထဲမှာ မြှုပ်နှံသိမ်းဆည်းပြီး တိတ်တိတ်ကလေး ချစ်နေဖို့ပါပဲ။ ဒါပေမယ့် ကိုမင်းသန့်နှင့် လက်ထပ်ဖို့ လူကြီးတွေ သဘောတူတယ်လည်းဆိုရော ရွှေမိုးညိုစိတ်တွေ ဘယ်လိုမှ နေမရတော့ဘူးလေ။ ယဉ်စကို စွန့်လွှတ်ရမလားဆိုတဲ့ ခံစားမှုဟာ ရင်ထဲမှာ ဖွဲ့မီးတစ်စနှယ် တမြေ့မြေ့ တောက်လောင်ကျွမ်းမြေ့နေတာ။ ယဉ်ဖပို့ အဲဒီခံစားမှု ပြောပြမိတယ်။

" ကိုမင်းသန့်နဲ့အကြောင်း ဘယ်လိုသိသလဲ. . . "

" ဟေမာ ပြောတယ် "

" ဟုတ်လား. . . ဘယ်လိုသဘောနဲ့ ပြောတာလဲ . . . စိတ်ဆိုးပြီး သဘောမတူဘူးဆိုတာမျိုးပြောတာလား "

" အကောင်းမမြင်ရင် အဆိုးအကြောင်းပဲ ပြောကြတာပေါ့ ကိုယ်ကတော့ ရင်ထဲခံစားလိုက်ရတာ. . . ယဉ်စကို ဘယ်သူ့မှ မပေးနိုင်ဘူး ယဉ်စကို ကိုယ့်ရင်ခွင်မှာဝဲထားချင်တယ်. . . "

" ရင်ခွင်မှာ. . . မနေချင်ပါဘူး "

" တကယ်လား "

" တကယ်. . . "





အတည်ပြောတာလားမသိ။ သည်မျှလောက် ပြောရုံနှင့် ရင်ထဲက မခံစားနိုင်ပါဘူး။ အချစ်ဆိုတာဒါလား။ ယဉ်စက တောင် ပြန်မချစ်သေးဘူး။ ဘယ်သူ့မှ မပေးနိုင်လောက်အောင် စားရပါလား။

" ယဉ်စသေချာစဉ်းစားပေးပါဦး. . . တကယ် သိပ်ချစ်တာ ဘဝခရီးတစ်လျှောက်လုံး အတူရှိပါရစေ. . . "

" မဖြစ်နိုင်ပါဘူး ရွှေမိုးညိုရယ် "

" ဘာလို့လဲ. . . "

" နဂိုရ်ကမှ ဟေမာကပြောနေတာ. . . ဟေမာ့ မုန်းတွေပိုလာမှာလည်း မလိုလားဘူး. . . ငြိမ်းချမ်းမြိုင်ကို စ်နေ့ ခွဲခွာဖို့ ဆုံးဖြတ်ထားပါတယ်. . . ဒါပေမယ့်. . . "

" ငြိမ်းချမ်းမြိုင်ကနေ ယဉ်စထွက်ခွာခဲ့ပါ. . . ယ့်ဘဝထဲကို ဝင်ခဲ့ပါ. . . ကိုယ့်ဘဝက ငြိမ်းချမ်းမြိုင်ရဲ့ ည့်စုံမှုကို မမီပေမယ့် ယဉ်စကို စိတ်ချမ်းသာပျော်ရွှင်တဲ့ ဝလေးတစ်ခုကို ရရပါစေမယ်. . . "

" ယဉ်စလည်း ငြိမ်းချမ်းမြိုင်ရဲ့ ပြည့်စုံမှုမှာ မပျော်ပါဘူး ဉ်စ စဉ်းစားဦးမယ် ရွှေမိုးညိုရယ် ဒါပေမယ့် ဟေမာ့ မုန်းတွေကိုလည်း စိတ်ပျက်နေပြီ. . . "

" စဉ်စားဦးမယ်. . . အမြန်ဆုံးနော် "

" ဘဝတစ်သက်တာအတွက် ခရီးစဉ်ကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင် ဘယ်ကောင်းပါမလဲ. . . ”

ဒါတောလည်း ဟုတ်ပါတယ်။ ဘဝခရီးတစ်လျှောက်လုံး အတွက် လက်တွဲရမှာ။ ယုံကြည်ပါ ယဉ်စု။ ဘဝခရီးတစ်လျှောက် သေတစ်ပန်သက်တစ်ဆုံး ယဉ်စရှေ့က မတ်မတ်ရပ်ပါမယ် ကိုယ့်နောက်ကသာ ရဲရဲဝံ့ဝံ့လိုက်ခဲ့ပါ ချစ်သူ။

◇ ◇ ◇ ◇ ◇

“ ချစ်တယ်တဲ့လား ယဉ်စတို့ကတော့ ကံကောင်းပုံမှာ လူနှစ်ယောက်က တပြိုင်နက် ချစ်တယ်တဲ့လား. . . ပြောပါဦး ယဉ်စရဲ့ နှလုံးသားက ဘယ်သူ့အချစ်အပေါ်မှာ တလှိုက်လှိုက် ခုန်နေသလဲဆိုတာ. . . ”

ဝါဝါကို ရင်ဖွင့်မိတယ်။ ယဉ်စကိုယ်တိုင်လည်း သူတို့နှစ်ယောက်ရဲ့အချစ်ကို ဘယ်သို့ခံစားသည် သိတာ ယဉ်စ နှလုံးသားရဲ့ လှိုက်ခုန်မှုကို ယဉ်စ မသိပဲနေမှာလား

“ ကိုမင်းသန့်ကို ခင်ရုံပါပဲ ”

“ ဒါဖြင့် ကိုရွှေမိုးညိုလေးကိုရော. . . ”

“ ပြောရမှာခက်ပါတယ် ဝါရယ်. . . ရွှေမိုးညိုကို ခံစားလို့ရပါတယ် သူလာကြိုနေတာတွေရရင်ကို ရင်ထဲ လှိုက် ခုန်သွားတာပါ ”





“ ဒါဆို မိုးညိုကို ချစ်တာပေါ့ ”

“ မချစ်ရဲသလိုပါပဲ. . . ဟေမာက သူ့အပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သိနေတယ်လေ. . . အမုန်းတွေ ပိုကြီးမားလာရင် မကောင်းပါဘူး. . . ”

“ ဘာဆိုင်လဲဟာ ဒါဆို ဟေမာနဲ့ မမုန်းရအောင် ရွှေမိုးညိုက ဟေမာ့ကိုချစ်ရမှာလား သူကမှ ဟေမာ့ကိုမချစ်ပဲ ယဉ်စကိုချစ်တာ ဘယ်လိုလုပ်မလဲ အချစ်ဆိုတာ ပြတ်သားတယ် ယဉ်စ သူချစ်ချင်တဲ့လူ ချစ်မှာပဲ ငယ်တည်းကခင်လို့ အခုမှ တွေလို့ ဒါတွေ တစ်ခုနဲ့မှမဆိုင်ဘူး. . . ဟေမာ့ကြောင့်ဆိုပြီး ဟေမာ့ကို လက်ထပ်မှာတဲ့လား. . . အမိပွားယ်မရှိတာ ချစ်ရင်ချစ်လိုက် ရဲရဲဝံ့ဝံ့ပဲ လက်ထပ်. . . မိုးညိုစိတ်ဓာတ် မဆိုးပါဘူး။ အန်တီကြီးကလည်း ရိုးသားဖြူစင်အေးချမ်းတဲ့ မိသားစုပါ. . . နင့်စိတ်နဲ့ကိုက်ပါတယ်. . . ”

ဝါဝါပြောတာ မှန်မှန်းသိပါတယ်။ ဒါပေမယ့် ယဉ်စက ရွှေမိုးညိုကို ချစ်တယ်။ ရွှေမိုးညိုနှင့် လက်ထပ်မည်လို့ ငြင်ပြောတဲ့အချိန် ငြိမ်းချမ်းမြိုင်အိမ်မှာတော့ ဘယ်သူတွေ ငါဖြစ်ကုန်မည်မသိ။

မေမေကလည်း ကိုမင်းသန့်မှ ကိုမင်းသန့်ဖြစ်နေတယ်။ စိတ်အတင်း မစီစဉ်ဘူးလို့ မပြောနိုင်။ မေမေ့ရဲ့ ပြည့်စုံမှုအပေါ် ကျေနပ်မက်မောတဲ့စိတ်ကိုလည်း ယဉ်စသိနေတယ်လေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



“ မေမေကလည်း ကိုမင်းသန့်မှ ကိုမင်းသန့်. . . ”

“ ဒါကတော့ဟယ် အန်တီ့ဘက်ကကြည့်တော့လည်း မိသားစုတွေ စည်းစည်းလုံးလုံးဖြစ်သွားတာပေါ့ ”

“ ယဉ်စဘက်ကကြည့်တော့ ယဉ်စမှ ကိုမင်းသန့်ကို မချစ်တာ. . . ”

“ မချစ်ဘူးဆိုလည်း မိုးညိုကိုပဲ ချစ်လိုက် ပြီးတော့ ရဲရဲဝံ့ဝံ့ရင်ဆိုင်လိုက်စမ်းပါ ယဉ်စရယ်. . . ”

တွေဝေနေဆဲလား။

အချစ်ဆိုတာ အင်အားကြီးသတဲ့။

အချစ်ဆိုတာ ချစ်သူအတွက်ဆို ရင်ဆိုင်ရဲဝံ့သတဲ့။

ယဉ်စရင်ဆိုင်ရဲဝံ့ရတော့မှာလား။ တကယ်ပဲလားဟင် ယဉ်စရှေ့မှာ မားမားမတ်မတ်ရှိနေမှာလား။ ယဉ်စ စိတ်ချမ်းသာ ပျော်ရွှင်တဲ့ ဘဝလေးတစ်ခု ရစေရမယ်တဲ့လာ ချစ်သူရှိရင် ကြမ်းတမ်းတဲ့လမ်းဖြစ်စေ လျှောက်ရဲမည်တဲ့။ အဲ အချစ်ရဲ့ အင်အားပေါ့နော်. . . ။

“ မေမေ့ကို လျှော့တွက်လို့မရဘူးဝါ. . . မေမေ ချက်ချင်းစီစဉ်မှာ. . . အရေးကြီးလာရင်တော့ ငြိမ်းချမ်းမြိုင် စွန့်ခွာရမယ်. . . ငြိမ်းချမ်းကို ထားပစ်ခဲ့ရမှာတစ်ခုတော့ ယ စိတ်မကောင်းပါဘူး. . . ”

“ ငြိမ်းချမ်းလည်း ယဉ်စကြောင့် တော်တော်နေကော





လာမြဲပဲ မဟုတ်လား. . . ယဉ်စရဲ့ ဘဝတစ်သက်တာအရေးမှာ သူ့ကို ခေတ္တခဏတော့ ထားခဲ့ရမှာပေါ့. . . ”

မေမေနှင့်ငြိမ်းချမ်းကိုထားရစ်ပြီး ခွဲခွာထွက်သွားမည် ဆိုပေမယ့် ရုတ်တရက် ချက်ချင်းတော့ဖြစ်သွားလိမ့်မည် မထင်ခဲ့ပါ။ ဒါကလည်း ကိုမင်းသန့်နှင့်လက်ထပ်ဖို့ကိစ္စအပေါ် မူတည်ပါတယ်။ မဖြစ်မနေ ဇွတ်အတင်းစီစဉ်မည်ဆို. . . ။ ယဉ်စဘဝကို ယဉ်စ တည်ဆောက်ရတော့မည်ပေါ့။

“ ဟောမာကလည်း တစ်မျိုး. . . မေမေ့ကို ရွှေမိုးညိုနှင့် လက်ထပ်ပါရစေဆို. . . ”

“ ကြိုတင်တွေးပြီး စိတ်မပူပါနဲ့ ယဉ်စ ပြင်ဆင်သင့်တာ ပြင်ဆင်ပေတော့. . . ”

ဟုတ်ပါတယ်။

တွေးပြီး မမောချင်တော့ပါဘူး။

ဖြစ်သမျှရင်ဆိုင်ရမှာပါပဲ။ အဲဒီဖြစ်လာသမျှမှာ မချစ်မနှစ်သက်သူရဲ့ ရင်ခွင်မှာတော့ ယဉ်စမနေနိုင်ပါဘူး။ ချစ်သူရင်ခွင်မှာဆိုရင် ဘယ်လိုခက်ခဲကြမ်းတမ်းပါစေ ရင်ဆိုင်နိုင်လိမ့်မည် သေချာပါရဲ့။

ယဉ်စကို သိပ်ချစ်တယ်။

ရင်ခုန်သံ တငြိမ့်ငြိမ့်မှာ. . . ယဉ်စတစ်ယောက် ကြည်နူးနှစ်သက်စွာ ရဲဝံ့ခဲ့တာများလား။ ယဉ်စလည်း ချစ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးညိုရယ်. . . အတွေးစမှာပင် ရင်ခုန်လှိုက်မောရခြင်း အပြည့်ပါလား. . . ။

✧ ✧ ✧ ✧ ✧

" ဟေမာ "

"ဟုတ်ကဲ့ မှိတ်မိသေးသားပဲ. . . "

" ထိုင်ဦးဟာ ငါ ဒီစာတစ်စောင် အပြီးရေးရမယ် မှားရင် ဖေဖေနဲ့ စကားပြောရမှာမို့ပါ ငါ့အနားမှာ ခဏငြိမ်ငြိမ်ထိုင်နေ"

နိုင်ငံခြားပို့မည့်စာဆိုတော့ အမှားအယွင်းမခံနိုင်။ မှားသွားရင် ဖေဖေ ဘယ်လောက် ဆူလိုက်မလဲ။ ဖေဖေက အလုပ်မှာ ပေါ့ပေါ့ဆဆလုပ်တာကို ခွင့်မလွှတ်။ ရွှေမိုးညိုကိုလည်း အလုပ်ထဲမှာဆို သားတစ်ယောက်ထက် လုပ်ဖန်းတူလူတစ်ယောက်လိုဆက်ဆံတာ။ ပြောစရာရှိလည်း အားမနာ ချီးမွမ်းစရာရှိလည်း ဝန်မလေး။

" ငါလာတာကို တောင် အေးအေးဆေးဆေး စကားမပြောနိုင်လောက်အောင် ဖြစ်နေပြီလား ကိုညို "

" ငါတကယ်မအားတာ နင့်မျက်မြင်ပဲ မဟုတ်လား "

" ဒီနေရာမှာ ဟေမာမဟုတ်ပဲ ယဉ်စစ ဆိုရင်ကော "

" စကားနာမထိုးပါနဲ့လား ဟေမာ ယဉ်စဆိုရင်လည်း





နင့်ကိုပြောသလို ခဏထိုင်စောင့်ပါယဉ်စလို့ ပြောမှာပဲ တစ်ခုတော့ရှိတယ် ယဉ်စက အလုပ်အပေါ် နင့်လောက် နားမဝေးဘူး မသိတတ်တာမရှိဘူး "

" ဩော် ဟေမာက နားဝေးတယ် မသိတတ်ဘူးလို့ ပြောတာပေါ့ ဟုတ်လား. . . သိပါတယ်ကိုညို သိပါတယ်။ ကိုညို့စိတ်တွေ ဘာဖြစ်နေတယ် ဟေမာသိတယ်. . . ကိုညို့စိတ်တွေ ယဉ်စစဆီရောက်နေတာ မသိဘူးမှတ်လား "

" ငါ နင့်ကို ခဏနေမှ စကားပြောပါရစေ အလုပ်အများ မခံနိုင်လို့ပါ. . . "

" အလုပ်သိပ်ဂရုစိုက်နေတယ်ဆိုလည်း နေပါ ပြန်မယ်"

" ပြန်ချင်လည်း ပြန်ပေါ့ ငါကတော့ နင့်ကို ခဏနေမှ ဧည့်ခံနိုင်မယ်. . . "

ဟေမာထွက်သွားပါပြီ။

ဟေမာနှင့် မခင်မင်တော့သလိုဖြစ်နေရတာ စိတ်မကောင်းပါဘူး။ သူငယ်ချင်းတစ်ယောက်အဖြစ်နှင့် နှစ်များစွာ ခင်မင်ခဲ့တာပါ. . . ထာဝရလည်း ဆိုးတိုင်ပင် ကောင်းတိုင်ပင် သူငယ်ချင်းတွေအဖြစ် နေကြရရင် မကောင်းဘူးလား။

အလုပ်ထဲပဲ စိတ်နှစ်ထားမိတယ်။

ခဏတစ်ဖြုတ်ထိုင်စောင့်နေလို့ ဘာဖြစ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့။ ဟောမာမဟုတ်သေးပါဘူး။ ဟောမာ့လိုမျိုး အလုပ်မလုပ်ပါပဲ အချိန်တွေဖြုန်းနေသည့် သူငယ်ချင်းဆိုလို့ တစ်ဦးတစ်ယောက်မှ မရှိတော့။ သူငယ်ချင်းတွေအားလုံးက လုပ်ငန်းတွေမှာ တစ်ယောက်တစ်မျိုး ကြိုးစားနေကြတာ ချည်းပါပဲ။

" သွားရှိနေသေးတာကိုး "

" ဘာလို့လဲဖေဖေ. . . စာရေးနေတာပြီးပြီ. . . "

" ဖေဖေ အလုပ်တိုက်ရှေ့မှာ ဟောမာ့ကိုတွေ့လိုက်တယ် ဖေဖေ့ကိုတောင် မမြင်ဘူး. . . မသိပါဘူး ဟောမာလာခေါ်လို့ အလုပ်ချိန်မှာ မင်းလိုက်များသွားမလားလို့ပါ "

" အလုပ်ချိန်မှာတော့ အလုပ်စည်းကမ်းအတိုင်းပေါ့ ဖေဖေရယ် ကျွန်တော်က ခဏစေ ငံ့ခိုင်းတာ ဒီစာရေးပြီးရင် တစ်ခုခုလိုက်ကျွေးမလို့ပါ။ ခဏဝင်ဖြတ်တော့ ထွက်ညှော်ခဲ့ရ စိတ်ကူးတာ သူက မစောင့်နိုင်ဘူးလေ. . . "

စာရေးပြီးတော့ ဗိုက်ဆာတာနှင့် ဟောမာလည်းမရှိဘူး အပြင်လည်းထွက်မစားချင်ဘူးဆို ကော်ဖီတစ်ခွက်ဖော် ဖျော်သောက်ဖို့ ပြင်ရတယ်. . . ။

" ကိုညို "

" ဟောမာ နင်ဟာလေ ခုတစ်မျိုး တော်ကြာတစ်မျိုး "

" အခုရော သွားလို့ရပြီလား "

❀ ရန်ပိုင်ဦးစာပေ ❀



" ခဏတော့ရတယ်. . . "

ဟောမာနှင့် အပြင်ထွက်ခဲ့ကြပါတယ်။ ဖေဖေ့ကိုတောင် အပြင်ခဏသွားကြောင်းပြောလိုက်ဖို့ အန်တီဝေနှင့် မှာထားခဲ့ရတာပေါ့။ မပြောပဲ အပြင်မသွားရလို့ ဖေဖေ မှာထားတာ။ ဟောမာကားမောင်းတဲ့ဘေး ထိုင်စီးနေကြပါ။ ဒါပေမယ့် ချစ်သူနှင့် ဘတ်စ်ကားအတူ လိုက်စီးဖို့သာ တွေးနေမိကြောင်း ဟောမာသိရင်. . . ပြောဦးမှာပါ။

" ကိုညို့ကို မခေါ်တော့ဘူးလို့ ဆုံးဖြတ်ပေါ့င်းများပြီ "

" ဒါများ မခေါ်ချင် မခေါ်နဲ့ပေါ့ "

" ဟောမာမခေါ်တာ ပိုကြိုက်တယ်မဟုတ်လား ကိုညိုက အခုဟိုမိန်းမဘက် ပါသွားပြီ သိတယ် "

" ဘာဆိုင်လဲဟောမာရယ် နင်နဲ့ငါက ထာဝရ သူငယ်ချင်းပါ. . . "

" ဟောမာနဲ့ ထာဝရသူငယ်ချင်းဟုတ်လား ဒါဆို ယဉ်စစကရော. . . "

ယဉ်စစက ချစ်မိသူလို့ ပြောမလို့ပါ။

ဒါပေမယ့် ပြောလိုက်တာက အရေးမကြီးပါဘူး။

ယဉ်စကို သွားပြီး ရန်စကားတွေပြောနေရင် မကောင်းပါဘူး။ ယဉ်စကဖြင့် စဉ်းစားနေတုန်းမှာ. . . စိတ်ညစ်နေပါဦးမယ်. . . ။ ဒါကြောင့်မို့။

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"ယဉ်စလည်း သူငယ်ချင်းပဲ"

"တကယ်လား"

"တကယ်. . ."

ရွှေမိုးညိုမျက်နှာကို ကြည့်နေပြန်တယ်။ ရွှေမိုးညို မညာတတ်တာ သိတယ်လေ။ ဟန်မပျက်နေရတာပေါ့။ ယဉ်စကို အနှောက်အယှက်မပေးစေချင်ပါဘူး။ မုန့်စားပြီး ပြန်ကြရအောင်ဆို ပြောမရ။

"အလုပ်ချိန်မှာအပြင်ထွက်တာ ဖေဖေ မကြိုက်ဘူး ဟေမာ ငါက ခဏဆို ပြောလာတာ. . ."

"တစ်ခါလာ ဖေဖေ တစ်ခါလာအလုပ်နဲ့. . . ကိုညို စိတ်ပျက်စရာ အင်မတန်ကောင်းတယ်. . ."

"ငါတို့တွေက တစ်ချိန်ကလိုတော့ ဘယ်လွတ်လပ်နေတဲ့ အချိန်တွေရှိတော့မှာလဲဟေမာ. . . ဘဝအတွက် ကြိုးစားရမှာပါပဲ. . ."

"ကြိုးစားပါ ကြိုးစားပါ ကိုညိုပဲ ကြိုးစားတော့ ဒက်ဒီရှာထားတဲ့ငွေတွေ ကိုညို တစ်သက်ထိုင်စားလို့တောင် မကုန်ဘူး. . ."

"နင့်ဒက်ဒီရှာထားတဲ့ငွေနဲ့ ငါနဲ့ဘာဆိုင်လဲ ဟေမာရယ်"

ဟေမာ့စိတ်မှာ ဘာတွေကို ဘယ်လိုခံစားသည်လို့လဲ မသိချင်ပါဘူး။ တကယ်ဆို ဟေမာ့ကို ခင်မင်သော





ငယ်သူငယ်ချင်းတစ်ယောက်အနေနှင့်သာ မြင်ပါတယ်။ သူ့အဖေ ချမ်းသာတာ ရွှေမိုးညိုနဲ့ ဘာမှပတ်သက်မှုမရှိပါဘူး။

"ကိုညို့စိတ်ကို သိပါပြီလေ သိပါပြီ. . . ပြန်မယ်"

အခုပြန်မယ်. . . အခုသွားမယ်နဲ့ ဟေမာကတော့ သူ့သဘောသူဆောင်ပြီး နေချင်သလိုနေဆဲပါလား။ အန်ကယ်လ်ဇော် ရှာထားသည့် ငွေတွေဟာ ဟေမာ့ကို ဘယ်တော့မှ အလုပ်တန်ဖိုးသိစေတော့မှာ မဟုတ်ဘူး ထင်ပါရဲ့။ သူငယ်ချင်းကောင်း တစ်ယောက်အနေနှင့် ပြောသင့်တာလည်း ပြောပြီးပြီ။ နားမထောင်တော့ ဘာတတ်နိုင်မှာလဲ. . .။

ရွှေမိုးညိုကို ထားခဲ့ပြီး ကားကို အမြန်ဆုံးမောင်းသွားပြီ ဘယ်နေ့ကျမှ ပေါ်လာဦးမည်မသိ။

ယဉ်စကိုရောတဲ့။

ယဉ်စရေ သိပ်ချစ်တယ်ဆိုတဲ့အကြောင်း အမှန်အတိုင်း ပြောပြလိုက်ချင်ပေမယ့် ယဉ်စအတွက် အနှောက်အယှက် ဖြစ်မှာ စိုးရသေးတယ်လေ. . .။

သတိရခြင်းတွေကတော့ ရင်မှာ နေရာအပြည့်ပါပဲ။ တစ်ပတ်မှာတစ်ခါပဲ တွေ့ရတဲ့ ချစ်သူကို နေ့တိုင်းတွေ့ချင်မိတဲ့ ဆန္ဒလေးကလည်း ရှိသေးတယ်လေ။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီနီနီအေးကို စာမသင်လို့မရဘူးလား. . . "

" ဘာလို့လဲ မေမေ. . . လူတစ်ယောက် သမီးကြောင့် စာတတ်သွားတာ ကုသိုလ်လည်းရပါတယ်. . . အခုဆို နီနီ့သူငယ်ချင်း သုံးလေးယောက်ပါ လာသင်ကြတာ. . . "

" အလကားပင်ပန်းအောင်. . . ခုချိန်မှာ သမီးပင်ပန်းအောင် ဘာအလုပ်မှလုပ်စရာမလိုဘူး ဟောမာ့ပုံစံအတိုင်းနေစမ်းပါ. . . "

" သူ့လိုမျိုး အချိန်ဖြုန်းငွေဖြုန်း အကျိုးမရှိမနေနိုင်ပါဘူး မေမေ. . . "

မေမေကတော့ ကိုမင်းသန့်နှင့် လက်ထပ်ဖို့ကို မမေ့နိုင်သေးဘူး။ ယဉ်စကလည်း လက်မထပ်နိုင်ပါဘူးလို့ အကြိမ်ကြိမ် ငြင်းခဲ့ပြီးပြီ။ ဒါပေမယ့် လက်လျှော့မည့်ပုံမရပါ။ အထူးသဖြင့် နီနီ့ဆီလည်း စာသင်မသွားရဘူးဆို အမြဲလို ပြောနေတယ်။ ငြိမ်းချမ်းမြိုင်ခြံထဲမှာ ဘယ်လောက် ပြည့်စုံပါစေ ယဉ်စကတော့ ယဉ်စ စိတ်ချမ်းသာသလို နေချင်တာပါပဲ။

" ကိုမင်းသန့်ကို လက်မထပ်နိုင်ပါဘူးလို့ မေမေ့ကို ယဉ်စ ပြောထားပြီးပြီလေ. . . "

" မရဘူးယဉ်စ. . . မေမေကျန်တာကိုပဲ သမီး စိတ်ကြိုက်ထားမယ်. . . လက်ထပ်ဖို့ကိစ္စကတော့ မေမေ့ စိတ်ကြိုက်ဖြစ်ရမယ်. . . အမြန်ဆုံးစီစဉ်မယ်. . .





ကိုဇော်ကိုလည်း အမြန်ဆုံး စီစဉ်ခိုင်းမယ်. . . သမီးမှာ ချစ်သူလည်းရှိတာ မဟုတ်ဘူး. . . "

ချစ်သူလည်းရှိတာ မဟုတ်ဘူးတဲ့။

ဘာလို့မရှိရမှာလဲ။

ယဉ်စမှာ ချစ်သူရှိပါတယ်။ ရွှေမိုးညိုဟာ ယဉ်စချစ်သူပေါ့။ သူကလည်းယဉ်စကိုချစ်တယ် ယဉ်စကလည်း သူ့ကိုချစ်တယ်။ ဘဝခရီးဖော်အဖြစ်လက်တွဲဖို့ ဆုံးဖြတ်ပြီးမှတော့ သူနှင့်သာလက်တွဲချင်တာပါ။

" ကြားလား ယဉ်စ "

" ဟုတ်ကဲ့. . . "

လောလောဆည်တော့ ဟုတ်ကဲ့လိုက်တာ အကောင်းဆုံးပါပဲ။ အမြန်ဆုံးစီစဉ်မည်ဆိုရင် ယဉ်စအတွက် အချိန်သိပ်မရနိုင်ပါဘူး။

" သွားမယ် မေမေ "

" လက်ထပ်ပြီးရင်တော့ မောင်မင်းသန့်သဘောနဲ့ နေရမှာနော်. ယဉ်စ သူက စာဆက်သင်စေချင်ရင်သင် မသင့်ရဘူးဆိုရင်တော့ သူ့သဘောပဲ. . . "

" ဒါကတော့ အိမ်ထောင်ပြုပြီးရင် ခင်ပွန်းသည် စိတ်ကြိုက်နေသင့်တယ်။ ညီနောင်းတိုင်ပင်ရမယ်ဆိုတာ ယဉ်စသိပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ယဉ်စလိမ္မာတယ်ဆိုတာ မေမေသိပြီးသားပါကွယ်"

မေမေကတော့ ယဉ်စလက်ထပ်မှာ ကိုမင်းသန့်လို့ တစ်ထစ်ချ တွက်နေပုံရပါတယ်။ ယဉ်စကတော့ ယဉ်စ ချစ်သူကိုသာ လက်ထပ်ချင်ပါတယ်။ မေမေနှင့် စကားပြောပြီး ဝါဝါတို့အိမ်ကို ထွက်လာခဲ့တာ။ ရွှေမိုးညိုကရော ယဉ်စကို အရင်လို ကြိုနေမှာလား။ ဒီနေ့တော့ တကယ်တွေ့ချင်ပါတယ်။

ယဉ်စတို့နှစ်ယောက် လက်ကိုခိုင်ခိုင်တွဲလို့ ဘဝခရီး အတူလျှောက်ကြရအောင်။

သည်သို့ပြောလိုက်တော့မည်။

မိုးတွေရွာနေပြန်ပါပြီ။

ရွှေမိုးညိုတစ်ယောက် ယဉ်စကို မိုးရွာကြီးထဲ စောင့်နေရတော့မလား။

ပူပန်တတ်ခြင်းသည်လည်း အချစ်ရဲ့ တစ်စိတ်တစ်ပိုင်း ခံစားမှုများလား။

ကားပေါ်မှဆင်းတော့ ရုတ်တရက် ထီးဖွင့်လို့မရပြန်။ ဆံနွယ်တွေတောင် မိုးစိုသွားပါပေါ့။

ထီးကလေးတလည်းလေ။ ဖွင့်ရခက်ပါဘိ။ လေရှိန် ကြောင့် ရုတ်တရက် ဘယ်လိုမှ ဖွင့်မရနိုင်။

ဟိတ်ကောင်မလေး... ဒါကြောင့်မို့ ဒီလိုထီးမျိုး ဆောင်းသင့်တာ..."





မိုးပေးလာတဲ့ ထီးအရိပ်ကြောင့်ရယ်။

နှလုံးသားထိ ဝင်လာသော သံစဉ်ကြောင့်ရယ်...။

ယဉ်စ ကြည်နူးစွာပြုံးရပြီ။

" ဆံပင်တွေပါစိုကုန်ပြီ ယဉ်စရာ ဒါကြောင့် လာကြိုပါ့မယ်ဆိုလည်း မတုတ်ဘူး..."

" မိုးတွင်းမိုးရွာလို့ မိုးစိုတာ ဘာဖြစ်လဲ..."

" မိုးစိုတော့ နှာစေး နှာစေးတော့ နှပ်တွေထွက်တာပေါ့"

" မညစ်ပတ်နဲ့နော်..."

ချစ်ရသူ မိုးပေးသော ထီးရိပ်မှာမှ မိုးခိုချင်တတ်ခဲ့ပြီပဲ။ ယဉ်စအတွက်တော့ ရွှေမိုးညိုကို ဘဝခရီးဖော်အဖြစ် ရွေးချယ်ခဲ့ပြီဆို... သူ့အနားမှာ ပျော်ရွှင်နေရပြီပေါ့။ ထီးကလေးတစ်ချောင်းမှာ နှစ်ယောက်ဆောင်းလို့ မိုးစိုလည်းစို မိုးသည်းလည်းသည်း။

" ယဉ်စနဲ့ မိုးတွေသည်းသည်းမှာလည်း အတူလျှောက် ဖူးပြီ နှင်းမှုံတွေတဖွဲဖွဲကြားမှာလည်း လျှောက်ချင်သေးတယ် နေပူတော့လည်း ပူပေါ့... ယဉ်စသာ ကိုယ့်အနားမှာရှိရင် ဘာဖြစ်ဖြစ်ပါ..."

" အပြောကောင်းရယ်..."

" မိုးရွာရွာ နေပူပူ နှင်းဖွဲဖွဲ အတူရှိမလား ဖြေလေ"

" မရှိပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်လို့ ဖြေရမလား။

ရင်ထဲမှာတော့ ချစ်နေပြီ။

မေးလေ. . . ယဉ်စအတွက် အချိန်မရှိတော့ဘူး။ ချစ်သူနှင့်သာ ထာဝရလက်တွဲလျှောက်ရမည်ဆို ခုအချိန်မှာ ဖြေရတော့မှာပါ။

" ယဉ်စကို ချစ်တယ် "

" ရွှေမိုးညို တကယ်ချစ်တာလား. . . ယဉ်စက ပြောခဲ့ပြီးသလိုပဲနော်. . . ငြိမ်းချမ်းမြိုင်က စွန့်ခွာပြီး ထွက်လာမယ့် ယဉ်စမှာ ရိုးသားဖြူစင်မှုနဲ့ ကြိုးစားမှုပဲရှိမယ် ပြီးတော့ သေတစ်ပန်သက်တစ်ဆုံး သစ္စာရှိစွာ ချစ်မယ့် အချစ်ပဲရှိမယ်. . . "

" ဘဝအတွက် အဲဒါပဲလိုပါတယ် ယဉ်စရယ် သေတစ်ပန်သက်တစ်ဆုံး သစ္စာရှိစွာ ချစ်မယ့်အချစ်ရှိရင် ရပြီ ကျန်တာတွေကတော့ ယဉ်စရှေ့မှာ ကိုယ်ရှိမယ်. . . "

ချစ်သူကမ်းသောလက်ကို ပြန်လည်ကမ်းပေးခဲ့ပြီ။

ဘဝတစ်သက်တာတဲ့။

အချစ်ဆိုတာ တကယ့်ကို မယုံမှတ်နိုင်စရာပါလား။ သူ့ကို ရင်ထဲ နှလုံးသားထဲက နှစ်နှစ်ကာကာ ချစ်သွားခဲ့မိလိမ့်မည်လို့ ယဉ်စ မထင်ခဲ့ပါဘူး။ နှလုံးသားထဲမှာ လျှင်မြန်စွာ ရောက်ရှိလာသော အချစ်က ယဉ်စအတွက်တော့ မယုံနိုင်





သလိုလို. . . ။

" တစ်သက်တာ ထာဝရအတွက်ပါ ယဉ်စရယ်. . . "

" ယဉ်စလေ ရွှေမိုးညိုကို ချစ်လို့သာချစ်ရတာ. . . "

" ချစ်လို့သာ ချစ်ရတာဟုတ်လား . . . "

" ဟုတ်တယ် ချစ်လို့သာချစ်ရတာ. . . ယဉ်စ ဖွင့်ပြောရမှာလန့်နေတယ် "

" ဒါဆိုရင် ဖေဖေနဲ့မေမေကို လာတောင်းခိုင်းလိုက်မယ်လေ. . . "

" အန်ကယ်လ်ကြီးနဲ့ အန်တီကြီးတို့. . . မဖြစ်ပါဘူး ရွှေမိုးညိုရယ်. . . မေမေက ကိုမင်းသန့်မှ ကိုမင်းသန့် ဖြစ်နေလေတော့. . . စကားကို ယဉ်ယဉ်ကျေးကျေး ပြန်မပြောရင် အားနာစရာကောင်းပါတယ်. . . "

" ယဉ်စဘာသာ ဖွင့်ပြောရင် စိတ်ဆိုးနေမှာပေါ့ "

" စိတ်ဆိုးလည်းဆိုး ကိုယ့်အမေကို ကိုယ်ကိုယ်တိုင် ပြောတာ အကောင်းဆုံးပေါ့ ရွှေမိုးညိုရယ် "

" ချစ်သူကို ရွှေမိုးညိုလို့ ခေါ်မှာပဲလား "

" ဘယ်လိုခေါ်ရမလဲ. . . "

" မောင်လို့ခေါ် "

" ခေါ်ရဲပါဘူး "

" ဒါဆို ကိုကိုလို့ခေါ် "



www.burmeseclassic.com

www.burmeseclassic.com



" ခေါ်ချင်ပါဘူး . . ."

" ယဉ်စကလည်းကွာ . . . ရွှေမိုးညိုလို့တော့ မခေါ်ရဘူးလေ . . ."

" ဒါဆို ကိုညိုလို့ ခေါ်ရမှာလား "

" မနောက်ရဘူးလေ . . ."

စိတ်ရှုပ်ထွေးတာလေးတွေ ခဏမေ့လို့ ယဉ်စတို့ ရယ်နေမိကြပြီ။ ဟေမာက သူ့ကို ကိုညိုလို့ခေါ်တယ် မဟုတ်လား။ ရယ်သာရယ်နေရတာ ဟေမာသိရင် ဘယ်လိုများ သောင်းတကျန်းမည်မသိ။ အိမ်မှာ မကျေနပ်တာတွေကိုတောင်မှ မကြားတကြားပြောနေတတ်တာ။

" ပြောသာပြောရတာ ဟေမာသိရင် ပြဿနာပဲ "

" ဘာဖြစ်လို့လဲ ယဉ်စရယ် ဟေမာနဲ့က သူငယ်ချင်းတွေပါ . . . ယဉ်စမယုံတာလား "

" သူ့ဘက်ကသူငယ်ချင်းဆိုတာ ဟုတ်ပါတယ် . . . ဟေမာ့ဘက်က သူ့အပေါ် ချစ်နေတာ . . . ဒီတော့ ဟေမာ့စိတ်မှာ သူသိပ်မုန်းတဲ့ ယဉ်စက သူသိပ်ချစ်ရသူကို ပိုင်ဆိုင်သွားတယ်ဆို ဘယ်လောက်ဒေါသဖြစ်မလဲ "

" ဒါကတော့ ဟေမာ့အပေါ် ကိုယ်ကမှ မချစ်တာ ကိုယ်ကယဉ်စကိုပဲ ချစ်တာလေ . . ."

" သူနဲ့ယဉ်စအကြောင်း ဖွင့်ပြောတဲ့နေ့ဟေ





ငြိမ်းချမ်းမြိုင်မှာ မိုးမီးလောင်မယ်ထင်တယ် . . . မမေက တစ်မျိုး . . . ဟေမာကတစ်မျိုး . . ."

" တစ်ခါတည်းပဲ အုံ့ဩအုံ့ဩ ဖေဖေနဲ့ မေမေ့ကိုပဲ လွှတ်လိုက်မယ် "

" မဟုတ်တာ . . . ယဉ်စဘာသာရင်ဆိုင်ပါ့မယ် . . ."

" ကိုယ်လိုက်ပြောမယ် . . ."

" နေပါစေဦး . . . မမေ့ကို ယဉ်စဘာသာပဲ ပြောကြည့်ပါဦးမယ် . . ."

အချစ်ဆိုတာ ရင်ဆိုင်ရဲဝံ့စေတယ်ဆို။ ပြီးတော့ ချစ်သူနှင့်သာ အတူလျှောက်ချင်သောလမ်းဟာ . . . အခက်အခဲတော့ ရှိဦးမှာပေါ့။ လွယ်လွယ်နှင့် ဘယ်လို အဆင်ပြေမှာတဲ့လဲ။

အချစ်နဲ့ပဲရင်ဆိုင်ရတော့မှာပါ။

✧ ✧ ✧ ✧ ✧

ရက်တရက်တော့ မောင်လို့မခေါ်ရဲဘူး ကိုကိုလို့ ခေါ်ရအောင်ကလည်း ရွှေမိုးညိုကတောင် ယဉ်စထက် နှစ်လလောက် ငယ်တာတဲ့။ ဒါကြောင့် ယဉ်စ စကားပြောရင် သူ့သူနှင့် တစ်သူတည်းသူနေတာ။ အဲလိုခေါ်တာလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတာပါပဲ။

" သားပြန်နှင့်တော့ မင်းအမေတစ်ယောက်တည်း မိုးတစိမ့်စိမ့်မှာ အအေးခံရင် နေမကောင်းဖြစ်မယ်. . . ဖေဖေ ဒီအလုပ်လေး လက်စသတ်ပြီးရင် ပြန်လာခဲ့မယ် "

မေမေကလည်း နေမကောင်းဖြစ်ခဲ့တယ်ဆိုတာ မေ့နေသလိုပါပဲ။ မိုးရွာနေတဲ့အထဲထွက်ပြီး အဝတ်ရွှတ်ချင် ရွှတ်တယ်။ ရေတွေအိုင်နေရင်လည်း လှဲချင်လှဲတယ်။ အိမ်မှာ မေမေနဲ့အတူ နီးနီးကပ်ကပ်လူတစ်ယောက်ရှိနေစေချင်ပေမယ့် ဖေဖေနှင့် ရွှေမိုးညိုကလည်း အိမ်မှာမနေနိုင်။

" ခုပုံစံဆိုရင်တော့ ကျွန်တော် မိန်းမမြန်မြန် ယူတော့မယ်ဖေဖေ ဒါမှ မေမေနဲ့အဖော်ရမယ် "

" မိန်းမမြန်မြန်ယူမယ် တယ်ဟုတ်ပါလား ဒါပေမယ့် မိုးညို. . . မင်းအမေအဖော်ရအောင်ယူတဲ့ မိန်းမက တစ်နေကုန် ကားတစ်စီးနဲ့ လျှောက်လည်နေတဲ့မိန်းမ ဆိုရင်တော့ မိန်းမရတာပဲ အဖတ်တင်နေမယ်ကွာ "

" အဲလိုမိန်းမ ဘယ်ယူပါ့မလဲဖေဖေရဲ့ မေမေ့ အနားမှာနေပေးမယ့် အလိမ္မာအိမ်ပါချွေးမ ရှာထားပါတယ် "

" တယ်ဆိုတဲ့စာပါလား. . . ပြောပါဦး အလိမ္မာ အိမ်ပါချွေးမလေး "

" ယဉ်စနဲ့ ကျွန်တော်လက်ထပ်မယ် ဖေဖေ. . .





ယဉ်စကလည်း ကျွန်တော့်ကို ချစ်ပါတယ်။ သူ့အမေက ကိုမင်းသန့်နဲ့ လက်ထပ်စေချင်နေတယ်. . . ကျွန်တော်နဲ့ လက်ထပ်မယ့်အကြောင်း ဖွင့်ပြောမယ်ဆိုရင်တောင် ဘယ်လို ကန့်ကွက်ဦးမလဲ မသိဘူး. . . "

" ဘာကန့်ကွက်စရာရှိလဲ မင်းမှာ အလုပ်အကိုင်နဲ့. . . ရိုးသားတယ် မင်းတို့လူငယ်ချင်း မေတ္တာမျှနေကြတယ်ဆို သဘောတူရမှာပေါ့ "

" ကိုမင်းသန့်မြိုင်နဲ့ သဘောတူထားကြတာ ဖေဖေ သူတို့က မိသားစုစည်းလုံးသွားအောင် ထင်ပါရဲ့ "

" ယဉ်စက မောင်မင်းသန့်ကို မနှစ်သက်ဘူး မဟုတ်လား "

" ကျွန်တော့်ချစ်သူပါဆို. . . ဖေဖေကလည်း "

" အေးလေ အဓိကက ယဉ်စရဲ့ မေတ္တာပါပဲ မင်းကိုချစ်ရင် ဟိုတစ်ဘက်ကို သူငြင်းမှာပေါ့. . . "

" ဖေဖေနဲ့မေမေ့ကို လာတောင်းခိုင်းရမလားဆိုတော့ လူကြီးတွေကို ဒုက္ခမပေးပါနဲ့ဦး သူ့အမေကို သူ အရင်ဖွင့်ပြောဦးမယ် လိုအပ်လို့ရှိရင်တော့ အမြန်ဆုံး လက်ထပ်မယ်လို့ ပြောတာပါပဲ. . . "

" တောင်းပေးဆိုလည်း တောင်းပေးရမှာပေါ့. . . မိဘဝတ္တရားရှိပါတယ်. . . ကဲ ပြန်ပြန် လိုရင် ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြော. . . "

အိမ်ပြန်ရောက်တော့ မေမေက မီးဖိုထဲမှာ ချက်နေပြီလေ။ သားပြန်လာတာစောသားပဲတဲ့။ ဖေဖေက မေမေတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ ပြန်လွှတ်လိုက်တာပါ မေမေလို့ပြောပြီး မေမေ့ကို ကူမယ်လို့ပြောရတယ်။

" နေပါ မေမေ မပင်ပန်းပါဘူးကွယ်. . . "

" မေမေ မေမေ့ကို ပြောစရာရှိတယ် "

" အမယ် လေသံလေးက တစ်မျိုးလေးပါလား ပြောပါဦး ဘာပြောမလဲ "

" သားနဲ့ယဉ်စ ချစ်သူတွေဖြစ်သွားကြပြီ အမြန်ဆုံး လက်ထပ်ဖြစ်ချင်လက်ထပ်ဖြစ်မှာ. . . "

" ချစ်သူတွေဖြစ်သွားကြပြဆိုတာကတော့ ဟုတ်ပါပြီ မေမေလက်ခံပါတယ် အမြန်ဆုံး လက်ထပ်မယ်ဆိုတာက ဘာဖြစ်တာလဲ. . . ချစ်သူဘဝမှာ ပျော်ပျော်ရွှင်ရွှင် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် လေ့လာပါဦးလား. . . "

" မဖြစ်ဘူးမေမေ ယဉ်စကို ကိုမင်းသန့်နဲ့ သဘောတူနေပြီ အမြန်ဆုံးလက်ထပ်ပေးမယ်ဖြစ်နေသယ် "

" ဟေမာ့အစ်ကိုနဲ့. . . နေပါဦး သားနဲ့ ဘာလို့ သဘောမတူရတာလဲ သားမှာ ဘာအပြစ်ရှိသလဲ မောင်မင်းသန့်တို့လောက် မချမ်းသာပါဘူးဆိုတာတောင် မေမေနဲ့ဖေဖေ





ပိုင်ဆိုင်သမျှ သားရမှာပါ. . . "

" ယဉ်စတို့အိမ်က သားနဲ့ ချစ်နေတာတောင် မသိကြသေးပါဘူး. . . ကိုမင်းသန့်နဲ့ကလည်း ပေးစားလိုက်ရင် ငွေကြေးကအစ တစည်းတလုံးထဲဖြစ်မယ်လို့ တွေးပုံရတယ် ယဉ်စကတော့ သားနဲ့ချစ်နေတာ ဖွင့်ပြောမယ်. . . သဘောမတူလည်း လက်ထပ်ကြတာပေါ့လို့ ပြောပါတယ် "

" မေမေတို့ လိုက်ပြောပေးသင့်ရင် ပြောပေးမယ် "

" လောလောဆည် ဘာမှမသိသေးပါဘူး. . . "

ယဉ်စကတော့ အမြန်ဆုံး ဖွင့်ပြောလိုက်တော့မည် ပြောပါတယ်။ သဘောမတူဘူးဆိုရင်လည်း. . . လက်ထပ်မှာပါပဲတဲ့။

ပြီးတော့ ပြောသေးတာ။ သူ့ကိုချစ်တဲ့ အချစ်ကြောင့် အားလုံးကို ယဉ်စ ရင်ဆိုင်ပါမယ်တဲ့. . .။

ပီတိတွေဖြစ်ရတာပေါ့. . . ရွှေမိုးညိုကိုချစ်သတဲ့။ သူ့ကိုချစ်တဲ့အချစ်တဲ့။ အတွေးစမှာပင် ကြည်နူးခြင်းတွေက များမှများ။ ယဉ်စတစ်ယောက်တော့ သူ့မေမေနှင့် စကားတွေများနေမလားလို့လည်း ပူပန်ရပြန်ပါတယ်။ စနေနေ့တွေရင်တော့ ဘယ်လိုဆုံးဖြတ်ကြမည် သေချာသိရမှာ။ ယဉ်စ စိတ်ညစ်နေမလားတွေးမိပြန်တော့ ချစ်သူရှေ့က ပြေးပြီး ရင်ဆိုင်ပေးချင်ပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



" ယဉ်စကို မေမေလည်းချစ်ပါတယ် ဒါပေမယ့် သားရယ် ဟေမာလေးကလည်း သားအပေါ်ချစ်နေရှာတာ စိတ်မကောင်းဖြစ်ရရှာမှာတော့ မေမေသနားမိတယ် "

" သားကမှ ဟေမာ့ကို မချစ်နိုင်တာ ခင်တာပါပဲ "

ယဉ်စမေမေကို ဖွင့်ပြောပြတဲ့အခါ. . . ဟေမာလည်း သိသွားလိမ့်မည်။ ဘယ်သို့များ ဒေါသတွေထွက် မျက်ရည်တွေကျနဲ့ ရွှေမိုးညိုကို ရန်တွေဦးလေမည်လဲ။ ဒါပေမယ့် နှလုံးသားမှာ ချစ်ခြင်းကတော့ ယဉ်စတစ်ယောက်မှလွဲ၍ ဘယ်သူ့ကိုမှမှ လက်မခံနိုင်ခဲ့တာ။

✧ ✧ ✧ ✧ ✧

" အစ်မယဉ်စ. . . ကြို[illegible]န်းမှာလှမ်းထားတာရော သေချာလား ပုပုမတွေ့မိပါဘူး "

" မိုးမရွာလို့ မြန်မြန်ခြောက်ပါစေဆို လှမ်းလိုက်တာပါ အခုသတိရလို့ကြည့်တော့ မရှိဘူး ယဉ်စက အဲဒီအင်္ကျီနီလေးကို သိပ်ကြိုက်တာ. . . "

အင်္ကျီလေးပျောက်သွားပြီ။

ခြံထဲမှာလည်း သူခိုးမဝင်ပါဘူး။

ဘယ်ရောက်သွားသည်မသိနိုင်။ မေမေကတောင်





မီးဖိုထဲကနေ ဘာဖြစ်နေလဲ ယဉ်စလို့ လှမ်းမေးပါတယ်။ ယဉ်စ အင်္ကျီပျောက်သွားလို့ဆိုတော့ အင်္ကျီလေးတစ်ထည်များ နှမြောမနေနဲ့တဲ့. . .။

" မေမေကလည်း အဲဒီအင်္ကျီလေးက ဝတ်လို့ကောင်းလို့ ယဉ်စခဏခဏဝတ်နေတာ နှမြောတာပေါ့ "

" နောက်ထပ် ဝယ်လိုက်ပါလား "

" မေမေကလည်း. . . "

နုနုကတော့ နဂိုရ်စကားမသွက်လေတော့ မေမေ ကူဆို ကူညီနေတာပဲ သိပ်စကားမပြောလှပါဘူး. . .။

ထမင်းစားပွဲမှာ ယဉ်စထိုင်နေတဲ့အချိန်မှာ။

" ယဉ်စ. . . ကိုယ်တို့ ကားသွားကြည့်မယ်လေကွာ ဒက်ဒီက ယဉ်စအတွက် ကားကောင်းကောင်းတစ်စီး ရှာခိုင်းထားတာ သွားကြည့်ရအောင် "

" လိုက်သွားလေသမီး ကိုဇော်ကပြောပြီးသား သမီးကြိုက်တဲ့ကားယူတဲ့. . . "

ကိုမင်းသန့်တို့များ မေမေ့ရှေ့လာခေါ်ရတယ်လို့ပဲ။ မလိုက်ချင်ပါဘူး။ ဘယ်လိုကားမျိုးမှလည်း မလိုချင်ပါဘူး။ ယဉ်စကလည်း ငြိမ်းချမ်းမြိုင်မှာ ကြာကြာနေတော့မှာမှ မဟုတ်တာ။

" ဟင့်အင်း. . . ဘာကားမှ ယဉ်စမလိုချင်ပါဘူး "

မေမေဆူတော့မည်ဆိုတာ. . . သိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဆီ အသာလေး လစ်ပြန်လာခဲ့ရတယ်။

ကိုမင်းသန့်နှင့်လည်း လက်မထပ်နိုင်။ ဘာပစ္စည်းမှလည်း မယူချင်။

“ အစ်မ. . . ”

“ ငြိမ်းချမ်းမြိုင် နိုးနေတာလား. . . ”

“ ကော်ဖီသောက် ”

“ ကော်ဖီသောက်ချင်လို့လား အခုပဲ ထမင်းစားရမှာလေ. . . ”

“ အစ်မယဉ်စ အစ်မယဉ်စ ”

“ ဝင်ခဲ့လေ ပုပု ”

“ အစ်မယဉ်စ ဒီမှာ ”

ပုပုမြှောက်ပြနေတဲ့ အနီရောင်အကျီလေးဟာ ယဉ်စရဲ့ အကျီလေးဆိုတာ သေချာပါတယ်။ ဒါပေမယ့် အစိတ်စိတ် အမြွာမြွာ စုတ်ပြနေပါလား။ နှမျောစိတ်နှင့် အံ့ဩစိတ်ကြောင့် ကြည့်နေမိဆဲ။

“ အစ်မယဉ်စအကျီကို ဘရောင်နီ ကိုက်နေတာတွေလို့ ယူလာတာ ”

“ ဘရောင်နီကိုက်တယ် နေပါဦး ကြိုးတန်းမှာ လှမ်းထားတဲ့အကျီက ဘယ်လိုဖြစ်ပြီး ဘရောင်နီ့အိမ်ထဲ ဝင်သွားရတာလဲ. . . ”





စိတ်မှာရှုပ်ထွေးပြီး တွေးတောနေရပါပြီ။ တစ်ယောက်ယောက်ယူပြီး ဘရောင်နီ့လှောင်အိမ်ထဲ ပစ်ထည့်ပေးလိုက်တာနေမှာ။ ဘရောင်နီကလည်း အကျီကိုတွေ့တော့ ကိုက်ဖြဲပစ်မှာပေါ့။ ဒါ ဘယ်သူ့လက်ချက်ဖြစ်နိုင်သလဲ။ ယဉ်စချက်ချင်းလိုပင် အသိတစ်ခု ရလိုက်ပါသည်။

ဟေမာ။

ဟေမာမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

ယဉ်စဒေါသဖြစ်ရပြီ။

ဒါကြောင့် အကျီအစုတ်အပြဲကို ယူပြီး မီးဖိုဆီထွက်ခဲ့တယ်။ ထမင်းဝိုင်းမှာ အန်တယ်လ်ဇော် ရောက်နေပြီပဲ။ ကိုမင်းသန့်လည်းရှိတယ်။ ဟေမာကတော့ အခုမှ ထမင်းစားခန်းထဲ ရောက်လာတာပါ။

“ ဒီမှာ ဒီအကျီကို ဘရောင်နီ့အိမ်ထဲ ဘယ်သူထည့်လိုက်သလဲ ”

ယဉ်စရဲ့ ဒေါသသံကြောင့် မေမေပါ လှမ်းကြည့်လာပါပြီ။ ဟေမာကတော့ ခပ်တည်တည်ပဲ သူ့ထိုင်ခုံမှာဝင်ထိုင်ရင်း ဘာမှမပြော။ ဒီလုပ်ရပ်ဟာ ဟေမာမှလွဲ၍ဘယ်သူမှ မဟုတ်တာ ယဉ်စသိသည်။ သိပ်လွန်နေသလိုပါပဲ။ ယဉ်စကိုမုန်းတာမုန်းပါ။ ယဉ်စအကျီကို ဖျက်စီးပစ်စရာအကြောင်းမရှိ။

“ ပြောလေ ဘယ်သူလုပ်တာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



" ယဥ်စ သမီး ဘာဖြစ်လဲ ဒက်ဒီနဲ့မေမေ့ကိုပြောပါ သမီးဘာသာ ဘာမှဖြေရှင်းစရာအကြောင်းမရှိဘူး "

" ဒီမှာ ယဥ်စ ပျောက်သွားတဲ့အကျီ . . . ဘရောင်နီ လှောင်အိမ်ထဲ ဘာမှရောက်စရာမရှိဘူး "

" ဟုတ်တယ် နင့်ကိုငါမုန်းလို့ နင့်အကျီကို ဘရောင်နီ အပျင်းပြေဝါးရအောင် ပေးလိုက်တာ. . . "

သူကလည်းမကောင်းတာ လုပ်သေးတယ်။

မျက်နှာကခပ်တင်းတင်းနဲ့။ စိတ်ရှိသလိုသာဆို အဲဒီ မျက်နှာကို ဆွဲကုတ်ပစ်လိုက်ချင်တယ်။ စိတ်ခက်သိပ်ညှဉ့်တာပဲ။

" ဟေမာ. . . မင်း လုပ်ပြန်ပြီလား "

" ကိုဇော်ရယ် . . . အကျီတစ်ထည်နဲ့. . . ယဥ်စ သမီး အကျီပြန်ဝယ်လို့ရတာကို . . . ထမင်းကောင်းကောင်းစားပါ "

" ဟေမာ. . . ဒက်ဒီက ဒီမိသားစုချစ်ချစ်ခင်ခင် နေတာပဲကြိုက်တယ်. . . ကိုကိုနဲ့ယဥ်စကို လက်ထပ်ပေး တော့မှာ. . . ဆွေမျိုးတွေဖြစ်တော့မှာ ရန်မဖြစ်ရဘူး "

အန်ကယ်လ်ဇော်ကပါ ကိုမင်းသန့်နှင့် လက်ထပ်ဖို့ ပြောနေပြီ။ ဒီအတိုင်း ငြိမ်နေလို့ မဖြစ်တော့။ မေမေက အန်ကယ်လ်ဇော့်ကို ဘာတွေပြောထားသည်မသိ။ ယဥ်စကပါ ဒီသဘောတူညီမှုအပေါ် ကျေနပ်ပါတယ်များ ပြောထားလေ သလား။ ခုရှုပ်မှနောင်ရှင်းပဲ ယဥ်စကတော့ သူမှလွဲ၍ ဘယ်သူမှ





လက်မထပ်နိုင်ပါဘူး။

" မေမေ ယဥ်စပြောထားပြီးသားနော် ကိုမင်းသန့်ကို ယဥ်စလက်မထပ်နိုင်ဘူးလို့ "

" ယဥ်စစ "

မေမေ့ဒေါသသံက အကျယ်ကြီးပါလား။ မေမေ့အသံမှ လွဲပြီး အားလုံးတိတ်ဆိတ်သွားပါရော။

" ယဥ်စပြောပြီးသားပဲ ကိုမင်းသန့်ကို အစ်ကို တစ်ယောက်လိုခင်တာ လက်မထပ်နိုင်ပါဘူး. . . "

" မရဘူးယဥ်စစ "

" မေမေ. . . ယဥ်စ ချစ်သူကိုပဲ ယဥ်စ လက်ထပ်ပါ ရစေ မေမေ့ကို ယဥ်စ အစောတည်းက ပြောထားတာပဲ "

" ဘာချစ်သူလဲ ဘာချစ်သူလဲ. . . မဟုတ်တာတွေ"

" တကယ်ဟုတ်ပါတယ် မေမေ. . . "

" ဒါဆိုပြောပါဦး ယဥ်စစရဲ့ချစ်သူ ပြောစမ်းပါဦး "

ဟိုအရင်က ယဥ်စမှာ ချစ်သူမရှိလေတော့ မေမေ မယုံကြည်နိုင်ဘူးဖြစ်နေမှာပါ။ ခုချိန်မှာတော့ ဘဝတစ်သက်တာ လက်တွဲရမည့်ချစ်သူရှိခဲ့ပြီ။ သူနှင့်သာ လက်တွဲပါရစေ။ ငြိမ်းချမ်းမြိုင်ရဲ့ ပြည့်စုံမှုတွေကို ယဥ်စမလိုချင်ပါ။ ချစ်သူ့ရင်ခွင်မှာသာ ယဥ်စ နေချင်ပါတယ်။

" ပြောလေ "



www.burmeseclassic.com

www.burmeseclassic.com



" ရွှေမိုးညိုပါ "

" ဘာ. . . ရွှေမိုးညို "

" ရွှေမိုးညို. . . "

အားလုံးရဲ့ နှုတ်ဖျားမှ တစ်ပြိုင်နက်တည်း ခေါ်လိုက်ကြပါရော။

" နင် နင် မဟုတ်တာမပြောပါနဲ့ ကိုညိုနဲ့ နင်နဲ့ ဘာမှမပတ်သက်ဘူး "

" ယဉ်စ နင်ရူးနေသလား "

အားလုံးက ဘယ်ယုံကြည်နိုင်ပါ့မလဲ။ ဘယ်သူ ဘယ်လိုထင်ထင်ပါလေ။ ယဉ်စကို မေမေ ဆွဲခေါ်လာပြီဆိုတာ သိပါရော။ အခန်းထဲရောက်ရင် ယဉ်စကို ရိုက်ချင်လည်း ရိုက်နိုင်တာပေါ့။ ရိုက်ချင်လည်းရိုက်။ တကယ်ပါ. . . ပြောရမည့်အတူတူ. . . ပြောလိုက်တာ အကောင်းဆုံးပါပဲ။

" ယဉ်စစ. . . ငါလက်နဲ့ရေးတာ. . . "

" တောင်းပန်ပါတယ် မေမေ. . . ရွှေမိုးညိုနဲ့ ယဉ်စ တကယ်ချစ်ကြတာပါ. . . "

" ရွှေမိုးညိုဟာ ဟေမာ့လူဆိုတာ နင်မသိဘူးလား မောင်မင်းသန့်နဲ့ပဲ လက်ထပ်ရမယ် "

" ဖြစ်နိုင်ဘူး မေမေ "

" မဖြစ်နိုင်ဘူး ဟုတ်လား မဖြစ်နိုင်ဘူး ကောင်းပြီ





မဖြစ်နိုင်ရင် နင်နဲ့ငါ ဘာမှမပတ်သက်တော့ဘူး. . . "

" မေမေ. . . "

မေမေထွက်သွားပါပြီ။

ယဉ်စ ဆုံးဖြတ်ပြီးနေပါပြီ။ မေမေ့ကိုချစ်ပေမယ့် ငြိမ်းချမ်းကို သံယောဇဉ်ရှိပေမယ့်. . . ငြိမ်းချမ်းမြိုင်ကို ခွဲခွာမှာပါ ချစ်သူရှိနေရာကိုသာ ယဉ်စသွားမည်။

✧ ✧ ✧ ✧ ✧

တကယ်စိတ်မကောင်းပါဘူး။

မေမေကလည်းစိတ်ဆိုးသွားပြီ။ ဟေမာလည်း ဘယ်လောက် စိတ်ဆိုးနေမလဲ။ ဒါပေမယ့် သူ့ကိုတော့ ယဉ်စ မစွန့်လွှတ်နိုင်ပါဘူး။ အချစ်ဆိုတာကို မေမေလည်း တွေ့ကြုံခံစားခဲ့ပြီးပါလျက်. . . ယဉ်စရဲ့ အချစ်တွေကို မေမေနားလည်ပေးသင့်ပါတယ်။

" အစ်မယဉ်စ. . . "

" ငြိမ်းချမ်း. . . အစ်မ ခရီးထွက်စရာရှိတယ် ရက်နည်းနည်းကြာမယ် ပုပုတို့ရှိတယ်နော် "

ယဉ်စဒီလိုပြောတော့ ငြိမ်းချမ်းက တွေတွေဝေဝေလေး ကြည့်နေပါတယ်။ သွက်လက်ချက်ချာစွာ ပြန်မပြော



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အားလုံးကို နားလည်တတ်နေပြီဆိုတော့ စိတ်မကောင်းဖြစ်သွားပုံရပါတယ်။ မျက်ရည်တွေ ဝေ့ဝဲလာပါရောလား။

ယဉ်စစိတ်မကောင်းစွာ ငြိမ်းချမ်းကိုဖက်ထားမိပါတယ်။

သံယောဇဉ်ဆိုတာ မျက်ရည်တွေကိုလည်း ပေးတတ်တာပါလား။ ငြိမ်းချမ်းကို ပျော်ရွှင်ချမ်းမြေ့စေချင်ပါတယ်ဆိုမှ ခုတော့ ငြိမ်းချမ်းစိတ်ထိခိုက်ရပါရော။

" မငိုရဘူးလေ ငြိမ်းချမ်း အစ်မ မြန်မြန်ပြန်လာမှာပါ"

" ယဉ်စ. . . ခဏလာပါဦး "

မေမေ လာခေါ်နေပြန်ပါရော။ ဘာတွေ ပြောဦးမလို့ပါလိမ့်။ ဒါကြောင့် ငြိမ်းချမ်းကိုထားခဲ့ပြီး မေမေခေါ်တဲ့ဆီလိုက်လာခဲ့ရပြန်ပါတယ်။ စိတ်မဆိုးပါနဲ့မေမေ။ ယဉ်စတောင်းပန်ပါတယ်. . . မေမေပျော်ရွှင်နိုင်တဲ့ ငြိမ်းချမ်းမြိုင်မှာ ယဉ်စ မပျော်ရွှင်နိုင်ပါဘူး. . .။

" မေမေတို့ စကားကောင်းကောင်း မပြောကြရအောင်"

" ယဉ်စ တောင်းပန်ပါတယ် "

" မရဘူးသမီး. . . ခုကိစ္စမှာတော့ မေမေ မလိုက်လျောနိုင်ဘူး. . . ရွှေမိုးညိုနဲ့ ဘယ်လိုမှ သဘောမတူဘူး "

" ဘာဖြစ်လို့လဲ မေမေ. . . သူနဲ့ယဉ်စ တကယ်ချစ်ကြတာပါ "

" ရွှေမိုးညိုကို သမီး လက်ထပ်ခဲ့ရင် အားလုံး





စိတ်မကောင်းဖြစ်ရမယ်. . . ကိုဇော် မောင်မင်းသန့် ဟေမာမေမေ. . . လေးယောက်စိတ်ထိခိုက်ပြီးမှရမယ့် ပျော်ရွှင်မှုကို သမီးယူမလား "

" ဘာဆိုင်လဲ မေမေရယ်. . . ဟေမာနဲ့သူ ဘာမှ မဆိုင်ပါဘူး. . . ဟေမာ့ချစ်သူကို ယဉ်စ လုယူခဲ့တာ မဟုတ်ပါဘူး. . . ဟေမာ့ဘက်ကသာ တစ်ဘက်သတ် "

" တစ်ဘက်သတ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်. . . ယဉ်စ. . . မေမေချော့ပြောနေတာနော်. . . "

" မဖြစ်နိုင်ပါဘူးမေမေ. . . မေမေ့ကို ယဉ်စချစ်တယ်။ ဒါကြောင့် မေမေ အိမ်ထောင်ပြုမယ်ဆိုတော့ ယဉ်စ နားလည်ပေးခဲ့ပါတယ်။ ယဉ်စ ဘယ်လိုမှမပျော်ရွှင်နိုင်တဲ့ ငြိမ်းချမ်းမြိုင်ကို ယဉ်စလိုက်လာခဲ့တယ်. . . ဟေမာတို့ပြောသမျှ သည်းခံခဲ့တယ်။ ခုတစ်ခါ ယဉ်စရဲ့ အိမ်ထောင်ရေးကို မေမေ နားလည်ပေးပါ "

" မရဘူး ယဉ်စ မရဘူး. . . "

မေမေကလည်း နားလည်မပေးပါလား။

ယဉ်စရွေ့ရေးကောင်းစားအောင်လို့ပါဆိုပြီး တတွတ်တွတ်ပြောနေပြန်ပါတယ်။ ငွေကြေး ပြည့်စုံနေတိုင်း ပျော်ရွှင်တာမှမဟုတ်ပဲ မေမေဆိုရင် ယဉ်စကို ဆူဦးတော့မယ်။ ယဉ်စကတော့ ချစ်သူနှင့်သာ နေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" သမီးကြောင့် အားလုံးစိတ်ဆင်းရဲရတယ် "

" ဘာဆိုင်လို့လဲ မေမေရယ်. . . "

" မောင်မင်းသန့်ခမျာ သမီးကိုချစ်တော့ မျှော်လင့်ချက်တွေနဲ့ ပျော်ရွှင်နေတာ "

" သမီး စာနာပေးနိုင်ပေမယ့် ပြန်မှမချစ်နိုင်တာ. . . ခွင့်လွှတ်ပါမေမေ. . . ယဥ်စ "

" ယဥ်စစ. . . ငါချော့မော့ပြောနေလည်း နားမဝင်ပါလား "

" သမီးဆုံးဖြတ်ပြီးနေပြီ "

" ကဲ ပြောစမ်းပါဦး. . . ဘာတွေဆုံးဖြတ်ပြီးနေပြီလဲ"

" သူ့ကိုပဲယဥ်စချစ်တယ် သူနဲ့ယဥ်စ လက်ထပ်မယ် "

ခွင့်လွှတ်ပါမေမေဆိုလည်း. . . မေမေစိတ်ဆိုးနေပြီဆိုတာ ယဥ်စသိပါတယ်။ ယဥ်စ ဘယ်လိုမှ မေမေ့ဆန္ဒကို မလိုက်လျောနိုင်တော့ပါဘူး။ သူ့ကို ယဥ်စချစ်တယ်. . .။

" ငါ့ကိုခွဲနိုင်ပြီပေါ့ ဟုတ်လား "

" မေမေ့မှာလည်း မေမေ့ချစ်သူရှိတာပဲ. . . ယဥ်စချစ်သူနဲ့ ယဥ်စနေပါရစေ. . . "

" ကောင်းပြီလေ ဒါဆို ငါ့ဝတ္တရားကုန်ပြီ ယဥ်စ. . . "

" သူနဲ့ယဥ်စကို မေမေသဘောတူမပေးနိုင်ဘူးလား "

" မပေးနိုင်ဘူး. . . အားလုံးကိုမျက်နှာဖျက်စေကဲ့





နင့်အချစ်ကို ငါက လိုက်လျောပေးရမလား တော်ပြီ. . . နင်လည်း နင့်သဘောကျနေတော့. . . "

ဒီလောက်ဆို ယဥ်စ နားလည်ပါပြီ။ ယဥ်စကို ခွင့်မလွှတ်ဘူးဆိုတာ စိတ်မကောင်းပါဘူးမေမေ. . . ဒါကြောင့်မို့ ယဥ်စ သွားမယ်လို့ပဲ နှုတ်ဆက်လိုက်ပါတယ်။ အခန်းထဲ ပြန်လာခဲ့ပြီး အဝတ်အစားတွေထဲက နင့်ကိုရရှိခဲ့တဲ့ အဝတ်လေးတွေ ပစ္စည်းလေးတွေကိုပဲ ကျောပိုးအိတ်လေးထဲ ထည့်လိုက်တယ်. . . ပစ္စည်းမက်မောတယ်လို့ အထင်မခံချင်။

ဟင် အပြင်မှာ မိုးတွေရွာနေပါလား။

ငြိမ်းချမ်းရော. . .

အခန်းထဲမှာ ငြိမ်းချမ်းမရှိ. . .

ယဥ်စရင်ထိတ်သွားရပြီ။

မေမေရုတ်တရက်လာခေါ်တာမို့ ငြိမ်းချမ်းငိုနေပါလျက် ခဏထားခဲ့ရတာ။ အခုမရှိတော့။ ငြိမ်းချမ်းက သူ့ဘီးလေးကို တွန်းပြီး သွားတတ်နေပါပြီ။ ဘယ်ထွက်သွားပါလိမ့်။

ချက်ချင်းဆိုသလို. . . အိမ်ထဲကို လိုက်ရှာရတယ် ဘယ်မှာမှမရှိ. . .။ ဒါကြောင့် မိုးတွေရွာပါလျက် မြို့ထဲကို ဆင်းခဲ့တဲ့အခါ. . .။

ရေကူးကန်ဘေးမှာ ဘီးတပ်ကုလားထိုင်လေးနဲ့ ငြိမ်းချမ်းဟာ မိုးရေတွေထဲ ငြိမ်သက်လို့. . . ကြေကွဲထိခိုက်စွာ



www.burmeseclassic.com

ပြေးလာခဲ့မိတယ်။

ငြိမ်းချမ်းရယ်. . .။

✧ ✧ ✧ ✧ ✧

" ငါ တစ်ချိန်လုံးစောင့်တယ်ဝါ သူရောက်မလာဘူး ရင်တွေအရမ်းပူရတယ်. . .

စောင့်နေကျ ဘတ်စ်ကားမှတ်တိုင်လေးမှာ စောင့်နေခဲ့ပေမယ့် ယဉ်စ ရောက်မလာ။ ဘယ်လိုအခက်အခဲတွေနှင့် ရင်ဆိုင်နေရသလဲ။ ချစ်သူရှေ့က မတ်မတ်ရပ်ပါမယ် ဆိုခဲ့ပေမယ့် တကယ်ရင်ဆိုင်ရတဲ့အခါမှာတော့ ချစ်သူ ဘယ်လိုစိတ်မကောင်း ဖြစ်နေမလဲပင် မသိရ. . .။

ရင်ထဲပူလောင်စွာ နေမရတော့. . . ဝါဝါ့ဆီရောက်လာခဲ့ပြန်ရော။

" ဝါလည်းမျှော်နေတာ. . . ယဉ်စ အရင်ဆို. . . မလာရင် အကျိုးအကြောင်း ဖုန်းဆက်တတ်ပါတယ် အခုဘာလို့ မဆက်ပါလိမ့်. . .

အပြင်မှာ မိုးသည်းနေတယ်။

ဘာတွေဖြစ်နေလဲ။

" သူ့ဆီ ဝါဖုန်းဆက်ကြည့်ရမလား "

❀ ရန်မိုင်ဦးစာစဉ် ❀



" အင်း. . . ဆက်ကြည့်မယ်လေ "

ဖုန်းဆက်နေတဲ့ အချိန်ခဏလေးတောင်မှ စောင့်ရတာ ရင်မောလှပါဘိ။

" ဖုန်းမကိုင်ဘူး မိုးညို "

" ဘာဖြစ်လို့ပါလိမ့် "

" သိပ်စိတ်မပူပါနဲ့မိုးညိုရယ်. . . ယဉ်စ စိတ်ကို ဝါသိတယ်။ ယဉ်စက ပြောပြီးရင် မရရအောင် ဆောင်ရွက်တတ်တာမျိုး. . . အခက်အခဲတွေကို ရှင်းနိုင်မှာပါ. . . "

ဝါဝါဘယ်လိုပြောပြော ရွှေမိုးညိုနေမရ. . . ဘာလုပ်ရမလဲဆိုတာပဲ ထပ်ခါထပ်ခါ စဉ်းစားနေမိပါတယ်. . .။

" ရင်အပူခံပြီး ထိုင်စောင့်မနေနိုင်ဘူးဝါဝါ. . . ငြိမ်းချမ်းမြို့ကို လိုက်သွားမယ် "

" ဖြစ်ပါ့မလား မိုးညို "

" ငြိမ်းချမ်းမြို့ကို ခဏခဏရောက်နေတာပါ "

" ဟို အရင်ရောက်တုန်းက ဟေမာ့သူငယ်ချင်း အနေနဲ့ရောက်တာလေ အခု ယဉ်စချစ်သူအနေနဲ့ သွားရမှာ. . . မတူဘူး "

" မတူကွာမှမတူ သွားကြည့်မယ်။ ဒီအတိုင်းတော့ မနေနိုင်ဘူး. . . ရင်ပူပြီး တမျှော်မျှော်နဲ့ ငါမနေနိုင်ဘူးဟာ သွားမယ်. . . "

❀ ရန်မိုင်ဦးစာစဉ် ❀

www.burmeseclassic.com

www.burmeseclassic.com



" ဝါလည်းလိုက်ခဲ့ရမလား "

" နေပါစေ. . . ငါနဲ့နင်အတူလာတော့ ယဉ်စအ
နင့်အပေါ် တစ်မျိုးမြင်နေပါမယ်. . . "

ဆုံးဖြတ်လိုက်ပြီ။

တစောင့်စောင့် မျှော်မနေနိုင်။ ချစ်သူရှိ
အရောက်သွားမည်။ ဖြစ်သမျှ ရင်ဆိုင်ကြရုံပေါ့။ ယဉ်
ချစ်ကြတာ ဘာအပြစ်ရှိသလဲ။ အမှန်အတိုင်းဝန်ခံ ရင်ဆို
ပေါ့။ ယဉ်စကတောင် ရင်ဆိုင်ရဲပုံဦးတော့မှာ။ ယဉ်စအတွ
ရှေ့ကနေမည့်လူက နောက်ဆုတ်နေရမှာလား။

မထူးပါဘူး။

လိုအပ်လာရင် ယဉ်စအမေကို ဖွင့်ပြော
ဖေဖေနှင့်မေမေ့ကို လာတောင်းခိုင်းပါရစေလို့ပြောခဲ့ရုံပါပဲ. .
သည်သို့ဆုံးဖြတ်ပြီးတဲ့အခါမှာ နည်းနည်းတော့ နေလို့
တယ်. . .။ အိမ်ပြန်ပြီး ကားယူနေရင် ကြာနေမှာမို့ အငှား
နဲ့ပဲ ထွက်လာခဲ့တာ။

မိုးက သည်းသည်းမရွာပေမယ့် စိတ်စိတ်ရွာလွန်
ဖြူဖွေးမှုန်မှိုင်းနေသလိုပါပဲ။

အခက်အခဲတစ်ခုခုမရှိပါပဲ ယဉ်စ မလာပဲ
တော်ကြာဆို ရောက်တော့မှာပဲလေဆို စိတ်ကို ဖြေလျှော့
ရပါတယ်. . .။

❀ ရန်ပိုင်ဦးစာပေ ❀



ငြိမ်းချမ်းမြိုင်ရဲ့ တံခါးဝ ရောက်ခဲ့ပြီ။ အိမ်ဆီကို ရောက်ဖို့ အတော်ကြီးလျှောက်ရဦးမှာ။

အိမ်ထဲမှာ ယဉ်စရှိပါ့မလား။

ရွှေမိုးညိုကိုမြင်ရင်တော့ ဟောမှာ့ဆီလာလည်တာများ ထင်လေမလား။ ယဉ်စနှင့်တွေ့ချင်ပါသည်ဆိုရင်. . .။ ယဉ်စကရော ဖွင့်ပြောပြီးပြီလား။

အတွေးမျိုးစုံနှင့် လျှောက်လာခဲ့မိတယ်။

အိမ်မကြီးကိုလှမ်းမြင်ရတဲ့အချိန်မှာ အိမ်ရှေ့တံခါးဝက ထွက်လာတဲ့ အရိပ်ကလေး။ အဲဒီ့ အပြာရောင် အရိပ်ကလေးဟာ ယဉ်စလို့ သေချာသိတယ်။ ချစ်သူကို တွေ့ရတော့ ဝမ်းသာအားရ လှမ်းခေါ်မည်ပြုစဉ် ပြေးထွက်သွားပါရော။

ယဉ်စ. . .။

ယဉ်စပြေးထွက်သွားရာဆီ လိုက်လာခဲ့မိပါတယ်. . . တွေ့ပါပြီ။ ရေကူးကန်ဆီ ယဉ်စသွားနေပါရောလား. . . မိုးရွာထဲ ထီးမပါဘူး။ ဘာတွေ သည်မျှအရေးကြီးနေပါလိမ့် ဆိုကာမှ ရေကူးတန်ဘောမှာ။

သည်ဘီးတပ်ကုလားထိုင်နှင့် ထိုင်နေသူဟာ ငြိမ်းချမ်းမှလွဲ၍ မည်သူမှမဖြစ်နိုင်။ ငြိမ်းချမ်းကလည်း မိုးရွာကြီးထဲမှာ ယဉ်စကလည်း ငြိမ်းချမ်းရှိရာ မိုးရွာထဲ ပြေးနေလေရဲ့။

သည်အခိုက်. . .

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးညို မျက်ဝန်းတွေတောင် ပြာသွားပြီ။

ယဥ်စ ယဥ်စ. . . ဟိုမှာ ဟိုမှာ. . .။

✧ ✧ ✧ ✧ ✧

ငြိမ်းချမ်းလေး. . .

သိပ်ကိုကြေကွဲနေရပြီ မိုးရွာထဲမှာ ထိုင်ငိုနေပြီပေါ့. . .။

ငြိမ်းချမ်းကို ချော့ချင်စိတ်နှင့် မိုးရွာထဲပြေးလာခဲ့တာ ငြိမ်းချမ်းဆီ မရောက်သေးပါဘူး။ ဒါပေမယ့် ယဥ်စရဲ့မျက်ဝန်းထဲမှာ ရိုပ်ခနဲပြေးဝင်လာနေသော အညိုရောင် အရိပ်တစ်ရိပ်ကို ပိပိပြင်ပြင် တွေ့နေရပြီ။

ဘရောင်နီ. . . ဘရောင်နီ ပြေးလာနေပါလားဆိုတဲ့ အသိဟာ ယဥ်စရဲ့ နှလုံးသွေးတွေ ပင် ရပ်ဆိုင်းသွားပြီလား မှတ်ရပါတယ်။

**ယဥ်စရဲ့ အစိတ်စိတ်အမြွာမြွာဖြစ်နေသော အကျီအနီလေးနှယ်. . . ယဥ်စကို ကိုက်ခဲတော့မလား. . .။**

**နေရာမှာရပ်နေမိပြီ။**

မျက်ဝန်းတွေကတော့ ပြေးလာနေပြီဖြစ်သော ဘရောင်နီကိုသာ အံ့ဩတကြီး အထိတ်တလန့်ကြည့်နေမိပါပေါ့။

ဘုရား ဘုရား. . .





ကြောက်စိတ်ဟာ ယဥ်စ မျက်ဝန်းတွေကို ကန်းစေတော့မှာလား. . .။

ဘရောင်နီ မရောက်လာခင်မှာ ယဥ်စဆီကို ပြေးလွှားလာနေသော အဝါရောင်ဂါဝန်ရှည်လေး တလွင့်လွင့်ကိုလည်း ယဥ်စ မင်သက်စွာ ကြည့်နေမိသလို. . .။

"ယဥ်စ. . ."

ချစ်သူသံစဥ်။

နှလုံးသည်းပွတ်မှ မေ့နိုင်စွမ်းမရှိသော ချစ်သူသံစဥ် ယဥ်စကို ဖက်ထားလိုက်ပြီး တာကွယ်ပေးလိုက်သော အရှိန်နှစ်ခုကြောင့် ယဥ်စ မြေပေါ်မှာ ယိုင်လဲလိမ့်ထွက်သွားတာ သိလိုက်ပါသည်။ ဘရောင်နီရဲ့ ကိုက်ခဲမာန်ဖီသံ၊ ဘရောင်နီ ဘရောင်နီ ဆိုသော ခေါ်သံတွေ။

ရုတ်တရက်တော့ ယဥ်စ မျက်ဝန်းတွေ စုံမှိတ်လို့ ရှိုက်ငိုနေမိပါပေါ့. . .။

"ယဥ်စ ယဥ်စ မငိုနဲ့လေ မငိုနဲ့. . .။

ချစ်သူရင်ခွင်ပါလား။

ပြီးတော့ ပြီးတော့ ယဥ်စကို ပွေ့ဖက်ထားသော လက်တစ်စုံနှင့် စိုးရိမ်မျက်ဝန်းတွေကို အမြင်မှာ။

"ငြိမ်းချမ်း. . ."

ငြိမ်းချမ်းဟာ ယဥ်စကို ဖက်ထားရအောင်. . .။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရဲ့ တုလားထိုင်လေးက ခပ်လှမ်းလှမ်းမှာ ကျန်နေခဲ့ပါရောလား...။

" သားကြီး ရွှေမိုးညိုလက်မှာ ဒါဏ်ရာရသွားပြီ ဆေးထည့်ရအောင်..."

အန်ကယ်လ်ဇော့အသံကြားမှ ထိတ်လန့်စွာ ကြည့်မိတယ်၊ ဘရောင်နီကိုက်ထားလို့ သူ့လက်ဖျံမှာဒါဏ်ရာ ရသွားပါရောလား။

" သမီးလေးငြိမ်းချမ်း ဒီကိုပြေးလာတယ်နော်..."

အန်ကယ်လ်ဇော်တို့လည်း ငြိမ်းချမ်းကိုကြည့်ပြီး အံ့သြနေကြရပြီ၊ ယဉ်စအတွက်တော့ ထိတ်လန့်တုန်လှုပ် ရခြင်းကြားမှာ ကြည်နူးရသော ပီတိတွေဟာ မျက်ရည်တွေ အဖြစ်သာ ကျနေဆဲပါ။

ယဉ်စကို ချစ်ကြတယ်။

ငြိမ်းချမ်းဆီက ပြန်ရတဲ့ ချစ်မေတ္တာကရော နည်းသလား၊ ယဉ်စရဲ့ချစ်သူကလည်း ယဉ်စကိုအသက်ပေး ချစ်တယ်၊ ယဉ်စရှေ့က တကယ့်ကို မားမားမတ်မတ်ရပ်ခဲ့တယ်။

" ဒက်ဒီ ဒက်ဒီ့သမီး ဘရောင်နီ့ကို တမင်လွှတ် လိုက်တာနေမှာ... ဘရောင်နီ့ကို ယဉ်စအကျီကို ကိုက်ခိုင်း ထားတာ... ဘရောင်နီက ယဉ်စအနံ့ကိုမှတ်မိနေပြီး ကိုက်အောင် တမင်စီစဉ်တာ..."





"မောင်မင်းသန့်... မဟုတ်တာကွယ်... ဟောမာ မင်းညီမလေးပါ... အားလုံး အမုန်းမပွားတာ ကောင်းပါတယ်

မေမေတော့ ငြိမ်းချမ်းမြိုင်မှာ ခုထိ အချစ်တွေ များစေချင်တုန်းလား၊ ယဉ်စကတော့ ငြိမ်းချမ်းမြိုင် ထွက်ခွာချင်သူမို့လား၊ ဟောမာ့အမုန်းကိုလည်း စိတ် စိတ်ကုန်သွားပါပြီ၊ ဟောမာ့စိတ်မှာ ယဉ်စအပေါ် ဘယ်တော့ ခွင့်လွှတ်လာနိုင်စရာလည်း အကြောင်းမရှိပါ။

ကြေကွဲထိတ်လန့်ရခြင်းတွေရဲ့ကြားမှာ ငြိမ်းချ လမ်းလျှောက်နိုင်သွားတာလေးတစ်ခုအတွက်တော့ အား ဝမ်းသာသွားကြရပါတယ်။

ဒါပေမယ့်။

အစ်မယဉ်စ မသွားနဲ့ဆို အတင်းဖက်ထားပြီး ဘယ်လို လက်မလွှတ်တဲ့အခါမှာတော့ ယဉ်စ စိတ်မကောင်းပါဘူး။

" ငြိမ်းချမ်း မငိုပါနဲ့... ယဉ်စအပေါ် ငြိမ်းချ ဘယ်လောက်ချစ်တယ်ဆိုတာ ယဉ်စသိပြီ... ယဉ်စ အန္တရာယ်ရှိတဲ့အချိန် ရှေ့ကရပ်ပေးချင်တဲ့ ခံစားမှု ရင်ထဲကလာတဲ့ချစ်ခြင်းကြောင့်ဆိုတာ ယဉ်စသိပြီ..."

ငြိမ်းချမ်းကိုလည်း ခွဲခွာထားရစ်ရမှာမပြုံးရက်။

သူ...။ ယဉ်စရှေ့မှာ မတ်မတ်ရပ်ခဲ့တယ် တက သူ့လက်မှာရတဲ့ဒါဏ်ရာ မနည်းပါဘူး၊ အချက်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ယူရမှာ။ သူနာကျင်ရခြင်းက ယဉ်စလည်း ထပ်တူညီ နာကျင်ရသလိုပါပဲ ယဉ်စအတွက် သူလည်း ရှေ့ကရပ်ခဲ့ရိုတာ။ သူ့အချစ်ကို ယဉ်စတွေ့ရဖို့လည်း ကြည်နူးရမြန်ပါရော. . .။

"ယဉ်စကို ဖွန်တော် လက်ထပ်ပါရစေ. . .

အန်ကယ်လ်နဲ့ အန်တီ့ဆီမှာ ဖေဖေနဲ့မေမေခေါ်ပြီး လာတောင်း ခွင့်ပြုပါ. . ."

သူကတော့ ခပ်အေးအေးဖုံ့မှန်ပဲ ရိုရိုသေသေ ပြောတာပါ။

မေမေကတော့ ရင်ထဲဘယ်သို့ရှိသည်မသိ ဘာမှ အုံ့နှန်မပြေ။

ယဉ်စမှာသာ ငြိမ်းချမ်းကိုလည်း ပွေ့ထားရသေး။ သူ့ဘေးကလည်း မခွာနိုင်။ သူ့ဒါဏ်ရာတွေအတွက် သိခိုက်ကြေကွဲခြင်းလည်း ရှိသေး။

"ယဉ်စအပေါ် ရွှေမိုးညို မေတ္တာစစ်နဲ့ချစ်တာပဲလေ မိဘဝတ္တရားအတိုင်း ဖြစ်သင့်ပါတယ်. . . နွယ် ခွင့်ပြုလိုက်ပါ"

အန်ကယ်လ်ဖော်ကတော့ ခွင့်ပြုလိုက်ပါတဲ့။

မေမေကတော့ ငြိမ်သက်ဆဲ။

"သူ. . . အရမ်းနာနေလား. . . အိမ်ပြန် နားချင် နားလိုက်ပါလား. . . ဆောက်ကြာ ဒါဏ်ရာကြောင့်ရော မိုးမိတာ ရောနဲ့ ဖျားနေမယ်. . . ပြန်တော့နော်. . . ယဉ်စကိုစိတ်ချပါ





သူတော့ခ်မှ ယဉ်စရှေ့မှာရှိရင်. . . သူနောက်လှည့်ကြည့်တဲ့ အခါ ယဉ်စရှိနေစေရပါမယ်. . ."

အဲဒါ ချစ်ခြင်း ကတိပါပဲ။

ယဉ်စကိုချစ်လို့ သူနှင့်ငြိမ်းချမ်း ဖြတ်သန်းခဲ့ကြရပြီ သူတို့နှစ်ယောက် စိတ်ချမ်းသာရအောင် ယဉ်စကြိုးစားမယ် ဟောမှာ့အမုန်းကိုလည်း ယဉ်စ စိတ်ဖျက်ထိတ်လန့်သွားပြီ ငြိမ်းချမ်းမြိုင်က ယဉ်စ ထွက်ခွာခဲ့ရင် ငြိမ်းချမ်းစိတ်ထိခိုက်ရမှာ ဒါပေမယ့် ငြိမ်းချမ်းဆီမှာ အရောက်လာနိုင်စွမ်းသော ခြေလှမ်းတွေကို ပိုင်ဆိုင်နေပါပြီ။

"ယဉ်စကိုချစ်တဲ့ သူနဲ့ငြိမ်းချမ်းကို စိတ်ချမ်းသာ စေရပါမယ်. . ."

မေမေလည်း ယဉ်စကိုချစ်တယ် မဟုတ်လား။

သူတို့တောင် ယဉ်စကို ချစ်ကြသေးတာ။

မေမေက ပိုလို့တောင် ချစ်သင့်ပါသေးတယ်။

ယဉ်စချစ်တဲ့သူ့ဆီ လှမ်းသွားတော့မည့် ယဉ်စရဲ့ ခြေလှမ်းတွေအပေါ် နားလည်ပေးပါတော့နော်. . .

သူ. . .

နောက်ကိုအမြင့်ကြည့်ပါ။

ယဉ်စရှိနေစေရမယ်။

✧ ✧ ✧ ✧ ✧



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်တွေအောက်ကနေ ထွက်ပေါ်နေတဲ့ နေခြည်ဟာ တောက်ပလွန်းနေသလိုပါပဲ။ သိပ်မကြာခင်မှာ အဲဒီ နေခြည်ကွယ်ပျောက်ပြီး မိုးတွေလည်း ရွာလာနိုင်တာပဲလေ။ ဒါပေမယ့် မိုးရွာချင်ရွာ နေပူချင်ပူ ချစ်သူ့ရင်ခွင်မှာ ယဉ်စရှိနေခဲ့ပါပြီ။ မေမေက ယဉ်စကို ဘာမှမပြောတော့ပါဘူး။

" သူ့ကိုယဉ်စချစ်တယ် "

သည်အခါမှာ သူပြုံးနေတယ်။

အဲဒီအပြုံးမှာ ယဉ်စကြည်နူးချမ်းမြေ့တတ်နေပါပြီ။ သူက ယဉ်စကို အသက်နှင့်ထပ်တူချစ်ကြောင်း ယဉ်စသိခဲ့ပြီပဲ။

" ချစ်ပါဗျာ များများချစ်ပါ ယဉ်စကများများချစ်လေ ပျော်ရွှင်ချမ်းမြေ့ရလေပေါ့. . . "

နေခြည်က ခုတော့ မိုးတိမ်အောက်မှာ ကွယ်ပျောက်သွားပြန်ပါရော။ မိုးလေတွေ ခပ်ပြင်းပြင်း တိုက်နေတယ်။ မိုးရွာဦးတော့မည်။

" မိုးရွာတော့မယ် "

" ရွာပါစေပေါ့ သူ့ရှိတာပဲ "

" တကယ်လား "

" တကယ်. . . သူ့ရှိရင် မိုးရွာလည်းရတယ် နေပူလည်းရတယ် "

" ယဉ်စ အပြောကောင်း "





" တကယ်ပြောတာ. . . "

မိုးမှုန်တွေကျလာပြီ။ သူကထီးဖွင့်တဲ့အခါ ယဉ်စအတင်းလိုက်လုပြီး ပိတ်နေမိတယ်။ ချစ်သူနှင့်အတူ မိုးတွေထဲ လျှောက်ရတာလောက် ပျော်စရာကောင်းတာ ဘယ်မှာရှိမတဲ့လဲ။ သူကထီးဖွင့် ယဉ်စကလိုက်ပိတ်နဲ့ သိပ်ပျော်မိတယ်။

" အား "

" ဟင် ဘာဖြစ်တာလဲ ဘာဖြစ်လဲသူ "

" ယဉ်စက ထီးကိုအတင်းလုပိတ်တာကိုး. . . ဖနာကိုထိသွားတာပေါ့ မိုးမိလို့မဖြစ်သေးဘူး မယဉ်စရဲ့. . . ဘရောင်နီ့လက်ဆောင် ကောင်းတောင်း မကျက်သေးဘူး "

" ဟုတ်သားပဲ. . . ယဉ်စမေ့လို့ပါ. . . ယဉ်စကြောင့် ဖြစ်ရတာ "

" ယဉ်စကြောင့်. . . အချစ်ဒဏ်ရာလေးပါဗျာ နာစမ်းပါစေ. . . "

ယဉ်စ မျက်စောင်းထိုးတဲ့အခါ သူရယ်နေတယ်။ တကယ်လည်း အချစ်ဒဏ်ရာတော့ ဟုတ်ပါရဲ့. . . ဒါပေမယ့် သူ့ရဲ့နာကျင်မှုမှာ ယဉ်စလည်း ထပ်တူညီခံစားရတာပါပဲ. . .

" အခုဆို ငြိမ်းချမ်းလေး လမ်းလျှောက်နေပြီ. . . မိသားစုအပေါ်လည်း ခင်မင်နွေးထွေးစွာ ဆက်ဆံနေပြီ. . . တစ်လနှစ်လလောက် ငြိမ်းချမ်းနေသားကျရင် သူ့ရဲ့ယဉ်စ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြတာပေါ့. . . ”

မောမာကတော့ ယုဇနတို့ရှိရာ နိုင်ငံခြားကို လိုက်သွားမယ်ဆိုတာ သူ့ကို မပြောပြမနေတော့ပါဘူး။ တစ်ယောက်တည်းက ချစ်ရတဲ့အချစ်ရဲ့ ပင်ပန်းမှုကို ယဥ်စ စာနာစွာ နားလည်ပေးခဲ့ပြီပဲ. . .။ အချစ်ဆိုတာ အပြန်အလှန်ချစ်ခြင်းတွေရှိမှသာ အပျော်ရွှင်ရဆုံးအခြေအနေတွေကို ရနိုင်တာပဲလေ။ သူကလည်းယဥ်စကိုချစ်တယ် ယဥ်စကလည်း သူ့ကိုချစ်တယ်. . .။

မိုးသည်းသည်းမှာ အတူလျှောက်ခဲ့ကြတယ်။

“ ခုတော့လည်း မိုးတွေသည်းလို့ ခုနက နေပူခဲ့တယ်ဆိုတာ မဟုတ်သလိုပါပဲ ”

“ နေပူပူမိုးရွာရွာ မောင်ရှိရင်ဖြစ်တယ်ဆို ”

“ အမယ်. . . သူရှိရင် ဖြစ်တယ်ပဲပြောတာပါ. . . ”

ရှေ့မှာရှိသည့် လမ်းကလေးက တွေတွေ့စိုက်ဝိုက်။ မိုးသက်လေကြောင့် သစ်ရွက်တွေက တငြိမ့်ငြိမ့် ယိမ်းထိုးလှုပ်ရှားနေပါတယ်။ ချစ်သူမိုးပေးသော ထီးရိပ်မှာ ယဥ်စဘတော့ မိုးသည်းတာကိုလည်း မမှုပေါင်။

“ ဘ ခရီးတလျှောက်မှာလည်း နေပူမိုးရွာဆိုသလို အခြေအနေအမျိုးမျိုး ကြုံရနိုင်တယ်နော် သူ. . . ”

“ အတွေးတွေ သိမ်မျှားနေပါရော့လား ယဥ်စရဲ့. . . ”





“ ဟုတ်တယ် သူ့လက်ကိုတွဲပြီး ရဲရဲလိုက်ခဲ့မှာပါ. . . နေပူမိုးရွာ အားလုံးအတူရင်ဆိုင်မယ်. . . ”

“ ယုံပါတယ် ယဥ်စရယ်. . . ”

အချစ်က ယဥ်စကို ရဲဝံ့စေပြီလား။

ရေစိုနေတဲ့ ငှက်ကလေးနှစ်ကောင်ကို မြင်တော့လည်း ယဥ်စကြည်နူးစွာ ပြုံးရတယ်။ မိုးသက်လေကြောင့် ပိတောက်ရွက်တွေ လှုပ်ခတ်နေတာမြင်တော့လည်း ကြည်နူးစွာပြုံးရတယ်။ တွေ့သမျှ ကြည်နူးချမ်းမြေ့စရာတွေကြီးပါပဲ။

“ သူသာ ထာဝရ ယဥ်စအနားမှာနေပါ အရာခပ်သိမ်းလှပနေမှာပါပဲ. . . ”

အချစ်က မိုးပေါက်တွေကိုလည်း လှပစေတယ်။

အချစ်က ကောင်းကင်ကြီးကိုလည်း လှပစေတယ်။

အချစ်က သစ်ရွက်တွေကိုလည်း လှပစေတယ်. . .။

ယဥ်စရင်ထဲကို လှပသောအရာအားလုံး. . . အချစ်က ဖန်ဆင်းပေးခဲ့တယ်ဆိုမှတော့. . .

မိုးရွာနေပူ ချစ်သူ အနားမှာ နေပါနော်. . .။

သိပ်ချစ်တယ်. . .။

ခိုင်ဇင်ဆက်



www.burmeseclassic.com